ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ ဝါဆိုလဆန်း ၃ ရက်၊ သောကြာနေ့ (8-7-2005) (၄၆၅၀)

တွေ့ဆုံနှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်စီကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ် ဥက္ကဋ္ဌ မစ္စတာလျူဘင်း ယူနန်ပြည်နယ် ကူမင်းမြို့ရှိ Expo Garden Hotel သို့ လာရောက်၍ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ် (ယာပုံ) နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ World Horti Expo Garden အတွင်း Stone Hall၌ လူနှင့် ပတ်ဝန်းကျင်သဘာဝအခြေအနေတို့ ပူးပေါင်း ဖြစ်ထွန်းနေသည့် ထူးဆန်းသော သဘာဝကျောက်တုံးရေတံခွန်နှင့် ပန်းပြကွင်း တို့ကို ကြည့်ရှုလေ့လာစဉ်။ (အောက်ပုံ) (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတကာနယ်ပယ်၌သာမက နှစ်နိုင်ငံစီးပွားရေး အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိ ကွမ်စီကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့်လည်း လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားနိုင်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း

မြန်မာကုန်သည်များ နန်နင်းကုန်စည်ပြပွဲသို့ လာရောက်နိုင်ရေး ဖိတ်ကြား

ကွမ်စီကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ် ဥက္ကဋ္ဌ မစ္စတာလျူဘင်း

ရန်ကုန် ဇူလိုင် ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်စီကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ် ဥက္ကဋ္ဌ မစ္စတာလျူဘင်းသည် ဇူလိုင် ၄ ရက် မနက်ပိုင်းတွင် ၁၂နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ရှိ Expo GardenHotel သို့လာရောက်ဂါရဝပြုတွေ့ဆုံသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❁

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၈-၇-၂၀၀၅ (သောကြာနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လူမှုရေးနှင့်ပတ်ဝန်းကျင် ထိန်းသိမ်းရေးရှေးရှု နယ်ပယ်ကဏ္ဍအလိုက် ခိုင်မာဖြစ်ထွန်းရေးကြိုးပမ်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ ဇူလိုင်လ ၅ ရက်နေ့က ကျင်းပသည့် ဒုတိယအကြိမ် မဟာမဲခေါင်ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံတို့မှ ဝန်ကြီးချုပ်များနှင့်အတူ ဒုတိယအကြိမ် မဟာမဲခေါင်ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အဆိုပါဒုတိယအကြိမ် မဟာမဲခေါင်ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ သက်ဆိုင်ရာနိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများလည်း တက်ရောက်ခဲ့ကြသည်။

မဟာမဲခေါင်ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေးတွင် သက်ဆိုင်ရာနိုင်ငံအကြီးအကဲများက အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးတို့တွင် မဲခေါင်ဒေသနိုင်ငံများအတွက် သဘောတူညီထားသည့် အခြေခံ သဘောတရား၊ ဒေသတွင်းနိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ရမည့် အခြေခံအဆောက်အအုံဆိုင်ရာလုပ်ငန်းများ၊ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်နယ်ပယ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝအရင်းအမြစ်များ စုစည်းခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့် ဆောင်ရွက်ရေးများနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားကြသည်။

အဆိုပါထိပ်သီးအစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး စိုးဝင်းက ဆွေးနွေးပြောကြားရာ၌ **လူမှုရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုသည် မရှိမဖြစ် လိုအပ်ပါကြောင်း၊ မိမိတို့၏ သဘောတူညီမှု သဘောထားပြောမှု အနာဂတ်မျှော်မှန်းချက်များသည် လက်တွေ့ဖြစ်ပေါ်လာရေးအတွက် ဆက်လက်၍ မိမိတို့သည် အဆိုပါနယ်ပယ်များတွင် ပိုမိုခိုင်မာစေရန် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ရည်မှန်းချက်ပန်းတိုင်များသို့ အရောက်လှမ်းနိုင်စေမည့် ဝန်းကျင်ကို မိမိတို့အတူလက်တွဲဖန်တီးကြပါစို့**ဟူ၍ ရှင်းလင်းပြောကြားသွားသည်။

မဲခေါင်ဒေသတွင်းနိုင်ငံများသည်သဘာဝအရင်းအမြစ်များပေါကြွယ်ဝပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် အခွင့်အလမ်းကောင်းများ ပိုင်ဆိုင်လျက်ရှိကြောင်း တွေ့ရသည်။ မဲခေါင်ဒေသခွဲစီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ကို ၁၉၉၂ ခုနှစ်တွင် ဒေသတွင်းခြောက်နိုင်ငံ ဖြစ်သည့် ကမ္ဘောဒီးယား၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအို၊ မြန်မာ၊ ထိုင်းနှင့်ဗီယက်နမ်နိုင်ငံတို့၏ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်စေရေး ရည်ရွယ်ချက်များဖြင့် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

မဲခေါင်ဒေသတွင်း၌ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆင်းရဲနွမ်းပါးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်ဟူသည့် စိန်ခေါ်မှုများကို ကျော်လွှားကြရမည်ဖြစ်သည်။ ယင်းသို့သော စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးတွင် လူသားနှင့်အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်တိုးမြှင့်ရေး၌ ပိုမိုကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ပေသည်။

ဒုတိယအကြိမ် မဟာမဲခေါင်ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေးအပြီးတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ အစိုးရတို့၏ကိုယ်စား သဘောတူညီချက်များ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် မဲခေါင်ဒေသတွင်း လူနှင့်ကုန်စည်များ နယ်စပ်ဖြတ်ကျော်ပို့ဆောင်မှု လွယ်ကူချောမွေ့စေရေး မူဘောင်သဘောတူစာချုပ်၏ နောက်ဆက်တွဲနှင့် အခြေပြစာချုပ်ငယ်လေးခု၊ မဟာမဲခေါင်ဒေသအတွင်း တိရစ္ဆာန်ကူးစက်ရောဂါ ထိန်းသိမ်းကာကွယ်ခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာလွှာ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ လျှပ်စစ်ဓာတ်အား၊ ကုန်သွယ်မှုသဘောတူစာချုပ် ပူးပေါင်းဆောင်ရွက်ရေး လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက်များဆိုင်ရာ နားလည်မှုစာလွှာတို့ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။

သို့ဖြစ်ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့သည့် ဒုတိယအကြိမ် မဟာမဲခေါင်ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေးသည် ဒေသတွင်း အဖွဲ့ဝင်နိုင်ငံများအကြား နားလည်မှု၊ နှစ်ဦးနှစ်ဖက် အပြန်အလှန် ယုံကြည်ပူးပေါင်းမှုများဖြင့် လူမှုရေးနှင့်ပတ်ဝန်းကျင် ထိန်းသိမ်းရေးကို ရှေးရှု၍ သက်ဆိုင်ရာနယ်ပယ်ကဏ္ဍအလိုက် ပိုမိုခိုင်မာစေရေး ကြိုးပမ်းဆောင်ရွက်သွားနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ဂူဂျာရတ်ပြည်နယ် ရေဘေးကယ်ဆယ်ရေး ဆောင်ရွက်ရန် ပြည်နယ်အစိုးရထံ ဗဟိုအစိုးရက ဒေါ်လာ ၁၁၅ သန်း ကူညီမည်

နယူးဒေလီ ဇူလိုင် ၆

အိန္ဒိယနိုင်ငံ ဂူဂျာရတ်ပြည်နယ်တွင် ရက်သတ္တပတ်ကြာ မိုးသည်းထန်ခဲ့သည်။ ယခုအခါ ပြည်နယ်တွင်း၌ မိုးရေကြီးမှု ရပ်တန့်သွားပြီဖြစ်၍ ကယ်ဆယ်ရေးလုပ်ငန်းကို တနင်္လာနေ့မှ စတင်ကာ ဆောင်ရွက်နေကြသည်။

မိုးသည်းထန်စွာ ရွာသွန်းခဲ့သည့်အတွက် ပြည်သူ ၁၅၀ ကျော်သေဆုံးပြီး၊ လူလေးသိန်းခန့်အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။

မိုးရေကြီးမှုကို ခံခဲ့ရသော ဒေသများတွင် ပျက်စီးခဲ့ရသော ဆက်သွယ်ရေး လုပ်ငန်းများမှာ မိုးရွာသွန်းမှု ရပ်တန့်သည့်အတွက် ပြင်ဆင်မှုများပြုလုပ်ခဲ့ရာ ယခုအခါ ဆက်သွယ်ရေးလုပ်ငန်းများကို ပြန်လည်ပြင်ဆင် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း ပြည်နယ်ဝန်ကြီးချုပ်၏ အတွင်းဝန် ဟာရှမှုအက်ဒ်ဟီရာက ပြောကြားသည်။ ဂူဂျာရတ်ပြည်နယ်ဝန်ကြီးချုပ်မှာ နာရင်ဒရာမိုဒီဖြစ်သည်။

မျက်မှောက်အခြေအနေတွင်ရာသီဥတုဒဏ်ကို ခံခဲ့ရသော ပြည်သူများအတွက် ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်ရန် ပြည်နယ်အစိုးရထံသို့ ဗဟိုအစိုးရက အမေရိကန် ဒေါ်လာ ၁၁၅ သန်း ကူညီမည်ဖြစ်ကြောင်း ကြေညာသည်။

ပြည်နယ်အစိုးရသည် ၎င်း၏ ဘဏ္ဍာငွေမှ အမေရိကန်ဒေါ်လာသန်း ၆၀ ကိုကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်ရန် စိုက်ထုတ်ကျခံခဲ့သည်။ ဗဟိုအစိုးရက ကယ်ဆယ်ရေး ခွင့်ပြုငွေထပ်မံချပေးသည့်အတွက် ပြည်နယ်အစိုးရအနေဖြင့် ဒုက္ခရောက်သူများကို ပိုမိုကူညီနိုင်မည် ဖြစ်သည်။

အဆိုပါ ရာသီဥတုဒဏ်ကို ခံခဲ့ရသောဒေသများသို့ အရန်ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိလာပြီး ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်နည်းတူ အိန္ဒိယစစ်ဘက် တပ်ဖွဲ့များသည်လည်း အဆိုပါ ကယ်ဆယ်ရေး လုပ်ငန်းတွင်ရှေ့တန်းမှပါဝင်ဆောင်ရွက်လျက်ရှိသည်။ ဂူဂျာရတ်ပြည်နယ်သည် အိန္ဒိယနိုင်ငံ စက်မှုလုပ်ငန်း၏ ဒုတိယ အရေးပါဆုံး နေရာတွင်ရှိပြီး ရက်သတ္တပတ်ကြာ မိုးသည်းထန်မှုကြောင့် လုပ်ငန်းများ ကြီးမားစွာ ဆုံးရှုံးရသည်။

အမ်အင်အေ၊ဆင်ဟွာ။

လန်ဒန်တွင် ဗုံးပေါက်ကွဲမှုများ ဖြစ်ပွား

လန်ဒန် ဇူလိုင် ၇

ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင် ဇူလိုင် ၇ ရက်(ကြာသပတေးနေ့)နံနက်ပိုင်းက ဗုံးခြောက်လုံးခန့်သည် တစ်ချိန်တည်း တစ်ပြိုင်တည်းနီးပါး ပေါက်ကွဲရာ လူ ၃၃ ဦး သေဆုံးပြီး လူ ၃၀၀ ကျော် ဒဏ်ရာရရှိကာ ၄၅ ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ပေါက်ကွဲသည့်နေရာ

ဗုံးပေါက်ကွဲသည့်နေရာများမှာ ကင်းခရော့စ်နှင့် ရက်စ်ဆဲလ်ရင်ပြင်ကြား မြေအောက်ဘူတာရုံ၊ လီဗာပူးလမ်း မြေအောက်ဘူတာရုံ၊ အက်ဒ်ဝဲယားလမ်း မြေအောက်ဘူတာရုံနှင့် တာဗီစတောဒ်ရင်ပြင်အနီး ရပ်ထားသော နှစ်ထပ်ဘတ်စ်ကားပေါ်တို့တွင်ဖြစ်သည်။

ပေါက်ကွဲချိန်

ဗုံးများစတင်ပေါက်ကွဲချိန်မှာ ဒေသစံတော်ချိန် နံနက် ၈ နာရီ ၅၆ မိနစ်ဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။ ဂျီ-၈ ထိပ်သီးဆွေးနွေးပွဲကို စကော့တလန်ပြည်နယ်တွင်ကျင်းပလျက်ရှိစဉ် ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားခြင်းဖြစ်သည်။

အင်တာနက်။

အိဒ်စ်ရောဂါတိုက်ဖျက်ရေး လူတိုင်း ပူးပေါင်းဆောင်ရွက် နိုင်ငံတကာ နှီးနှောဖလှယ်ပွဲတွင် ကြေညာချက်ထုတ်ပြန်

ကိုဘေး ဇူလိုင် ၆

အာရှတိုက်တွင်ခုခံအားကျဆင်းမှု ကူးစက်ရောဂါ(အိဒ်စ်)တိုက်ဖျက်ရေး လုပ်ငန်းတွင် လူတိုင်း ပူးပေါင်းဆောင်ရွက်မှုပြုလုပ်ခြင်း မရှိပါက အိဒ်စ်ရောဂါ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်မည်မဟုတ်ကြောင်း သတ္တမအကြိမ် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ နိုင်ငံတကာအိဒ်စ်ညီလာခံ၏ နှီးနှောဖလှယ်ပွဲတွင်စစ်ရပ်တွင်တနင်္ဂနွေနေ့ကထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်၌ ဖော်ပြထားသည်။

အမည်ပေး

အိဒ်စ်ရောဂါ တိုက်ဖျက်ရေး သုံးပွင့်ဆိုင် ပူးပေါင်းလှုပ်ရှားရေးဟူ၍ အမည်ပေးထားသော နှီးနှောဖလှယ်ပွဲတွင် အလှူရှင်နိုင်ငံများ၊အရပ်ဘက်အဖွဲ့အစည်းများနှင့်ကုလသမဂ္ဂတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ဂျပန်နိုင်ငံ အနောက်ပိုင်း ကိုဘေးမြို့တွင်ကျင်းပသည့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ နိုင်ငံတကာအိဒ်စ်ညီလာခံ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် အဆိုပါ နှီးနှောဖလှယ်ပွဲကို ကျင်းပခြင်း ဖြစ်သည်။

တိုက်ဖျက်

အိဒ်စ်ရောဂါတိုက်ဖျက်ရေးလုပ်ငန်းအတွက် နိုင်ငံတိုင်းတွင် နိုင်ငံတော်အဆင့် အိဒ်စ်တိုက်ဖျက်ရေး အခြေခံ မူဘောင်ချမှတ်ရေး၊ အမျိုးသားအိဒ်စ်ဆိုင်ရာ အာဏာပိုင်အဖွဲ့ထူထောင်ရေး၊ အိဒ်စ်ရောဂါအခြေအနေကိုထောက်လှမ်းစောင့်ကြည့်ကာ သုံးသပ်မည့် စနစ်တစ်ရပ် တည်ဆောက်ရေးပြုလုပ်ရန် လိုအပ်ကြောင်း နှီးနှောဖလှယ်ပွဲတွင် ကိုယ်စားလှယ်များက ပြောကြားကြသည်။

သတ်မှတ်ထား

အစိုးရအဖွဲ့များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ကုလသမဂ္ဂနှင့် အလှူရှင်နိုင်ငံများသည်အိဒ်စ် ရောဂါတိုက်ဖျက်ရေးအတွက် ကုလသမဂ္ဂက သတ်မှတ်ထားသော ထောင်စုနှစ် ဖွံ့ဖြိုးရေး ရည်မှန်းချက်များနှင့်အညီ အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၈-၇-၂၀၀၅ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်များနှင့် ချိုနွားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ လက်စွမ်းပြပဟန်ဂီတသံ
၄:၂၀	၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၂၅	၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၃၀	၆။ မျိုးချစ်တပ်မတော်
၄:၄၅	၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၀	၈။ **အဝေးသင်တက္ကသိုလ်ပညာရေးပို့ချမှု အစီအစဉ်** "Mental Health and Guidance. (ဒုတိယနှစ်-စိတ်ပညာ)
၅:၄၅	၉။ သာယာသီကြေးမုံခတ်ဆန်းတေး
၆:၀၀	၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။ နိုင်ငံတကာသတင်း
၆:၂၀	၁၂။ မိုးလေဝသသတင်း
၆:၂၅	၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၄။ **ကာတွန်းအစီအစဉ် "ရောင်လင်လူစွမ်းကောင်းလေး" (အပိုင်း-၁၂)**
၆:၅၀	၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အမြွာနဲ့ကြမ္မာ" (အပိုင်း-၄၀) (ဇာတ်သိမ်း)**
၈:၀၀	၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်သူ သူရဲကောင်း" (အပိုင်း-၂၆)**
	၂၁။ သင့်အတွက်မနက်ဖြန်
	၂၂။ အပိတ်နှုတ်ဆက်စကား
	၂၃။ ပြီးပါပြီ။

နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာမည်ဟု မျှော်မှန်း
တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် တောင်နှင့်အရှေ့တောင်အာရှနိုင်ငံများအကြား ပိမိတို့၏ အရေးပါသည့် အခန်းကဏ္ဍကို ဖြည့်ဆည်းပေးသွားမည်
နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား ယူနန်တီဗီက တွေ့ဆုံမေးမြန်းရာ၌ ပြောကြား

ရန်ကုန် ဇူလိုင် ၇

ဒုတိယအကြိမ် မဟာမဲခေါင်ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်ကူမင်းမြို့သို့ ရောက်ရှိနေသော ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား Yunnan TV အဖွဲ့မှ ဇူလိုင် ၄ ရက် နံနက် ၉ နာရီခွဲတွင် ခေတ္တတည်းခိုသည့် ကူမင်းမြို့ Expo Garden Hotel သို့လာရောက်ဂါရဝပြု တွေ့ဆုံမေးမြန်းသည်။

တင်စားခေါ်ဝေါ်

ထိုသို့တွေ့ဆုံမေးမြန်းရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံ နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ရှေးနှစ်ပေါင်းများစွာကတည်းက ချစ်ကြည်ရင်းနှီးစွာဆက်ဆံလာခဲ့ကြပါကြောင်း၊ မိမိတို့အိမ်နီးချင်း နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးသည် ထူးခြားမှုရှိပြီး ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးအဖြစ် တင်စားခေါ်ဝေါ်ကြပါကြောင်း။

မြန်မာနိုင်ငံသည် ၁၉၄၉ ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စတင်ထူထောင်စဉ်က ပထမဆုံးအသိအမှတ်ပြုခဲ့သည့် နိုင်ငံတစ်နိုင်ငံလည်းဖြစ်ကြောင်း၊ ၁၉၅၀ ပြည့်နှစ်၊ ဇွန်လ ၈ရက်နေ့တွင် မြန်မာနိုင်ငံနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား သံတမန်အဆက်အသွယ် ထူထောင်ခဲ့ကြပြီးနောက် နှစ်နိုင်ငံဆက်ဆံရေးသည် ပိုမိုတိုးတက်ခိုင်မြဲလာခဲ့ပါကြောင်း။

နှစ်နိုင်ငံခေါင်းဆောင်ကြီးများ ပြုစုပျိုးထောင်ခဲ့သည့် ချစ်ကြည်ရင်းနှီးမှုသည် နှစ်ဖက်အကြားတွင် ခိုင်မာစွာတည်ရှိနေပါကြောင်း၊ ယင်းဆက်ဆံရေးသည် လွန်ခဲ့သည့်နှစ်ပေါင်း ၅၀ကျော်က မိမိတို့နှစ်နိုင်ငံက ချမှတ်ခဲ့သည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ချက်အပေါ် အခြေခံသည့် ဆက်ဆံရေးလည်း ဖြစ်ကြောင်း။

အပြန်အလှန် ကူညီပံ့ပိုး

မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် ချစ်ကြည်ရင်းနှီးသည့် အိမ်နီးချင်းကောင်းနိုင်ငံများ ဖြစ်ကြသည့်အလျောက် တစ်ဦးအပေါ်တစ်ဦး အပြန်အလှန်ကူညီပံ့ပိုး လျက်ရှိကြကြောင်း၊ ဒေသတွင်းနှင့်နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးတို့အတွက် နိုင်ငံတကာနယ်ပယ်တွင်လည်း တစ်ဦးကို တစ်ဦး အပြန်အလှန် ရပ်တည်ပေးကာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် မြန်မာနိုင်ငံ၏ အဓိကကုန်သွယ်ဖက် နိုင်ငံလည်း ဖြစ်ကြောင်း၊ မြန်မာနိုင်ငံကို စီးပွားရေးအကူအညီများအဖြစ် ဂရန်များ၊ သက်သာသောချေးငွေများကိုလည်း ပံ့ပိုးပေးလျက်ရှိကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ စီးပွားရေးသည် အရှိန်အဟုန်ဖြင့် တိုးတက်သွားမည်ဖြစ်သကဲ့သို့ ရှေ့လာမည့်နှစ်များတွင် မိမိတို့နှစ်နိုင်ငံအကြား အကျိုးတူပူးပေါင်းဆောင်ရွက်မှုများသည်လည်း ပိုမိုတိုးတက်လာမည်ဟု မျှော်မှန်းထားပါကြောင်းဖြင့် ပြောကြားသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းအား Yunnan TV အဖွဲ့က ယူနန်ပြည်နယ် ကူမင်းမြို့ရှိ Expo Garden Hotel သို့လာရောက်ဂါရဝပြု တွေ့ဆုံမေးမြန်းစဉ်။
(သတင်းစဉ်)

- ☆ မြန်မာနိုင်ငံတွင် ထုတ်ဖော်အသုံးမပြုရသေးသည့် သဘာဝအရင်းအမြစ်များ များစွာရှိ။
- ☆ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် ကဏ္ဍများစွာတွင် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိ။
- ☆ နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရာတွင် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်ရန် အရေးကြီး။
- ☆ အခြေခံအဆောက်အအုံဖြစ်သည့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ကောင်းမွန်အောင် ကြိုးပမ်းအားထုတ်လျက်ရှိ။
- ☆ လမ်းပန်းဆက်သွယ်ရေး ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လာသည်နှင့်အမျှ နှစ်ဖက်အကြား ကုန်သွယ်မှုအပါအဝင် ကဏ္ဍများစွာတွင် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်လာရန် သေချာ။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် တောင်အာရှနိုင်ငံများအကြား မြန်မာနိုင်ငံ၏ အခန်းကဏ္ဍနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် တောင်နှင့်အရှေ့တောင်အာရှနိုင်ငံများအကြား အချက်အချာနေရာ၌ တည်ရှိနေကြောင်း၊ မြန်မာနိုင်ငံသည် လျင်မြန်စွာဖွံ့ဖြိုးတိုးတက်နေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အကြီးအကျယ်ပြောင်းလဲတိုးတက်နေသည့် တောင်နှင့်အရှေ့တောင်အာရှဒေသတို့ကို ဆက်သွယ်ပေးနိုင်သည့် ပေါင်းကူးတံတားသဖွယ် တည်ရှိနေကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံသည် ဤဒေသကြီးနှစ်ဖက်အကြားတွင် စီးပွားရေးနှင့် ကူးလူးဆက်ဆံမှု ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသွားနိုင်မည်ဖြစ်ကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အရှိန်အဟုန် လျင်မြန်စွာဖွံ့ဖြိုးနေသည့် တောင်နှင့်အရှေ့တောင်အာရှနိုင်ငံများအကြား ကုန်ပစ္စည်းများနှင့် ပြည်သူများ လွယ်ကူစွာ ကူးလူးဆက်ဆံသွားနိုင်ရန်အတွက် မိမိတို့၏ အရေးပါသည့်အခန်းကဏ္ဍကို ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ရင်းနှီးမြှုပ်နှံမှုများကို ကြိုဆို

ယင်းနောက် ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကောင်း ဖန်တီးပေးရေးကိစ္စများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် ပြည်ပတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများကို ကြိုဆိုလျက်ရှိကြောင်း။

မြန်မာနိုင်ငံတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုများအတွက် ရင်းနှီးမြှုပ်နှံမှုဥပဒေလည်း ရှိပြီးဖြစ်ကြောင်း၊ ယင်းဥပဒေ၌ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်ပြီး ပြည့်ပြည့်စုံစုံ ပါဝင်ကြောင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများအတွက် အကျိုးခံစားခွင့်များကိုလည်း တိတိကျကျ ဖော်ပြသတ်မှတ်ထားကြောင်း။

မိမိတို့အနေဖြင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ယခုထက်မက အရှိန်အဟုန်ဖြင့် ပိုမိုဝင်ရောက်လာရန်လည်း ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း။

ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းအနီးတွင် စက်မှုဖွံ့ဖြိုးရေးဇုန်ကို တည်ဆောက်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟဲကုမ္ပဏီများက ယခုနှစ်အစောပိုင်းတွင် ပဏာမလေ့လာမှုများ ပြုလုပ်ခဲ့ပြီး စက်ရုံများကို တည်ဆောက်သွားကြရန်ရှိကြောင်း၊ အောင်မြင်မည်ဟုလည်း ယုံကြည်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် သဘာဝအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် မြန်မာ-တရုတ် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတွင် ထုတ်ဖော်အသုံးမပြုရသေးသည့် သဘာဝအရင်းအမြစ်များ များစွာရှိကြောင်း။

မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် ကဏ္ဍများစွာတွင် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိကြောင်း၊ ကဏ္ဍအတော်များများတွင်လည်း တိုးချဲ့လုပ်ကိုင်သွားနိုင်မည့် အနေအထားရှိကြောင်း။

လမ်းပန်းဆက်သွယ်ရေး

နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရာတွင် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်ရန် အရေးကြီးကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပါမှ ကုန်စည်နှင့်ပြည်သူများ ကူးလူးဆက်ဆံမှု ပိုမိုမြန်ဆန်လွယ်ကူမည်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း အခြေခံအဆောက်အအုံဖြစ်သည့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ကောင်းမွန်အောင် ကြိုးပမ်းအားထုတ်လျက်ရှိကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လာသည်နှင့်အမျှ နှစ်ဖက်အကြား ကုန်သွယ်မှုအပါအဝင် ကဏ္ဍများစွာတွင် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်လာရန် သေချာပါကြောင်း။

ထို့အပြင် မြန်မာနိုင်ငံ၌ရှိသည့် သဘာဝအရင်းအမြစ်များနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်မှ တိုးတက်သည့် နည်းပညာများကိုအသုံးပြုကာ ကဏ္ဍအတော်များများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများလည်း လုပ်ဆောင်နိုင်ကြောင်း။

မြန်မာနိုင်ငံတွင် မြေယာနှင့်မြေလွတ်များ ပေါကြွယ်ဝပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်က ခေတ်မီနည်းပညာပိုင်းနှင့် နှစ်ဖက်အကျိုးတူ ပူးပေါင်းဆောင်ရွက်သွားနိုင်ကြောင်း။

ထို့ကြောင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများကို ကြိုဆိုပါကြောင်း မိမိအနေဖြင့် အလေးထား ပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။ (သတင်းစဉ်)



ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကမ်မင်ကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်ဥက္ကဋ္ဌ မစ္စတာလျူဘင်း ယူနန်ပြည်နယ် ကူမင်းမြို့ရှိ Expo Garden Hotel သို့ လာရောက်၍ ဂါရဝပြုတွေ့ဆုံစဉ်။ (သတင်းစဉ်)

ကမ်မင်ကျွမ်းပြည်နယ်သည် မဟာမဲခေါင်ပူးပေါင်းဆောင်ရွက်မှုတွင် ပါဝင်လာ နှစ်ဖက်အကြား ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်တော့မည်

ဆောင်ရွက်လျက်ရှိကြကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရာတွင် ပြည်နယ်တစ်ခုဖြစ်သည့် ကမ်မင်ကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့်လည်း ယခုလက်ရှိ ပူးပေါင်းဆောင်ရွက်နေသည့် လုပ်ငန်းများအပြင် ဆက်လက်၍လည်း တိုးချဲ့ဆောင်ရွက်သွားနိုင်ပါကြောင်း ပြောကြားသည်။
(သတင်းစဉ်)

❀ ရှေ့ဖုံးမှ

ထိုသို့ ဂါရဝပြုတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ကမ်မင်ကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ် ဥက္ကဋ္ဌ မစ္စတာလျူဘင်းနှင့်အတူ ကမ်မင်ကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်ဒုတိယ ဥက္ကဋ္ဌ မစ္စတာလီဂျင်ဇောက်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ဖိတ်ကြား

ထိုသို့ ဂါရဝပြုတွေ့ဆုံရာတွင် ကမ်မင်ကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ် ဥက္ကဋ္ဌ မစ္စတာလျူဘင်းက အဆွေတော်ဝန်ကြီးချုပ်နှင့် ပြန်လည်တွေ့ဆုံခွင့်ရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ မိမိ ယနေ့ လာရောက်တွေ့ဆုံရခြင်းမှာ ပြီးခဲ့သည့် နိုဝင်ဘာလက ဝန်ကြီးချုပ်ကိုယ်တိုင် နန်နင်းကုန်စည်ပြပွဲသို့ တက်ရောက်အားပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် ယခုနှစ်တွင် ကျင်းပမည့် နန်နင်းကုန်စည်ပြပွဲသို့လည်း တက်ရောက်ပါရန် ဖိတ်ကြားလို၍ ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံဘက်မှ ကုန်သည်များအား နန်နင်းကုန်စည်ပြပွဲသို့ လာရောက်နိုင်ရေး အတွက်လည်း ဖိတ်ကြားပါကြောင်း။

ပြီးခဲ့သည့်နှစ်က နန်နင်းကုန်စည်ပြပွဲတွင် အောင်မြင်မှုများ များစွာရရှိခဲ့ပါကြောင်း၊ ဒုတိယအကြိမ် နန်နင်းကုန်စည်ပြပွဲကို ယခုနှစ် အောက်တိုဘာလ ၁၉ ရက်မှ ၂၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ တက်ရောက်အားပေးပါရန် ဖိတ်မန္တက ပြုပါကြောင်း။

ကမ်မင်ကျွမ်းပြည်နယ်အနေဖြင့် လွန်ခဲ့သည့်နှစ်ကစပြီး မဟာမဲခေါင်ဒေသတွင်း နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရေးနယ်ပယ်ထဲတွင် ပါဝင်လာပြီဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည်လည်း မဟာမဲခေါင်ဒေသတွင်းနိုင်ငံများတွင် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်သဖြင့် နှစ်ဖက်အကြား ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်တော့မည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ဝမ်းမြောက်ဝမ်းသာ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အဆွေတော်နှင့် ပြန်လည်တွေ့ဆုံခွင့်ရသည့်အတွက် များစွာဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါကြောင်း၊ ပြီးခဲ့သည့်နှစ် နိုဝင်ဘာလက အဆွေတော်တို့၏ ကမ်မင်ကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ မြို့တော်ဖြစ်သည့် နန်နင်းမြို့တွင် ကျင်းပခဲ့သည့် China ASEAN Business and Investment Summit အစည်းအဝေးကို တက်ရောက်စဉ်က ဒေသကို လေ့လာခွင့်ရခဲ့ကြောင်း၊ ကမ်မင်ကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် သဘာဝရှုခင်းများဖြင့် လှပစွာ သာယာလှပသကဲ့သို့ တစ်ဖက်ကလည်း ခေတ်မီဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ရရှိနေသည့် ပြည်နယ်တစ်ခုလည်းဖြစ်ကြောင်း။

ထို့ပြင် ကမ်မင်ကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် တိုင်းရင်းသား လူမျိုးစုများ နေထိုင်ကြသည့် ပြည်နယ်တစ်ခုဖြစ်ပြီး တိုင်းရင်းသားလူမျိုးစုများ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကိုလည်း တွေ့ရကြောင်း။

မိမိတို့မြန်မာနိုင်ငံတွင်လည်း တိုင်းရင်းသားလူမျိုးများစွာရှိပြီး တိုင်းရင်းသား လူမျိုးများ၏ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရက ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် အခြေခံအဆောက်အအုံများကို ထူထောင်ပေးလျက်ရှိကြောင်း၊ ယခုဆိုလျှင် တိုင်းရင်းသားလူမျိုးများ၏ လူနေမှုဘဝသည် ယခင်ကထက် များစွာဖွံ့ဖြိုးတိုးတက်လာပြီဖြစ်ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် ဆွေမျိုးပေါက်ဖော် ချစ်ခင်ရင်းနှီးမှုရှိကြသည့် အိမ်နီးချင်းကောင်းနိုင်ငံများ ဖြစ်ကြသည့်အပြင် ရှေးပဝေသဏီကာလကတည်းကစ၍ ချစ်ကြည်မှုအစဉ်အလာကို အခြေခံ၍ ကူးလူးဆက်ဆံမှုများ ပြုခဲ့ကြကြောင်း။

ယနေ့အချိန်ကာလတွင် မိမိတို့နှစ်နိုင်ငံသည် နိုင်ငံတကာနယ်ပယ်များ၌သာမက နှစ်နိုင်ငံ စီးပွားရေးအကျိုးတူကိစ္စရပ်များတွင်ပါ အပြန်အလှန် ပူးပေါင်း

တောတိုက်ဓမ္မရိပ်သာ ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၇

ရန်ကုန်တိုင်း မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် တောတိုက်ရပ်ကွက် တောတိုက်ဓမ္မရိပ်သာကျောင်းတိုက်ကြီး၏ ကျောင်းထိုင်ပဓာနနာယက မဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီး ဘဒ္ဒန္တ ဓမ္မသာရအမှူးပြုသည့် ဝါဆိုသံဃာတော် ၂၈၀ ကျော်တို့အား ဇူလိုင် ၂၀ ရက် မနက်ပိုင်း ၁၁ နာရီတွင် တောတိုက်ဓမ္မရိပ်သာ ကျောင်းတိုက်ကြီး၌ ဝါဆိုသင်္ကန်းစသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ဖုန်း-၆၃၅၄၂၄၊ ၆၃၅၀၂၇ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် အမှတ်(၅၆) အောင်သိဒ္ဓိလမ်း (၃)ရပ်ကွက် မရမ်းကုန်း မြို့နယ်နေ ကယ်လ်လန်သူ ဦးနိုင်ထွန်း အမှုဆောင်အင်ဂျင်နီယာ(ခ) (မြန်မာ့ရေနံ)အားရည်စူး၍ ခြောက်လပြည့်အထိမ်းအမှတ်အဖြစ် မိခင် ဒေါ်ခင်ထွေးကြည် ငွေကျပ်သုံးသိန်းကို အဖွဲ့ဝင် ဦးမျိုးခင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၇-၂၀၀၅ (သောကြာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်	၉း၂၀	မြန်မာ့ရင်းနှီးမြှုပ်နှံရေးနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်
၇း၀၅	တေးဂီတအစီအစဉ်	၉း၂၅	တေးဂီတအစီအစဉ်
၇း၁၀	နေ့စဉ်သုံး မြန်မာစာ အရေးအသား	၉း၃၀	မိုးလေဝသခန့်မှန်းချက်
		၉း၃၅	အခြေခံဘော်လီဘော ကစားနည်း နည်းစနစ်များ အပိုင်း(၂)
၇း၂၀	တေးဂီတအစီအစဉ်		
၇း၂၅	နိုင်ငံတကာ သတင်းအကျဉ်း	၉း၄၅	တေးဂီတအစီအစဉ်
၇း၃၀	ဗီစီဒီလှိုင်းခတ်သံ (မြတ်နိုးခြင်းမိုးတိမ်)	၉း၅၀	မြန်မာ့ရုပ်ရှင် ထူးချွန်ဆုများအကြောင်း သိကောင်းစရာ အပိုင်း(၂)
၇း၅၀	ပြည်တွင်းသတင်းအကျဉ်း		
၇း၅၅	တေးဂီတအစီအစဉ်	၁၀း၄၅	သွေးတိုးရောဂါနှင့် တိုင်းရင်းဆေးနည်းပညာ
၈း၀၀	ယူရီးယား ဓာတ်မြေဩဇာ ထုတ်လုပ်မှုကဏ္ဍ	၁၀း၅၅	ကရင်ရိုးရာ ဝတ်စားဆင်ယင်မှု
၈း၂၀	နိုင်ငံတကာ သတင်းအကျဉ်း	၁၁း၀၀	MRTV-4 အပိတ် Logo
၈း၂၅	တေးဂီတအစီအစဉ်		
၈း၃၀	နိုင်ငံတကာ ပိုက်ကျော်ခြင်းပြိုင်ပွဲ		
၉း၁၅	ပြည်တွင်းသတင်းအကျဉ်း		

အထက်ပါ(၄)နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ (၄)ကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၁၉)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ(၂၀၀၅) ကျင်းပမည်

ရန်ကုန် ဇူလိုင် ၇

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၁၉)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ(၂၀၀၅)ကို ဩဂုတ် ၉ရက်မှ ၁၂ရက်အထိ အမှတ်(၆၆) ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဩဂုတ် ၉ရက်မှ ၁၁ရက်အထိ ကျောက်များကို ကြည့်ရှုစစ်ဆေးခြင်း၊ ဩဂုတ် ၁၂ရက်တွင် Bargain and Auction စနစ်များဖြင့် ရောင်းချခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်သည်။ ဝယ်လိုသူများသည် ဩဂုတ် ၆ရက်မှစ၍ မှတ်ပုံတင်ကြေး၊ နိုင်ငံသားငွေကျပ် ၄၀၀၀၊ နိုင်ငံခြားသားယူရို ၂၀နှင့်အတူ မှတ်ပုံတင်စာရင်းပေးသွင်းနိုင်သည်။

ပုဂ္ဂလိက ကျောက်မျက်၊ ကျောက်စိမ်းလုပ်ငန်းရှင်များကလည်း မိမိရောင်းချလိုသည့် ကျောက်မျက်၊ ကျောက်စိမ်းနှင့် အချောထည်လက်ဝတ်ရတနာများကို ဇူလိုင် ၁၈ရက်မှ ၂၈ရက်အတွင်း လာရောက်အပ်နှံနိုင်ကြပြီး ရောင်းချရန်တင်သည့် ရတနာပစ္စည်း၏ တန်ဖိုးပေါ်တွင် ဒသမ ၄ရာခိုင်နှုန်းကို ဝန်ဆောင်ခအဖြစ်လည်းကောင်း၊ ရောင်းချရပါက ရောင်းချရရှိငွေ၏ သုံးရာခိုင်နှုန်းကို ကော်မရှင်ခအဖြစ်လည်းကောင်း မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်သို့ ပေးဆောင်ရမည်ဖြစ်သည်။ ရတနာခွန်ပေးဆောင်ခြင်းနှင့်ပတ်သက်၍ သတ္တုတွင်းဝန်ကြီးဌာနက ထုတ်ပြန်ထားသော မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေများအတိုင်း ဆောင်ရွက်သွားမည်ဖြစ်သည်။

အသေးစိတ် မေးမြန်းစုံစမ်းလိုသူများသည် မြန်မာရှုဘီအင်တာပရိုက်(စ်) အမှတ်(၂၄/၂၆) (ယခင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အဆောက်အအုံ) ဆူးလေဘုရားလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၀၅၃၊ ၃၇၀၅၆၁ နှင့် မြန်မာအင်ပီရီရယ်(လ်)ဂျိုတ် အမှတ်(၂၄/၂၆) (ယခင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် အဆောက်အအုံ) ဆူးလေဘုရားလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၀၂၇၊ ၃၇၀၅၆၄ တို့သို့ ရုံးချိန်အတွင်း လာရောက်ဆက်သွယ်စုံစမ်းနိုင်သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

ရန်ကုန် ဇူလိုင် ၇

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ကျင်းပခဲ့သည့် ဒုတိယအကြိမ် မဟာမဲခေါင်ဒေသတွင်း နိုင်ငံများ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သော ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းနှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဇူလိုင် ၅ ရက် ညနေ ၃ နာရီတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့ ပြန်လည်ထွက်ခွာရန် ခေတ္တတည်းခိုသည့် ကူမင်းမြို့ရှိ Expo Garden Hotel မှ ယူနန်ပြည်နယ် ကူမင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား လေဆိပ်တွင် ယူနန်ပြည်နယ် ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာလျူဘင်းနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာပြည်ထောင်စု မြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်၊ ကူမင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ် ရုံးမှယာယီကောင်စစ်ဝန်ချုပ် ဦးဟောက်ဒိုဆမ်းနှင့် ဝန်ထမ်းများ၊ မိသားစုများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာလာကြရာ ညနေပိုင်းတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိကြသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွဋ်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Sichuan Machinery and Equipment Import and Export Co., Ltd. မှ ဥက္ကဋ္ဌ Mr.Yao Yuning သည် ဇူလိုင် ၄ ရက် ညနေပိုင်းတွင် ခေတ္တတည်းခိုသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ရှိ Expo Garden Hotel သို့ လာရောက်တွေ့ဆုံပြီး လျှပ်စစ်စွမ်းအင်ကဏ္ဍနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြသည်။

အလားတူ လျှပ်စစ်စွမ်းအားဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွဋ်အား ညနေပိုင်းတွင် Central Chian Power Grid (CCPG) မှ အထွေထွေမန်နေဂျာ Miss Xiong Hengxi လာရောက်ဂါရဝပြု တွေ့ဆုံသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား ယူနန်ပြည်နယ် ကူမင်းအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ယူနန်ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာလျူဘင်း ရင်းရင်းနှီးနှီး ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွဋ်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Sichuan Machinery and Equipment Import and Export Co.,Ltd. ဥက္ကဋ္ဌ Mr.Yao Yuning ယူနန်ပြည်နယ် ကူမင်းမြို့ရှိ Expo Garden Hotel သို့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဇူလိုင် ၇ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း (၅၉)နှစ်မြောက်နီပေါဘုရင်မင်းမြတ်၏ မွေးနေ့အထိမ်းအမှတ်ညစာစားပွဲသို့ တက်ရောက်လာရာ မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး ဒုတိယဗိုလ်ချုပ်ကြီး (အငြိမ်းစား)မစ်ထရီအက်စ်၊ဂျေဘီရာနာနှင့်ဇနီးတို့ ကြိုဆိုကြစဉ်။ (သတင်းစဉ်)



ရေကြည်မြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၇

ရေကြည်မြို့နယ်အသင်း(ရန်ကုန်)မှ ရေကြည်မြို့နယ် ဇာတိဆရာတော်ကြီးကိုးပါးအား (၁၅)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၇ရက်(တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ဦးဘိုးမောင်ကျောင်း၊ ဗားကရာတိုက်၊ စမ်းချောင်းမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ၊အသင်းသားများ၊ ရေကြည်မြို့နယ်သူ၊မြို့နယ်သားများ ကြွရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများ ဥက္ကဋ္ဌ ဦးဝင်းကြည် ဖုန်း-၂၈၃၈၆၂၊ ဒု-ဥက္ကဋ္ဌ ဦးသန်းမြင့် ဖုန်း-၂၄၁၉၂၇၊ ဒု-ဥက္ကဋ္ဌ ဦးလှဦး ဖုန်း-၅၅၇၅၆၂၊ အတွင်းရေးမှူးဦးလှဝင်း ဖုန်း-၂၁၁၀၁၀၊ တွဲဖက်အတွင်းရေးမှူး ဦးသန်းဆွေ ဖုန်း-၅၃၆၀၁၆၊ ဘဏ္ဍာရေးမှူး ဦးကြည်ဝင်း ဖုန်း-၇၀၉၀၄၅ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၈-၇-၂၀၀၅ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ လူပ်ရှားပုံပြင် စိတ်ပျော်ရွှင်
- ၈:၀၀ ၆။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
- ၈:၁၀ ၇။ အကပြိုင်ပွဲ
- ၈:၂၀ ၈။ ရွှေလောင်းတံတား
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ English for Everyday Use
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ တေးဂီတအစီအစဉ်
- ၄:၄၅ ၄။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)**
- ၅:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၅:၁၅ ၆။ မြန်မာစာ၊မြန်မာစကား
- ၅:၃၀ ၇။ တေးဂီတအစီအစဉ်
- ၅:၄၅ ၈။ Discovery.
- ၅:၅၀ ၉။ "သုတစုံလင် ရွှေဉာဏ်ရှင်"
- ၆:၃၀ ၁၀။ ညနေခင်းသတင်း
- ၇:၀၀ ၁၁။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သောညီမ" (အပိုင်း-၄၆)**
- ၇:၃၀ ၁၃။ ၂၀၀၅ခုနှစ် အမျိုးသမီး အားကစားစွမ်းရည်ပြပွဲ
- ၇:၄၀ ၁၄။ နှောင်းခေတ်တေးပဒေသာ
- ၇:၅၀ ၁၅။ အာရှ-ဥရောပလူငယ်အားကစားပြိုင်ပွဲတွင်ခြင်းလုံးခတ်ပြသပါဝင်
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်မိတ်ဆွေ"(အပိုင်း-၂)**
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

တရားပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၇

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက်တွင် ဖားအောက်တောရဆရာတော် ဘဒ္ဒန္တအာစိဏ္ဏ (မော်လမြိုင်)သည် ဇူလိုင် ၉ ရက် (စနေနေ့)ည ၇ နာရီအချိန်တွင် နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဖြစ်ပါ၍ ကြွရောက်တရားနာယူနိုင်ကြောင်းသိရသည်။ (က-ပ)

မြို့တော်စည်ပင်ဘောလုံးအသင်းတွင် လေ့ကျင့်အသုံးပြုရန် အတွက် Athelete In Action (ကနေဒါ)မှ ဘောလုံး လှူဒါန်းပွဲကို ဇူလိုင်၄ရက်က ရန်ကုန်မြို့တော်ခန်းမ ပထမထပ်ရှိ အစည်းအဝေးခန်းမ(၁) ၌ ကျင်းပရာ မြန်မာပြည်ဌာနေကိုယ်စားလှယ် ဗိုလ်သက်အောင်ညွန့်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေးအပ်လှူဒါန်းစဉ်။



Nike ကုမ္ပဏီမှထုတ်လုပ်သော ဘောလုံး၂၀ကို မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းထံ (၁၉)

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များ ယူနန်ပြည်နယ် ကူမင်းမြို့ရှိ World Horti Expo Garden အတွင်း လှည့်လည် ကြည့်ရှုစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ရှိ World Horti Expo Garden၌ အမှတ်တရ သစ်ပင်စိုက်ပျိုးပေး

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း ယူနန်ပြည်နယ် ကူမင်းမြို့ရှိ World Horti Expo Garden ၌ မြန်မာ-တရုတ် ချစ်ကြည်ရေး အထိမ်းအမှတ် အဖြစ် အမှတ်တရ သစ်ပင်စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွဋ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ကူမင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ယာယီကောင်စစ်ဝန်ချုပ် ဦးဟောက်ဒိုဆမ်း မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ဇူလိုင် ၄ ရက် နံနက် ၈ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ရှိ World Horti Expo Garden သို့ အထူးမော်တော်ယာဉ်ငယ်များဖြင့် ရောက်ရှိကြရာ Yunnan Expo Group Co., Ltdမှ ပါတီအတွင်းရေးမှူး ဘုတ်အဖွဲ့ဥက္ကဋ္ဌ မစ္စတာဝမ်ဂျင်းနှင့် အဖွဲ့ဝင်များက ခရီးဦးကြိုဆို နှုတ်ဆက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Yunnan Expo Group Co.,Ltdမှ တာဝန်ရှိသူများနှင့်အတူ World Horti Expo Garden ရှိ ပန်းနာရီရှေ့၌ အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

သစ်ပင်စိုက်ပျိုးပေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ပန်းခြံလမ်းမကြီးတစ်လျှောက် လှည့်လည်ကြည့်ရှုပြီး အဆိုပါ World Horti Expo Garden၌ မြန်မာ-တရုတ် ချစ်ကြည်ရေး အထိမ်းအမှတ် အဖြစ် ကူမင်းမြို့သို့ရောက်ရှိစဉ် အမှတ်တရ သစ်ပင်စိုက်ပျိုးပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ယင်း World Horti Expo Garden ၌ နိုင်ငံ့ခေါင်းဆောင်များ ရောက်ရှိစဉ် အမှတ်တရစိုက်ပျိုးပေးကြသော အမှတ်တရ သစ်ပင်များကို ကြည့်ရှုလေ့လာသည်။

လက်မှတ်ရေးထိုး

ထို့နောက်တစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အထူးမော်တော်ယာဉ်ငယ်များဖြင့် World Horti Expo Garden အတွင်းရှိ နိုင်ငံပေါင်းစုံ အထိမ်းအမှတ်ပြခန်းများကို လေ့လာပြီး မြန်မာဂါဒင်းသို့ရောက်ရှိကာ ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ထိုပြင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ အဖွဲ့ဝင်များအဖြစ်လိုက်ပါလာကြသော အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများကလည်း မြန်မာဂါဒင်း၏ ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

ကြည့်ရှုလေ့လာ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Stone Hall သို့ရောက်ရှိ၍ လူနှင့် ပတ်ဝန်းကျင် သဘာဝအခြေအနေတို့ ပူးပေါင်းဖြစ်ထွန်းနေသည့် ထူးဆန်းသော သဘာဝကျောက်တုံး၊ ရေတံခွန်နှင့် ပန်းပြကွင်းတို့အား ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အထူးမော်တော်ယာဉ်များဖြင့် World Horti Expo Garden အတွင်း လှည့်လည်ကြည့်ရှုကြပြီး ခေတ္တတည်းခိုသည့် Expo Garden Hotel သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)



ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ရှိ **Yunnan Expo Group Co., Ltd.** မှ တာဝန်ရှိသူများနှင့်အတူ **World Horti Expo Garden** ရှိ ပန်းနာရီရှေ့၌ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲ အောင်မြင်စွာကျင်းပပြီးစီး

ရန်ကုန် ဇူလိုင် ၇

၂၀၀၅ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲတွင် ကျန်ရှိနေသော ကျောက်စိမ်းအတွဲများကို ယမန်နေ့ ညနေ ၅နာရီမှ ဆက်လက်ရောင်းချရာ ည ၁၂နာရီတွင် အောင်မြင်စွာကျင်းပပြီးစီးသွားသည်။

ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲ အစီအစဉ်အရ ကျောက်မျက်အတွဲပေါင်း ၃၃တွဲကို ဇူလိုင် ၁ရက်တွင်လည်းကောင်း၊ ကျောက်စိမ်းအတွဲပေါင်း ၁၂၅၃တွဲကို ဇူလိုင် ၃ရက်၊ ၄ရက်၊ ၅ရက်နှင့် ၆ရက်များတွင် လည်းကောင်း တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချခဲ့ရာ စုစုပေါင်း ကျောက်မျက်၊ ကျောက်စိမ်း ၁၂၈၆ တွဲကို ရတနာကုန်သည်များက အပြိုင်အဆိုင် ဝယ်ယူခဲ့ကြသည်။

၂၀၀၅ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲသို့ ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည် စုစုပေါင်း ၁၅၁၈ဦး တက်ရောက်ခဲ့ကြပြီး ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများကို အပြိုင်အဆိုင် ဝယ်ယူခဲ့ကြသဖြင့် ကျင်းပပြီးစီးခဲ့ကြသည့် ရတနာပြပွဲများထက် ပိုမိုရောင်းချခဲ့ရသည်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ခွဲ ကြီးမှူး၍ မြန်မာအမျိုးသမီးများနေ့အခမ်းအနားကို ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ကျင်းပရာ သဘာပတိ ရှမ်းပြည်နယ် (အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ခွဲဥက္ကဋ္ဌ ဒေါ်မြင့်မြင့်အုန်း ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အကြမ်းဖက်လုပ်ရပ်များ အပြည့်အဝကာကွယ်တားဆီးနိုင်ရေး အမျိုးသမီးထုကြီးနှင့်အတူ ပြည်သူတစ်ရပ်လုံးပါဝင်ဆောင်ရွက်

☆ အဖျက်အမှောင့်မှ

အခမ်းအနားတွင် သဘာပတိအဖြစ် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်အုန်းကဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ကျိုင်းတုံခရိုင် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ချိုချို၊ မိုင်းဆတ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းသင်း၊ မိုင်းဖြတ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နွယ်နွယ်နှင့် တာချီလိတ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့အတွင်းရေးမှူး ဒေါ်ယုယုမြတို့က ဆောင်ရွက်သည်။ အခမ်းအနားမှူးအဖြစ် ရှမ်းပြည်နယ် (အရှေ့ပိုင်း)ကျိုင်းတုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့အဖွဲ့ဝင် ဒေါ်နန်းဟမ်တစ်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ကျိုင်းတုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့အဖွဲ့ဝင် ဒေါ်နန်းစံဟမ်တို့က ဆောင်ရွက်ကြသည်။

အစီအစဉ်အရ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံ အစိုးရနည်းပညာကောလိပ်သမီးပျိုများ၏ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုတေးသီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပြီး အခမ်းအနားသို့တက်ရောက်သူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ယင်းနောက် အခမ်းအနားသဘာပတိ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်အုန်းက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် မြန်မာနိုင်ငံ လူဦးရေ၏ ၅၀ ဒသမ ၃ ရာခိုင်နှုန်းရှိသော အမျိုးသမီးထု ၂၇ သန်းကျော်အား ကိုယ်စားပြုဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံရှိ ပြည်နယ်၊ တိုင်းအသီးသီးတွင် အမျိုးသမီးရေးရာအဖွဲ့ပေါင်း ၁၇ ဖွဲ့ကို ဖြန့်ခွဲထားပြီး ၎င်းအဖွဲ့များအောက်တွင် ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာအဆင့်အထိ ဖွဲ့စည်းဆောင်ရွက်နေရာ ယခုအခါ အဖွဲ့ဝင်အင်အား ၁၃ ဒသမ ၃ သန်းရှိနေပြီဖြစ်ကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်တွင် စတင်ဖွဲ့စည်းပြီး နိုင်ငံအကျိုး၊ အမျိုးသမီးများအကျိုး၊ ပြည်သူ့အကျိုးတို့ကို ဆောင်ရွက်လျက်ရှိကြကြောင်း။

မြန်မာအမျိုးသမီးများသည် နှစ်ပေါင်းထောင်ချီပြီး ရှည်လျားခိုင်မာသည့် မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် အမျိုးသားများနှင့် တန်းတူရည်တူ အခွင့်အရေးမျှမျှတတ ရရှိခံစားခဲ့ကြရသည်သာမက မိမိမိသားစု၊မိမိလူ့အဖွဲ့အစည်း၊ မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေးအတွက် အမျိုးသားများနှင့်အတူ ရင်ပေါင်တန်းပြီး ပါဝင်စွမ်းဆောင်ခဲ့ရှိခဲ့ကြပြီး ဖြစ်ကြောင်း။

နိုင်ငံနှင့်လူမျိုးအတွက် အရေးကြုံလာသည့်အခါတိုင်းတွင် အမျိုးသားများနှင့်မခြား ထူးချွန်ထက်မြက်စွာစွမ်းဆောင်နိုင်ခဲ့ကြသည်ကို သမိုင်းတွင်အထင်အရှားတွေ့ကြရမှာဖြစ်ကြောင်း၊ ယခုဆိုလျှင် စီးပွားရေးကဏ္ဍတွင်ရှေ့တန်းကပါဝင်ဆောင်ရွက်နေကြသည့် အမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များ၊ ပညာရေး၊ ကျန်းမာရေး၊ သိပ္ပံနှင့်နည်းပညာ၊ သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ နည်းပညာကဏ္ဍများတွင် ဦးစီးဆောင်ရွက်နေကြသည့် အမျိုးသမီးပညာရှင်များ၊ အားကစား၊ ယဉ်ကျေးမှု၊ လူမှုရေးကဏ္ဍအထွေထွေတွင် ထင်ပေါ်ကျော်ကြားအောင်မြင်နေသည့် အမျိုးသမီးစွမ်းဆောင်ရှင်များ၊ စေတနာ့ဝန်ထမ်း၊ လူမှုရေးအဖွဲ့အစည်းများ၌ ပါဝင်ဆောင်ရွက်နေကြသည့် စေတနာရှင်အမျိုးသမီးများ စသည်ဖြင့် မပြတ် ပေါ်ထွန်းနေပြီးအမျိုးသမီးကဏ္ဍ ဆန်းသစ်ထွန်းတောက်နေပြီဖြစ်ကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် တစ်စိတ်တည်း တစ်ဝမ်းတည်း စုစည်းညီညွတ်စွာ လှုပ်ရှားဆောင်ရွက်သွားနိုင်စေရန် ဦးဆောင်သွားမည့် အမျိုးသမီးများဆိုင်ရာ လူမှုရေးအဖွဲ့အစည်းကြီးတစ်ရပ်အဖြစ် မြန်မာနိုင်ငံသမိုင်း၏ လိုအပ်ချက်အရ ရပ်တည်ဆောင်ရွက်သွားမှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို အကြားအလပ်မကျန် အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေခြင်းကြောင့် တည်ဆောက်ရေးလုပ်ငန်းများတွင် နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ ဘက်စုံကဏ္ဍစုံ အားလုံးပါဝင်နေပြီဖြစ်ကြောင်း၊ ထို့ကြောင့် တိုးတက်ဖြစ်ပေါ်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံအဆောက်အအုံကောင်းများကို လက်တွေ့မျက်မြင်ခံစားနေရပြီဖြစ်သည်ဟု ပြောကြားလိုကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံကဏ္ဍစုံက နေ့အား၊ ညမနားအကောင်အထည်ဖော်ဆောင်ရွက်နေသကဲ့သို့ ဒေသအတွင်းနှင့် နိုင်ငံတကာဆက်ဆံရေးကို အလေးအနက်ထား ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ငြိမ်းချမ်းရေး၊ ချစ်ကြည်ရေး၊ နိုင်ငံအချင်းချင်း အပြန်အလှန်လေးစားရေး၊ တန်းတူရည်တူဆက်ဆံရေး၊ အခြားနိုင်ငံ၏ ပြည်တွင်းရေးကို မစွက်ဖက်ရေးနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးချက်ကို အတိအကျလိုက်နာကျင့်သုံးနေလျက်ရှိကြောင်း၊ အလားတူ အာဆီယံ၊ ဘင်းမ်စတက်၊ GMS အဖွဲ့များ၏လုပ်ငန်းများ၊ အစီအစဉ်များတွင် အလေးအနက် ပူးပေါင်းပါဝင်ဆောင်ရွက်နေသည်ကိုလည်း တွေ့ရှိရမှာဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ရာစုနှစ်များစွာကတည်းက အချုပ်အခြာအာဏာပိုင်နိုင်ငံတော်ဖြစ်ခဲ့ပြီး၊ ၁၉ ရာစုအတွင်း ကိုလိုနီနယ်ချဲ့၏ ကျူးကျော်စစ်သုံးကြိမ်ဖြင့် မတရားသိမ်းပိုက်ခံခဲ့ရခြင်းကြောင့် နှစ်ပေါင်း ၁၂၀ ကျော် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးခဲ့ရဖူးသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ဆုံးရှုံးသွားသည့် လွတ်လပ်ရေးကို ပြည်ထောင်စုတစ်ဝန်းလုံးမှာရှိသည့် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ စုစည်းညီညွတ်သည့်အင်အား၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ဖြင့် လွတ်မြောက်အောင် ပြန်လည်ကြိုးပမ်းခဲ့ခြင်းကြောင့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပြန်လည်ရရှိခဲ့ကြောင်း။

လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာသည် ဘိုးဘွားအမွေအနှစ်ဖြစ်ခြင်းကြောင့် ယင်းအမွေအနှစ်ကို မျိုးဆက်သစ်တစ်ခုပြီးတစ်ခု လက်ဆင့်ကမ်းကာကွယ်စောင့်ရှောက်သွားရေးသည် အမျိုးသားရေးတာဝန်အဖြစ် နိုင်ငံသားအားလုံးက မဖြစ်မနေထမ်းရွက်ရမှာပင်ဖြစ်ကြောင်း။

မိမိတို့၏ နိုင်ငံတော်အကြီးအကဲက နိုင်ငံတော်တည်ဆောက်ရေး၏ ဦးတည်ချက်သည် အေးချမ်းတည်ငြိမ်ရေး၊ စည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးဖြစ်ကြောင်း လမ်းညွှန်ထားပြီးဖြစ်ကြောင်း၊ ဤတည်ဆောက်ရေးသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် မျိုးဆက်ပေါင်းများစွာတို့၏ သမိုင်းပင်ဖြစ်ကြောင်း၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဖြစ်သည့် ဒို့အရေးတာဝန်အရေးသုံးပါးကို ခံယူချက်ရှိသူများကသာ နိုင်ငံသမိုင်းကို တိုးတက်အောင် ဖန်တီးနိုင်မည်၊ ပြည်ထောင်စုကို ကာကွယ်နိုင်မည်ဟု လမ်းညွှန်မှာကြားခဲ့သည်ကို အားလုံးသိရှိနားလည်ခံယူပြီးဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အတိုင်း ဒို့အရေးတာဝန်အရေးသုံးပါးသည် နိုင်ငံသားတိုင်း ဦးထိပ်ပန်ဆင်ထမ်းဆောင်ရမည့် အမျိုးသားရေးတာဝန်များ ဖြစ်ကြောင်း၊ ဒို့အရေးတာဝန်အရေးပါးနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် (၁၂)ရပ်သည် အမျိုးသားရေးမူဝါဒနှင့် ကျင့်စဉ်များပင် ဖြစ်ကြောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်သည် နိုင်ငံတော်၏ နိုင်ငံရေး လုပ်ငန်းစဉ်ဖြစ်ကြောင်း အမျိုးသမီးထုကြီးတစ်ရပ်လုံးက ခံယူချက်ရှိရှိဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရာတွင်အင်တိုက်အားတိုက် ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း။

ကမ္ဘာ့အင်အားကြီးနိုင်ငံများ၏ အနေအထားကို ပြန်ကြည့်လျှင် ဒုတိယကမ္ဘာစစ်အတွင်းက အရင်းရှင်အုပ်စုဖြစ်သည့် အင်္ဂလိပ်၊ အမေရိကန်၊ ပြင်သစ်နှင့် ဆိုဗီယက်ယူနီယံတို့သည် မဟာမိတ်ဖြစ်ခဲ့သော်လည်း စစ်ပြီးခေတ်၊ စစ်အေးကာလမှာတော့ အရင်းရှင်အုပ်စုနှင့် ဆိုရှယ်လစ်အုပ်စုဟူ၍ ရန်ဘက်ဖြစ်သွားတာ တွေ့ရမှာဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်စည်းလုံးရေးနှင့် ဒီမိုကရေစီနိုင်ငံထူထောင်ရေးအတွက် သေရေးရှင်ရေးတမျှ အရေးကြီးလှသည့် ကာလမျိုးတွင် ထာဝရရန်ဘက်၊ ထာဝရမိတ်ဖက်ဟူ၍ မရှိနိုင်သော်လည်း ရန်ဘက်မိတ်ဖက်ခွဲခြားနိုင်ရန် ဆင်ခြင်ပြီး ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရေးအတွက် ဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ ကိုလိုနီနယ်ချဲ့တို့၏ နှစ်ပေါင်းတစ်ရာကျော် အစီအစဉ်ရှိရှိ သွေးခွဲသပ်လျှိုအုပ်ချုပ်ခဲ့မှု၏ ဒဏ်ရာဒဏ်ချက်များကြောင့် လွတ်လပ်ရေးရရှိပြီးသည့်တိုင်အောင် တိုင်းရင်းသားညီအစ်ကိုသွေးချင်းများအကြား သံသယစိတ်များဝင်ကာ စိတ်ဝမ်းကွဲမှုများ ဖြစ်ပေါ်စေခဲ့သဖြင့် နှစ်ပေါင်း ၄၀ ကျော်ကြာအောင် လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားခဲ့ရပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့သည့် သမိုင်းသင်ခန်းစာများကို ရယူတတ်ကြရန် လိုကြောင်း။

ယနေ့မျက်မှောက်ခေတ်ကာလတွင် သိပ္ပံနှင့် နည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြင့်လာခြင်းကြောင့် ကိုလိုနီနယ်ချဲ့လက်သစ်များသည် ထင်သာမြင်သာသည့် စစ်ရေး အင်အားအသုံးပြုမှု၊ နယ်ပယ်ချဲ့ထွင်မှု၊ အနိုင်အထက်ပြုမှုများအစား လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုမျက်နှာစာများမှ သော်လည်းကောင်း၊ သတင်းနှင့်ပြန်ကြားရေး မီဒီယာများအသုံးပြု၍သော်လည်းကောင်း စိမ့်ဝင်ထိုးဖောက် လွှမ်းမိုးခြယ်လှယ်မှုများ လုပ်ဆောင်လျက်ရှိခြင်းကြောင့် နိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားပြည်သူအပေါင်းက မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံပြီး မပြတ်သော အမျိုးသားရေးသတိဖြင့် ယှဉ်၍ ကာကွယ်တွန်းလှန်သွားနိုင်ရန် စည်းလုံးညီညွတ်မှုဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမှာ ဖြစ်ကြောင်း။

အနောက်အင်အားကြီးနိုင်ငံများနှင့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများက နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် သွေးထိုးသပ်လျှိုမှုများ၊ မီဒီယာများ ဝါဒဖြန့်ချိအသုံးပြု၍ မှိုင်းတိုက်မှုများ၊ ကိုလိုနီနယ်ချဲ့ လက်ဝေခံအကြမ်းဖက်အဖျက်သမားများ မွေးမြူ၍ အဖျက်လုပ်ရပ်များကို တစ်ခွင်တစ်ခွင် လုပ်ဆောင်လာလျက်ရှိသည်ကို တွေ့မြင်နေရသည့်အတွက် သတိကြီးစွာထားပြီး တိုင်းရင်းသား ပြည်သူအပေါင်းက တွန်းလှန်ကာကွယ်သွားရန် လိုအပ်နေပြီဖြစ်ကြောင်း။

အဖျက်အမှောင့်သမားများသည် နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် နည်းမျိုးစုံသုံးပြီး မဟုတ်မမှန် ကောလာဟလသတင်းများကို လုပ်ကြံဖန်တီးထုတ်လွှင့်ခြင်း၊ ပြည်သူများ ထိတ်လန့်စိုးရိမ်စေရန်နှင့် အတ္တအကျိုးအတွက် ဈေးကစားနိုင်ရန်ရည်ရွယ်ပြီး ကောလာဟလမျိုးစုံ ထုတ်လွှင့်လျက်ရှိခြင်းတို့ကြောင့် ပြည်သူအများ ထင်ယောင်ထင်မှားမဖြစ်ရအောင် နိုင်ငံတော်အစိုးရအနေဖြင့် သတင်းအမှန်များကို အမြဲမပြတ် ထုတ်ပြန်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် ကောလာဟလသတင်းမျိုးစုံကို မယုံကြည်ကြရန် တိုက်တွန်းလိုကြောင်း။

ထို့အပြင် အကြမ်းဖက်အဖျက်အမှောင့်သမားများသည် အများပြည်သူကဲ့သို့ အသွင်ဆောင်ပြီး တစ်ဦးချင်း၊ တစ်ယောက်ချင်းဖြင့် လျှို့ဝှက်သွားလာ ဝင်ထွက်၍ အကြမ်းဖက်လုပ်ငန်းကို လုပ်ဆောင်နေတာ ဖြစ်သည့်အတွက် အကြမ်းဖက်လုပ်ရပ်များကို အပြည့်အဝ ကာကွယ်တားဆီးနိုင်ရေးသည် ပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုပင်ဖြစ်ကြောင်း ပေါ်လွင်ထင်ရှားနေခြင်းကြောင့် အမျိုးသမီးထုကြီးနှင့်အတူ ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် တိုက်တွန်းလိုက်ပါကြောင်း။

မိမိအနေဖြင့်ထပ်မံတင်ပြလိုသည်မှာ မြန်မာနိုင်ငံအပေါ် ဖိအားပေးမှုများနှင့် အနောက်အုပ်စုသြဇာခံ မီဒီယာများ၏ မဟုတ်မမှန်စွပ်စွဲတိုက်ခိုက်မှုများ ရှိနေသည့်အကြောင်းပင်ဖြစ်ကြောင်း၊ အပြည်ပြည်ဆိုင်ရာ လွတ်လပ်သော အလုပ်သမားများသမဂ္ဂအဖွဲ့ချုပ်က ဦးဆောင်လျက် မြန်မာနိုင်ငံတွင် အဓမ္မလုပ်ခိုင်းစေမှု (Forced Labour) များရှိနေသည်ဟုစွပ်စွဲချက်၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ပြုလုပ်ခဲ့သော ကလေးသူငယ်နှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အစည်းအဝေးတွင် ကလေးစစ်သည် အသုံးပြုသည်ဟု သတင်းထွက်နေသော နိုင်ငံများစာရင်း၌ ထည့်သွင်းဖော်ပြချက်၊ အမေရိကန်နိုင်ငံက ၎င်းတို့၏ လူကုန်ကူးမှုတားဆီးရေး ဥပဒေအရ မြန်မာနိုင်ငံအား Tier 3 အဆင့်တွင် တစ်ဖက်သတ်သတ်မှတ်ခဲ့သည့်အချက်၊ ၂၀၀၆ခုနှစ်၌ အာဆီယံအလှည့်ကျ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရန် မြန်မာနိုင်ငံက အလှည့်ကျသည်ကို ဆောင်ရွက်ခွင့်မရရှိအောင် ဖိအားအမျိုးမျိုး၊ ပြဿနာအမျိုးမျိုးဖန်တီး၍ အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့ အပါအဝင် အနောက်အင်အားကြီးနိုင်ငံများ၏အလိုကျ ကန့်ကွက်မှုပြုနေသည့် အချက်များကို တွေ့ရှိရမှာဖြစ်ကြောင်း။

ထို့အပြင် အမေရိကန်နိုင်ငံက မြန်မာနိုင်ငံအပေါ် ကုန်သွယ်ရေးပိတ်ပင်မှုများ ချမှတ်ခဲ့သည့်အတွက် မြန်မာနိုင်ငံရှိ အထည်အလိပ်လုပ်ငန်းမှ စက်ရုံများပိတ်ခဲ့ရပြီး၊ လုပ်သားအင်အား လျှော့ချခံရခြင်း၊ အမျိုးသမီးအလုပ်သမများအပါအဝင် အလုပ်သမားများ အလုပ်လက်မဲ့ဖြစ်ခဲ့ရခြင်း၊ ၎င်းတို့ကို မှီခိုနေရသည့် မိသားစုဝင်များ၏ စားဝတ်နေရေး ထိခိုက်နစ်နာခဲ့ရပြီး၊ အထည်ချုပ်လုပ်ငန်းနှင့် ဆက်စပ်နေသည့် လုပ်ငန်းများလည်း ထိခိုက်မှုရှိခဲ့ခြင်းတို့ကို တွေ့ရှိရမှာဖြစ်ကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✧

မြန်မာနိုင်ငံအနေဖြင့် အမျိုးသားပြန်လည် သင့်မြတ်စည်းလုံးရေးနှင့် ဒီမိုကရေစီနိုင်ငံ ထူထောင်ရေးအတွက် သေရေးရှင်ရေးတမျှ အရေးကြီးလှသည့် ကာလမျိုးတွင် ထာဝရရန်ဘက်၊ ထာဝရမိတ်ဖက်ဟူ၍ မရှိနိုင်သော်လည်း ရန်ဘက် မိတ်ဖက်ခွဲခြားနိုင်ရန် ဆင်ခြင်ပြီး ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရေးအတွက် ဆောင်ရွက်သွားရမှာဖြစ်။

နိုင်ငံတော်၏ ရန်သူအစစ်အမှန်သည် ခေတ်သစ်ကိုလိုနီနယ်ချဲ့စနစ်နှင့် ဗိုလ်ကျစိုးမိုး

အချင်းချင်းတိုက်ခိုက်နေမည့်အစား အေးအတူ၊ ပူအမျှ စည်းစည်းလုံးလုံး

✧ စာမျက်နှာ ၇ မှ

အလားတူ ပြည်တွင်းပြည်ပမှ မသမာသူအဖျက်သမားအဖွဲ့အသီးသီးသည် နိုင်ငံတော် မတည်မငြိမ်ဖြစ်စေရန်နှင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေရန်အတွက် အဖျက်အမှောင့်လုပ်ငန်းများကို ပြည်ပအသံလွှင့်ဌာနများအား အသုံးချ၍လည်းကောင်း၊ လှုံ့ဆော်စာများ ရေးသားဖြန့်ဝေ၍လည်းကောင်း၊ Internet Websiteများမှ လည်းကောင်း သွေးထိုးလှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ မမှန်သတင်းများ ထုတ်လွှင့်ခြင်းတို့ကို တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိနေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

နောက်တစ်ချက်မှာ ပြည်သူများအပေါ် ရက်စက်ယုတ်မာသည့်လုပ်ရပ်ဖြစ်သည့် ဖောက်ခွဲဖျက်ဆီးမှုပင်ဖြစ်ကြောင်း၊ ဖြစ်စဉ်များအရ ABSDF၊ NCGUB၊ NLD(LA)တို့၏ အနောက်ဆရာကြီးများ၏ အားပေးကူညီမှုဖြင့် ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ လုပ်ဆောင်နေခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း၊ အချို့သော အဖျက်အမှောင့်လုပ်ရပ်များကို ကြိုတင်တားဆီးနိုင်ခဲ့သော်လည်း အချို့အဖျက်အမှောင့် ဖြစ်စဉ်များဖြစ်ပွားခဲ့ပြီး အပြစ်မဲ့ရဟန်းရှင်လူပြည်သူအများ သေဆုံးထိခိုက်ဒဏ်ရာရရှိခဲ့ကြရကြောင်း၊ ဤသည်မှာ ပြည်တွင်းပြည်ပအဖျက်သမားများ ပူးပေါင်းလုပ်ဆောင်နေသည့် တိုင်းဖျက်ပြည်ဖျက်လုပ်ရပ်များပင်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအား နိုင်ငံရေးဖိအားအမျိုးမျိုးပေးပြီး နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များအပေါ် မဟုတ်မတရားစွပ်စွဲချက်များဖြင့် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားဖြစ်စေသည့်၊ စာနာမှုကင်းသည့် ပိတ်ပင်တားဆီးမှုများ ပြုလုပ်ခဲ့ခြင်းနှင့် စပ်လျဉ်းပြီး မြန်မာနိုင်ငံလူဦးရေ၏ ထက်ဝက်ကျော်ရှိသည့် မြန်မာအမျိုးသမီးထုကြီးကို ကိုယ်စားပြုဖွဲ့စည်းထားသည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ပြင်းပြင်းထန်ထန် ကန့်ကွက်ကြောင်း အတိအလင်း ပြောကြားလိုက်ပါကြောင်း။

အလားတူ စီးပွားရေး ပိတ်ပင်မှု၏ နောက်ဆက်တွဲဆိုးကျိုးများကြောင့် အမျိုးသမီးများဘဝ ဖွံ့ဖြိုးမှုကို ထိခိုက်စေသည်ဟု သုံးသပ်ရရှိသည့်အတွက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးက လိုအပ်သလိုနည်းလမ်းရှာဖွေဖြေရှင်းဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြတ်ပြတ်သားသား ပြောကြားလိုက်ပါကြောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းအချို့နှင့် အနောက်နိုင်ငံကြီးအချို့၏ မတရားစွပ်စွဲ ပိတ်ပင်တားဆီးမှုများကြောင့် မြန်မာအမျိုးသမီးများ ထိခိုက်နစ်နာမှု ရှိနေသည့်အတွက် နိုင်ငံငယ်များအပေါ် တစ်ဖက်သတ် ဗိုလ်ကျစိုးမိုးခြယ်လှယ်နေသည့် အင်အားကြီးနိုင်ငံများ၏ လုပ်ရပ်ကို ဆန့်ကျင်ရှုတ်ချကန့်ကွက်ကြောင်း တစ်ပါတည်း ပြောကြားလိုက်ပါကြောင်း။

ထို့အတူ ပြည်ပြေးစဝ်ခမ်ဖနှင့်အဖွဲ့၏ ရည်ရွယ်ချက်နှင့်လုပ်ရပ်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တိုင်းရင်းသားလူမျိုးများ၏ အကျိုးစီးပွားကို ခြိမ်းခြောက်အနှောင့်အယှက်ပြုနေခြင်းကြောင့် ၎င်းတို့အဖွဲ့၏ လုပ်ရပ်များကိုလည်း ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလိုက်ကြောင်းနှင့် နိုင်ငံတော်အစိုးရ၏ ဥပဒေအကြောင်းအရ အရေးယူဆောင်ရွက်မှုကို အလေးအနက် ထောက်ခံကြောင်း တင်ပြလိုက်ပါကြောင်း။

မေလ ပထမပတ်အတွင်းက နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးလိုသော ပြည်တွင်းပြည်ပအဖျက်သမားအဖွဲ့များနှင့် ပြည်ပမှဆရာကြီးအချို့ ပူးပေါင်းလုပ်ဆောင်သော ဗုံးဖောက်ခွဲမှုတွင် အပြစ်မဲ့ ရဟန်းရှင်လူပြည်သူများ သေကျေထိခိုက်ဒဏ်ရာရမှု များဖြစ်ခဲ့ရသည့်အတွက် ပြည်တွင်း ပြည်ပအဖျက်သမားများ၏ အကြမ်းဖက်လုပ်ရပ်ကို အမျိုးသမီးထုတစ်ရပ်လုံးက ဆန့်ကျင်ရှုတ်ချ ကန့်ကွက်ကြောင်းပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့်တင်နိုင်ရေးအတွက်–

- **နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားရေးတာဝန်များကို ကျရာအခန်းကဏ္ဍမှ အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်သွားရေး၊**
- **အမျိုးသားရေးရည်မှန်းချက် ပန်းတိုင်ဖြစ်သော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရန် ကြိုးပမ်းဆောင်ရွက်ရေး၊**
- **အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေး(၃)ပါးကို အမျိုးသမီးထုကြီးတစ်ရပ်လုံးက လက်ဆင့်ကမ်း ခံယူကျင့်သုံးရေး၊**
- **နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ဖြစ်ထွန်းစေရေးတို့ကို အမျိုးသမီးထုကြီးတစ်ရပ်လုံးက တိုင်းရင်းသားပြည်သူများနှင့်အတူ နိုးကြားတက်ကြွစွာ ပါဝင်ပူးပေါင်းဆောင်ရွက်သွားကြပါစို့**

ဟု တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါက်တာဒေါ်ဖြူဖြူစိုးက မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြုစကား ပြောကြားရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးတွင် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ကျော် ပေါင်းစုနေထိုင်လျက်ရှိပြီး လူဦးရေ၅၄သန်းကျော်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ တိုင်းရင်းသားလူမျိုးပေါင်းစုံ စုဝေးနေထိုင်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အဓိကကျသည့်အချက်ဖြစ်ကြောင်း၊ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှသာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲနေမှာဖြစ်ကြောင်း။

မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးအနေဖြင့် ရှေးပဝေသဏီကပင် နိုင်ငံတော်ကြီးတည်တံ့ခိုင်မြဲရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့ကြောင်း၊ ဗြိတိသျှနယ်ချဲ့တို့က ကျူးကျော်စစ် သုံးကြိမ်ဆင်နွှဲပြီး မြန်မာနိုင်ငံကို သိမ်းယူခဲ့ကြောင်း၊ ပထမကျူးကျော်စစ်ပွဲတွင်စစ်သူကြီးမဟာဗန္ဓုလ ကျဆုံးပြီးနောက် ဗြိတိသျှနယ်ချဲ့တပ်များသည် မြန်မာနိုင်ငံအလယ်ပိုင်းကို သိမ်းယူရန် ရေကြောင်း၊ ကြည်းကြောင်းဖြင့် ချီတက်ခဲ့ရာ ပြည်မြို့နှင့် ၁၆မိုင်ဝေးသည့် ဝက်ထီးကန်အရပ်တွင်မြန်မာစစ်ဗိုလ်ချုပ် မဟာနေမျိုးနှင့်အတူ တိုင်းရင်းသားအင်အားစုများက ခုခံတိုက်ခိုက်ခဲ့ကြောင်း၊ တိုင်းရင်းသားလူမျိုးစုများထဲတွင် ရှမ်းတိုင်းရင်းသူသုံးဦး ထူးခြားစွာပါဝင်ခဲ့ပြီး ရှမ်းအမျိုးသမီးစစ်သည်များ၏ ရဲဝံ့ပြောင်မြောက်စွာတိုက်ခိုက်မှုများကို နယ်ချဲ့များက ချီးကျူးမှတ်တမ်းတင်ရေးသားခဲ့သည်ကို တွေ့ရကြောင်း။

ပုဂံဗိုလ်ချုပ်၏ တပ်ဖွဲ့မှ တပ်ဖွဲ့ဝင် အမျိုးသမီးများသည် မြင်းစီးပြီး ဓားလွှတ်ကိုင်တိုက်ပွဲဝင်ခဲ့ကြကြောင်း၊ ဗိုလ်ချုပ်၏ဇနီးသည် မြင်းစီး၊ ဓားခုတ်၊ လှံထိုးကျွမ်းကျင်စွာဖြင့် ခင်ပွန်းဖြစ်သူနှင့်အတူ နယ်ချဲ့ဗြိတိသျှတို့ကို တိုက်ခိုက်ခဲ့ကြောင်း၊ ဗိုလ်မင်းရောင်တပ်မှ ပင်းခင်ခင်သည်လည်း ထင်ရှားသော နယ်ချဲ့တော်လှန်ရေးသမားဖြစ်ကြောင်း၊ မြန်မာတိုင်းရင်းသားတို့၏ အသင်းအဖွဲ့များ ဖွဲ့စည်း၍ နိုင်ငံရေး၊ စည်းရုံးရေးအရ ဗြိတိသျှနယ်ချဲ့တို့ကို ဆန့်ကျင်တိုက်ပွဲဝင်ခဲ့ကြကြောင်း၊ မြန်မာအမျိုးသမီးများသည် ၁၉၁၉ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်နေ့တွင် "မြန်မာအမျိုးသမီးကုမာရီအသင်း"ကို စတင်ဖွဲ့စည်းခဲ့ကြောင်း၊ မြန်မာအမျိုးသမီးကုမာရီအသင်း ဖွဲ့စည်းပေါ်ပေါက်လာပြီးနောက်ပိုင်းတွင် ဝံသာနုကုမာရီအသင်း၊ ကြည့်မြင်တိုင် မြန်မာအမျိုးသမီးများအသင်း၊ ဗုဒ္ဓကလျာဏယုဝအသင်း၊ မြန်မာ့ဟိတကုမာရီအသင်း၊ ဗြဟ္မစရိယကုမာရီအသင်း၊ သစ္စာဝါဒီအမျိုးသမီးအသင်း၊ ပြည်သူ့ရဲမေများအဖွဲ့၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးများ လွတ်လပ်ရေးအဖွဲ့၊ မြန်မာအမျိုးသမီးများ နေရှင်နယ်ကောင်စီအသင်း စသည့်အသင်းများနှင့်ဖွဲ့စည်းကာ မြန်မာအမျိုးသမီးများသည် နိုင်ငံရေး၊ စည်းရုံးရေးအရ ဗြိတိသျှနယ်ချဲ့တို့ကို ဆန့်ကျင်တိုက်ပွဲဝင်ခဲ့ကြကြောင်း။

နိုင်ငံနှင့်အဝန်း မြန်မာအမျိုးသမီးအဖွဲ့အစည်းများ ဖွဲ့စည်းလှုပ်ရှားလာသကဲ့သို့ ဗြိတိသျှနယ်ချဲ့အရာရှိကို ခုံဖိနပ်ဖြင့် ရိုက်ခဲ့သည့် ဒေါ်ဖွားလှကဲ့သို့ မျိုးချစ်သတ္တိခဲ မြန်မာအမျိုးသမီးများလည်း ပေါ်ပေါက်ခဲ့ကြောင်း။

အလားတူ မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် သခင်မကြီး ဒေါ်သိန်းတင်သည်လည်း ထင်ရှားခဲ့သည့်နယ်ချဲ့ဆန့်ကျင်ရေး မြန်မာအမျိုးသမီးခေါင်းဆောင်တစ်ဦးဖြစ်ကြောင်း၊ ဗုဒ္ဓဘာသာကလျာဏယုဝ ကုမာရီအသင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါက်တာ ဒေါ်ဖြူဖြူစိုး အမျိုးသမီးများနေ့ ဂုဏ်ပြုစကားပြောကြားစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်အားဖယ် အမျိုးသမီးများနေ့ ဂုဏ်ပြုစကား ပြောကြားစဉ်။ (သတင်းစဉ်)

ဥက္ကဋ္ဌ ဒေါ်စောတင်သည်လည်း မြူနီစီပါယ်လွှတ်တော်ရွေးကောက်ပွဲတွင် အရွေးခံခဲ့ရကြောင်း၊ မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးအပိုင်းတွင်လည်း မြန်မာအမျိုးသမီးများပါဝင်ခဲ့ရာ ဝဏ္ဏကျော်ထင်ဒေါ်မေမေခင်သည် ဟိုက်ကုတ်လွှတ်တော်၏ ပထမဦးဆုံး ဝန်ထောက်ဖြစ်ခဲ့ကြောင်း၊ အမျိုးသမီးသတင်းစာဆရာမကြီးများ၊ စာရေးဆရာမကြီးများလည်း အများအပြား ပေါ်ပေါက်ခဲ့ကြောင်း။

မြန်မာနိုင်ငံအား ဗြိတိသျှနယ်ချဲ့အစိုးရက ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ဖြင့် အုပ်ချုပ်နိုင်ရေးအတွက် ဝှိုက်ကော်မတီကို ဖွဲ့စည်းပြီး ၁၉၂၁ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်တွင် ရန်ကုန်မြို့ကို စုံစမ်းလေ့လာရေးလုပ်စေခဲ့ရာတွင် ဝံသာနုကုမာရီအသင်းဝင်အမျိုးသမီးများက အစစ်ဆေးခံ၊ အကြံဉာဏ်ပေးသည့် ဗြိတိသျှနယ်ချဲ့ အလိုတော်ရိများအား "သစ္စာမဖောက်ကြပါနဲ့" "အမျိုးမဖျက်ကြပါနဲ့" စသည့် ကြွေးကြော်သံများဖြင့် ကန့်ကွက်ရှုတ်ချခဲ့ကြကြောင်း၊ ပြင်းပြင်းထန်ထန် ဆန့်ကျင်ကန့်ကွက်ခဲ့ခြင်းကြောင့် ဝှိုက်ကော်မတီသည် စစ်ဆေးရေးလုပ်ငန်းများကို ရပ်ဆိုင်းလိုက်ရကြောင်း၊ မော်လမြိုင်၊ မန္တလေး၊ ပုသိမ် စသည့် မြို့ကြီးများကိုသွားရောက်ပြီးစုံစမ်းစစ်ဆေးမှုပြုလုပ်ရာတွင်လည်း ရောက်ရှိရာမြို့များမှ ကုမာရီအမျိုးသမီးဝင်များက ကန့်ကွက်ရှုတ်ချမှုများပြုလုပ်ခဲ့ကြကြောင်း၊ ဤသည်တို့မှာ မြန်မာအမျိုးသမီးများက နယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ်ကို ရဲရင့်တက်ကြွစွာ ဖော်ထုတ်ပြသခဲ့ခြင်းဖြစ်ကြောင်း။

၁၉၂၁ခုနှစ် ဒီဇင်ဘာလ ၁၁ရက်နေ့တွင် ဆရာတော်ဦးဥတ္တမက ဒေးဒရဲမြို့နယ် ဆူးကလပ်ရွာတွင် ကရက်ဒေါက်အုပ်ချုပ်ရေးစီမံကိန်းကို ကန့်ကွက်ရှုတ်ချဟောပြောခြင်းကြောင့် ဗြိတိသျှနယ်ချဲ့အစိုးရက ဆရာတော်ဦးဥတ္တမအား ဖမ်းဆီးခဲ့ကြောင်း၊ ဆရာတော်ကိုဖမ်းဆီးခဲ့သည့်အတွက် ရန်ကုန်မြို့ ဘုရင်မပန်းခြံ(ယခုမဟာဗန္ဓုလပန်းခြံ)၌ ကန့်ကွက်ရှုတ်ချပွဲပြုလုပ်ခဲ့ရာတွင် မြန်မာအမျိုးသမီးများ အင်တိုက်အားတိုက် ပါဝင်ခဲ့ကြောင်း၊ နယ်ချဲ့ပုလိပ်များက မြင်းများစီးပြီး ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် မြန်မာအမျိုးသမီးများသည် မြင်းနင်းခံရပြီး ခြေကျိုးလက်ကျိုးဖြစ်သည်အထိ ဗြိတိသျှနယ်ချဲ့တို့ကို ပြင်းပြင်းထန်ထန် ရဲရဲရင့်ရင့်ဆန့်ကျင်တိုက်ပွဲဝင်ခဲ့ကြကြောင်း။

ထို့ပြင် ၁၂၈၄ခုနှစ် တန်ဆောင်မုန်းလဆုတ် ၈ရက်နှင့် ၉ရက်နေ့ သရက်မြို့၌ကျင်းပခဲ့သည့် အမျိုးသမီး ဝံသာနုကောင်စီအသင်းချုပ်ကြီး၏ အစည်းအဝေးကချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်(၁၀)ချက်အနက် နိုင်ငံရေးနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်အချို့သည် ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေးနှင့်အတူ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ကို ထင်ဟပ်ဖော်ပြခဲ့ခြင်းပင်ဖြစ်ကြောင်း၊ ပထမအချက်အနေနဲ့ ဗြိတိသျှနယ်ချဲ့တို့က ပြည်မနှင့် ရှမ်းပြည်နယ်ခွဲခြားအုပ်ချုပ်ခြင်းကို ကန့်ကွက်သည့်အပြင် ရှမ်းပြည်နယ်ရှိ ရှမ်းတိုင်းရင်းသူညီအစ်မများနှင့် ပြည်မရှိ ဝံသာနုတိုင်းရင်းသူညီအစ်မများသည် နှစ်ပရိစ္ဆေဒများစွာကပင် ပေါင်းသင်းဆက်ဆံလာခဲ့သည့်အတွက် မြန်မာအမျိုးသမီးအားလုံး၏ဆန္ဒပါဘဲ ဗြိတိသျှနယ်ချဲ့တို့က ခွဲခြားသည်ကို အသိအမှတ်မပြုကြောင်းနှင့် ရှေးကထက် ပူးပေါင်းလက်တွဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့ကြောင်း။

ဤသည်မှာ မြန်မာအမျိုးသမီးထုအနေဖြင့် ဗြိတိသျှနယ်ချဲ့တို့၏ သွေးခွဲမှုကို လက်မခံဘဲ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို တညီတညွတ်တည်း ရယူခဲ့ခြင်းပင်ဖြစ်ကြောင်း၊ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းဆိုပြီး တိုင်းရင်းသားလူမျိုးများ တကွဲတပြားစီဟူသောစိတ်ဓာတ်မရှိဘဲ ပြည်ထောင်စုစိတ်ဓာတ်အဖြစ် ပေါင်းစည်းစုရုံးပြီး တစ်စိတ်တည်းတစ်ဝမ်းတည်း အေးအတူပူအမျှ နေထိုင်သွားကြမည်ဆိုသည့် ဆုံးဖြတ်ချက်ပင်ဖြစ်ကြောင်း။

ဒုတိယဆုံးဖြတ်ချက်ကတော့ ဝံသာနုအမျိုးသမီးကောင်စီအသင်းချုပ်ကြီးသည် ဗြိတိသျှနယ်ချဲ့တို့ပေးသည့် ဒိုင်အာခီအုပ်ချုပ်ရေးကို လက်မခံကြောင်းနှင့် ဒိုင်အာခီအတိုင်ပင်ခံကောင်စီဝင် ရွေးကောက်တင်မည့်သူများကို အသင်းသူတို့က မဲမပေးရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဤသည်မှာ ဗြိတိသျှ နယ်ချဲ့အလိုတော်ရိ မကောင်းသည့်သူများကို မကောင်းသည့်အလျောက် ပြတ်ပြတ်သားသား ဆောင်ရွက်ကြခြင်းပင်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ သမိုင်းကြောင်းကို ပြန်ကြည့်လျှင် နယ်ချဲ့လက်အောက်တွင် နှစ်ပေါင်း၁၀၀ကျော် ဖိနှိပ်သွေးစုပ်ခြင်းခံခဲ့ရကြောင်း၊ လွတ်လပ်ရေး ရရှိရန်အတွက် တိုင်းရင်းသားပြည်သူများ၏ အသက်သွေးချွေးမြောက်မြားစွာ ပေးဆပ်ပြီး ရုန်းကန်ကြိုးပမ်းခဲ့ရကြောင်း၊ လွတ်လပ်ရေးရပြီးသည့်နောက်ပိုင်း ဗြိတိသျှနယ်ချဲ့တို့၏ သွေးခွဲမှုပယောဂ၊ ဝါဒရေးရာရှေ့တန်းတင်မှု၊ လူမျိုးရေး အမြင် ကျဉ်းမြောင်းမှုများကြောင့် နှစ်ပေါင်း၄၀ကျော် ပြည်တွင်းသောင်းကျန်းမှုဖြစ်ပွားပြီး ပြည်သူတွေ[illegible]လန်မထူနိုင်ဖြစ်ကာ တိုင်းပြည်ချွတ်ခြုံကျခဲ့ရကြောင်း၊ ၁၉၈၈ခုနှစ်မှာလည်း ဆူပူသောင်းကျန်းသူများ၏ တိုင်းဆူ ပြည်ဖျက် အရေးအခင်းကြောင့် ပြည်သူတွေ ကြိုးလန့်စားဖြစ်ကာ အတိဒုက္ခရောက်ခဲ့ရပြန်ကြောင်း။

၁၉၅၉ခုနှစ် ဧပြီလတွင် မြန်မာနိုင်ငံအိမ်စောင့်အစိုးရက ရှမ်းပြည်နယ်၌ ပြည်သူ့ အုပ်ချုပ်ရေးစနစ်ကို အုတ်မြစ်ချပေးခဲ့သည့်အတွက် ပဒေသရာဇ်စော်ဘွားများ၏ လက်အောက်က လွတ်မြောက်ခဲ့သော်လည်း စော်ဘွားအချို့နှင့် စော်ဘွားအနွယ်များ၏ လောဘအရှိန်မသတ်နိုင်မှုများကြောင့် မူလကအစပျိုးထားသည့် လက်နက်ကိုင်သောင်းကျန်းမှုသည် ၎င်းတို့အာဏာစွန့်ပြီးနောက်ပိုင်း ပိုမိုကျယ်ပြန့်လာခဲ့ကြောင်း၊ ဒေသခံ ရှမ်းတိုင်းရင်းသားများသည် ကိုယ့်အသက်ကို ဖက်နှင့်ထုပ်ပြီး နေခဲ့ကြရသည့်ကာလများပင်ဖြစ်ကြောင်း၊ ရှမ်းပဒေသရာဇ်စော်ဘွားများ ကောင်းစားရေးအတွက် ဆူပူထကြွခဲ့သည့် သောင်းကျန်းမှုသည် ရှမ်းပြည်နယ်မှ တိုင်းရင်းသားမျိုးစုံကို ဒုက္ခပေးလာခဲ့ကြောင်း၊ သတ်ဖြတ်ခြင်း၊ လုယက်ခြင်း၊ မီးရှို့ခြင်း၊ လူသစ်စုဆောင်းခြင်း၊ ဆက်ကြေးပေးရခြင်းစသည့် လူမဆန်စွာ အကြမ်းဖက်လုပ်ဆောင်မှုများကို တိုင်းရင်းသားပြည်သူများ အလူးအလဲ ခံခဲ့ကြရကြောင်း။

အာဏာကို စွန့်လွှတ်လိုက်ရသည့် စော်ဘွားအချို့သည် နယ်ချဲ့၏ သြဇာခံပြီး ၁၉၆၁–၆၂ခုနှစ်တွင် ဖက်ဒရယ်မူလှုပ်ရှားမှုကြီးနှင့် ပြည်ထောင်စုပြိုကွဲအောင် လုပ်ဆောင်ခဲ့ကြပြန်ကြောင်း၊ တိုင်းရင်းသားပြည်သူများကို တစ်လျှောက်လုံး ဒုက္ခပေးခဲ့သည့် စော်ဘွားပဒေသရာဇ်အနွယ်အချို့နှင့် နောက်လိုက်များသည် နိုင်ငံအတွင်း၌ မရပ်တည်နိုင်တော့ဘဲ ပြည်ပြေးဘဝကို ခံယူပြီး ပြည်ပသစ္စာခံများ ဖြစ်သွားခဲ့ကြကြောင်း။

ညောင်ရွှေစော်ဘွားစဝ်ရွှေသိုက်နှင့် စတုတ္ထဇနီး မဟာဒေဝီနန်းဟိန်းခမ်းတို့၏သား ပြည်ပြေးစဝ်ခမ်ဖသည် ပြည်ပ၌ ကပ်ရပ်ခိုလှုံနေရာက ၂၀၀၅ခုနှစ် ဧပြီလ၁၇ရက်နေ့တွင် ရှမ်းပြည်နယ် ယာယီအစိုးရအဖွဲ့ကို ဖွဲ့စည်းထားသည် ဆိုသည့်အကြောင်း၊ ရှမ်းပြည်နယ်ကို လွတ်လပ်သည့်နိုင်ငံအဖြစ် တည်ထောင်ကြောင်း သတင်းထုတ်လွှင့်ကြေညာသွားခဲ့
အတွင်းမှာရှိသည့် ၅၆မြို့နယ် အနက်၄၈မြို့
မလိမ့်တပတ်လိမ်ညာပြီးကြေညာသွားခဲ့ပါ
ရှိသည့် မည်သည့်မြို့၊ မည်သည့်နယ်ကမှ အ
ပြည်ပြေး စဝ်ခမ်ဖနှင့်အပေါင်းပါတစ်စု၏
ချက်များကို လဲချား၊ မိုင်းနောင်၊ ကျေးသီး၊
များတွင်ပြည်သူလူထုကတစ်ခဲနက် ဆန့်ကျ

ရှမ်းပြည်နယ်အတွင်းမှ ဥပဒေဘောင်
သား အဖွဲ့အစည်းများကလည်း ပြည်ပြေ
လက်မခံဘဲ ဆန့်ကျင်ကန့်ကွက်ခဲ့ကြပါ
နောက်လိုက်တစ်စု ဘိန်းစားပြအကြမ်းဖက်
ခဲ့ခြင်းသည်လည်း ယင်းတို့က လိမ်လှည့်စား
ဥပဒေကို ရင်မဆိုင်ရဲခြင်းတို့ကြောင့် တ
ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်အတွင်း သော
သက်ဆိုးရှည်စေမည့် မည်သည့်လုပ်ရပ်ကို
ကန့်ကွက်ရှုတ်ချကြောင်း။

မြန်မာသမိုင်းကို ပြန်ကြည့်မည်ဆိုလျှ
တိုက်ပေးမှုကြောင့် တိုင်းရင်းသားညီအစ်ကို
၄၀ကျော်ကြာတိုက်ခိုက်ခဲ့ကြကြောင်း၊ မိမိတို
ရန်သူသည် နယ်ချဲ့သာဖြစ်သည်ကို မခွဲ
တိုက်ခိုက်ခဲ့ခြင်းပဲဖြစ်ကြောင်း၊အဓိပ္ပါယ်မဲ့သေ
ညီအစ်ကို အချင်းချင်းတိုက်ခိုက်နေရမည့်အ
အချင်းချင်းစုပေါင်းပြီး ပြည်ထောင်စုကြီး
အချိန်ရောက်နေပြီဖြစ်ကြောင်း။

ဆူပူသောင်းကျန်းမှု၏ နောက်တွင်မိ
အညွန့်တုံးဖြစ်ခဲ့ရကြောင်း၊ မဖြစ်နိုင်သ
ဇွတ်ဆက်၍လုပ်နေကြမည်ဆိုလျှင် သော
မိမိတို့အမျိုးသမီးများ မွေးထုတ်လိုက်သည့် သ
အလဟဿသေဆုံးနေရဦးမှာဖြစ်ကြောင်း၊
စုဆောင်းမှုများကြောင့် မိမိတို့မိခင်များသ
ပြန်ကြောင်း၊ မိမိတို့မွေးထုတ်လိုက်သည့် သ
တည်ဆောက်ရေးလုပ်ငန်းများတွင် အသိပ
လည်းကောင်း၊ ပြည်ထောင်စုကြီး အဓွန့်ရှ
သားကောင်းရတနာများအဖြစ် လည်းကော
မိမိတို့မိခင်များ ဂုဏ်ယူနေကြရမှာ ဖြစ်

အချင်းချင်း တိုက်နေခိုက်နေကြလျှ
ဘယ်တော့မှ ဖြစ်လာမှာမဟုတ်ကြောင်း၊
mentခေါ်သည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့
မရှိကြောင်း၊ နိုင်ငံတော်အစိုးရက တိုင်းပြည်
ကြီး ၂၄ခု တည်ထောင်ပေးလျက်ရှိကြော
ကောလိပ်များတွင်မိမိတို့သားသမီးရတန
နေကြပြီဖြစ်ကြောင်း၊ သောင်းကျန်းသူအဖ
ရင်သွေးငယ်များသည် သားကောင်အဖြ
နိုင်ငံတော်၏ ရန်သူအစစ်အမှန်သည်
ဗိုလ်ကျစိုးမိုးရေးဝါဒကျင့်သုံးနေသည့် နိုင်ငံ
အချင်းချင်းတိုက်ခိုက်နေမည့်အစား ပြည်ထေ
စည်းစည်းလုံးလုံး နေထိုင်ပြီး ရန်သူအစစ်
နယ်ချဲ့စနစ်ကို ဆန့်ကျင်သွားကြပါစို့ဟု အ
တိုက်တွန်းလိုက်ပါကြောင်း။

☆ **မြန်မာ့ဒီမိုကရေစီ အသွင်ကူးပြောင်းရေးတွင် တပ်**
ကသာ ဝင်ရောက်ရှေ့ဆောင်မှု မရှိဘူးဆိုလျှင် ဒီမို
ကူးပြောင်းရေးသည် မင်းမဲ့စရိုက်ဆိုးအောက်တွင်
သွားစရာသာရှိ၏။

☆ **ထို့ကြောင့် ပြည်တွင်းပြည်ပမှ ဒီမိုကရေစီလိုလားသည့်**
အနေဖြင့် တပ်မတော်အစိုးရ ရှေ့ဆောင် ဆင်နွှဲနေသ
အသွင်ကူးပြောင်းရေးကို မဖြစ်မနေ ပူးပေါင်းပါဝင်
လိုအပ်၏။

☆ **သို့မှသာ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးသည် ချော**
နှောင့်နှေးကြန့်ကြာမှုမရှိဘဲ အောင်မြင်နိုင်မှာဖြစ်။

...စနစ်နှင့် ဗိုလ်ကျစိုးမိုးရေးဝါဒ ကျင့်သုံးနေသည့်နိုင်ငံကြီးများသာဖြစ် ...စည်းစည်းလုံးလုံးနေထိုင်ပြီး ရန်သူအစစ်အမှန်ကိုဆန့်ကျင်

ကြောင်း သတင်းထုတ်လွှင့်ကြေညာသွားခဲ့ကြောင်း၊ ထို့အပြင် ရှမ်းပြည်နယ် အတွင်းမှာရှိသည့် ၅၆မြို့နယ် အနက်၄၈မြို့နယ်က ထောက်ခံခဲ့သည်ဟုလည်း မလိမ့်တပတ်လိမ်ညာပြီးကြေညာသွားခဲ့ပါသေးကြောင်း၊ ရှမ်းပြည်နယ်အတွင်းမှ ရှိသည့် မည်သည့်မြို့၊ မည်သည့်နယ်ကမှ အားပေးထောက်ခံခဲ့ခြင်းမရှိကြောင်း၊ ပြည်ပြေး စဝ်ခမ်ဖနှင့်အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရေး ကြေညာချက်များကို လဲချား၊ မိုင်းနောင်၊ ကျေးသီး၊ မိုင်းရှူးနှင့် ကန့်ဟိန်းစသည့်မြို့နယ်များတွင်ပြည်သူလူထုကတစ်ခဲနက် ဆန့်ကျင်ကန့်ကွက်ရှုတ်ချခဲ့ကြကြောင်း။

ရှမ်းပြည်နယ်အတွင်းမှ ဥပဒေဘောင်အတွင်းဝင်လာခဲ့ကြသည့် တိုင်းရင်းသား အဖွဲ့အစည်းများကလည်း ပြည်ပြေးစဝ်ခမ်ဖရဲ့ ကြေညာချက်အပေါ် လက်မခံဘဲ ဆန့်ကျင်ကန့်ကွက်ခဲ့ကြပါကြောင်း၊ SSNA အဖွဲ့မှ စိုင်းရီနှင့် နောက်လိုက်တစ်စု ဘိန်းစားပြအကြမ်းဖက်သမား ရဲဆစ်နှင့် ပူးပေါင်းသွားခဲ့ခြင်းသည်လည်း ယင်းတို့ရဲ့ကလိမ်ကကျစ်လှည့်စားထားသည့် အမှန်တရားပေါ်သွားပြီး ဥပဒေကို ရင်မဆိုင်ရဲခြင်းတို့ကြောင့် တိမ်းရှောင်ပူးပေါင်းသွားခဲ့ကြခြင်းပဲ ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်အတွင်း သောင်းကျန်းသူအကြမ်းဖက်သမားများ သက်ဆိုးရှည်စေမည့် မည်သည့်လုပ်ရပ်ကိုမဆို မိမိတို့အမျိုးသမီးထုကြီးက ကန့်ကွက်ရှုတ်ချကြောင်း။

မြန်မာသမိုင်းကို ပြန်ကြည့်မည်ဆိုလျှင် နယ်ချဲ့ကိုလိုနီများ၏ သွေးခွဲ တိုက်ပေးမှုကြောင့် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း သံသယဖြစ်ကာ၍ နှစ်ပေါင်း ၄၀ကျော်ကြာတိုက်ခိုက်ခဲ့ကြကြောင်း၊ မိမိတို့တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ရန်သူသည် နယ်ချဲ့သာဖြစ်သည်ကို မခွဲခြားနိုင်ခဲ့၍ ညီအစ်ကို အချင်းချင်း တိုက်ခိုက်ခဲ့ခြင်းပဲဖြစ်ကြောင်း၊ အဓိပ္ပာယ်မဲ့သေကျေခဲ့ကြရကြောင်း၊ ယခုအချိန်တွင် ညီအစ်ကို အချင်းချင်းတိုက်ခိုက်နေရမည့်အချိန်မဟုတ်တော့ကြောင်း၊ ညီအစ်ကို အချင်းချင်းစုပေါင်းပြီး ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်အောင် ပြုလုပ်ရမည့် အချိန်ရောက်နေပြီဖြစ်ကြောင်း။

ဆူပူသောင်းကျန်းမှု၏ နောက်တွင် မိမိတို့၏ သားသမီးများ ပန်းကောင်း အညွန့်ကျိုးဖြစ်ခဲ့ရကြောင်း၊ မဖြစ်နိုင်သည်ကို တစ်ကိုယ်ကောင်းဆန်ဆန် ဇွတ်ဆက်၍လုပ်နေကြမည်ဆိုလျှင် သောင်းကျန်းမှုသည် သက်ဆိုးရှည်ပြီး မိမိတို့အမျိုးသမီးများ မွေးဖွားလိုက်သည့် သားကောင်းရတနာများသည်လည်း အလဟဿဆုံးရှုံးနေရဦးမှာဖြစ်ကြောင်း၊ သောင်းကျန်းသူများ၏ အဓမ္မသစ်စုဆောင်းမှုများကြောင့် မိမိတို့မိခင်များသည် သောကကိုရင်ဝယ်ပိုက်နေခဲ့ရပြန်ကြောင်း၊ မိမိတို့မွေးထုတ်လိုက်သည့် သားကောင်းရတနာများကို တိုင်းပြည် တည်ဆောက်ရေးလုပ်ငန်းများတွင် အသိပညာရှင် အတတ်ပညာရှင်များအဖြစ် လည်းကောင်း၊ ပြည်ထောင်စုကြီး အဓွန့်ရှည်ရေးအတွက် ကာကွယ်နေသည့် သားကောင်းရတနာများအဖြစ် လည်းကောင်း မြင်တွေ့နေကြရမည်ဆိုလျှင် မိမိတို့မိခင်များ ဂုဏ်ယူနေကြရမှာ ဖြစ်ကြောင်း။

အချင်းချင်း တိုက်နေခိုက်နေကြလျှင်ဖြင့် ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်ရန် ဘယ်တော့မှ ဖြစ်လာမှာမဟုတ်ကြောင်း၊ Human Resource Development ခေါ်သည့် လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုဆိုတာဖြစ်လာနိုင်စရာ မရှိကြောင်း၊ နိုင်ငံတော်အစိုးရက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေရန် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု တည်ထောင်ပေးလျက်ရှိကြောင်း၊ ဖြစ်ထွန်းလာသည့် တက္ကသိုလ်၊ ကောလိပ်များတွင် မိမိတို့သားသမီးရတနာများ အေးချမ်းစွာပညာသင်ကြား နေကြပြီဖြစ်ကြောင်း၊ သောင်းကျန်းသူအဖျက်သမားများရှိနေလျှင် မိမိတို့၏ ရင်သွေးငယ်များသည် သားကောင်အဖြစ် စတေးခံကြရမှာဖြစ်ကြောင်း၊ နိုင်ငံတော်၏ ရန်သူအစစ်အမှန်သည် ခေတ်သစ် ကိုလိုနီနယ်ချဲ့စနစ်ဖြင့် ဗိုလ်ကျစိုးမိုးရေးဝါဒကျင့်သုံးနေသည့် နိုင်ငံကြီးများသာဖြစ်ကြောင်း၊ ထို့ကြောင့် အချင်းချင်းတိုက်ခိုက်နေမည့်အစား ပြည်ထောင်စုကြီးအတွင်း အေးအတူပူအမျှ စည်းစည်းလုံးလုံး နေထိုင်ပြီး ရန်သူအစစ်အမှန်ဖြစ်သည့် ခေတ်သစ်ကိုလိုနီ နယ်ချဲ့စနစ်ကို ဆန့်ကျင်သွားကြပါစို့ဟု အမျိုးသမီးထုကြီးတစ်ရပ်လုံးကိုယ်စား တိုက်တွန်းလိုက်ပါကြောင်း။

နိုင်ငံတော်က ပြည်ထောင်စုကြီးတစ်ခုလုံး တစ်ချိန်တည်းတစ်ပြိုင်တည်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု ကို ကန့်သတ်ရက်ပမာ သတ်မှတ်ဖော်ဆောင်ပေးလျက်ရှိရာ ရှမ်းပြည်နယ်အတွက် ပင်လုံဒေသ၊တောင်ကြီးဒေသ၊ကျိုင်းတုံဒေသနှင့်လားရှိုးဒေသအထူးဖွံ့ဖြိုးရေးဒေသ လေးခုပါဝင်ခဲ့ကြောင်း၊ မည်သည့်ခေတ်၊ မည်သည့်ကာလမျှဆောင်ရွက်ခဲ့ခြင်း မရှိသည်များကို တပ်မတော်အစိုးရက ဆောင်ရွက်ပေးနေခြင်းဖြစ်သကဲ့သို့ တောင်ပေါ်မြေပြန့်ခွဲခြားဘဲ တိုင်းရင်းသားအားလုံး ဖွံ့ဖြိုးတိုးတက်မှုကွာဟမှု အနည်းဆုံးဖြစ်စေရေးအတွက် ဆောင်ရွက်ပေးနေခြင်းပင်ဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် ပြည်ထောင်စုတိုင်းရင်းသားများ စုစည်းနေထိုင်ကြသည့် ပြည်ထောင်စုနိုင်ငံတော်ကြီး ဖြစ်ကြောင်း၊ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲစေရေး ဖော်ဆောင်ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် အဓိကအချက်ဖြစ်ကြောင်း၊ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စေရန်အတွက် မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးက ကြိုးစားဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ရှမ်းပြည်နယ်(အရှေ့ပိုင်း)ခရီးစဉ်တွင်အမှာစကားပြောကြားခဲ့ရာ၌ **"အေးချမ်းတည်ငြိမ်မှုကြောင့်ရရှိဖြစ်ထွန်းနေတဲ့ အခြေအနေကောင်းများကို ဆက်လက်တိုးပွားလာအောင် ကြိုးဆောင်ရင်း မိမိတို့သားစဉ်မြေးဆက်တိုင် ဆက်လက်တည်တံ့ခိုင်မြဲနေစေရအောင် ဘေးပယောဂ အနှောင့်အယှက်များကို နားမယောင်ဘဲ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကာကွယ်စောင့်ရှောက်သွားရန်ဖြစ်တယ်"**ဟု ပြောကြားခဲ့ကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဦးဆောင်မှုအောက်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အမျိုးသမီးများအားလုံးက တက်ညီလက်ညီဖြင့် ရည်မှန်းချက်များ အောင်မြင်အောင် ဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင်လူဦးရေ ၈၃၅၀၄၁ ဦးရှိသည့်အနက် အမျိုးသမီး ဦးရေ ၃၃၇၉၈၄ဦးရှိကြောင်း၊ ဤအထဲမှ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ဝင်(သက်ကြီး) ၇၂၉၆၂ဦး၊ (သက်ငယ်)၂၉၈၆၃ဦး စုစုပေါင်း ၁၀၂၈၂၅ဦး ရှိကြောင်း။

ဤအမျိုးသမီးထုကြီးတစ်ရပ်လုံးအနေဖြင့် တိုင်းရင်းသားစည်းလုံး ညီညွတ်မှုကို ခိုင်မာစွာတည်ဆောက်ခြင်း၊ ငြိမ်းချမ်းသာယာ၍ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရာတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ခြင်းသာလျှင် မျက်မှောက်ခေတ် တိုင်းရင်းသားလူမျိုးအသီးသီးခံယူရမည့် သမိုင်းပေးတာဝန်ကြီးဖြစ်သည်ဟု ခံယူရင်း ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို ကာကွယ်စောင့်ရှောက် တည်ဆောက်သွားကြပါစို့ဟု တိုက်တွန်းရင်း နိဂုံးချုပ် အပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် ရှမ်းပြည်နယ် (အရှေ့ပိုင်း) အမျိုးသမီးရေးရာ အဖွဲ့ဝင် ဒေါ်အားဖယ်က မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြုစကားပြောကြားရာတွင် သမိုင်းအစဉ်အဆက် ထက်မြက်နိုးကြားခဲ့ကြသည့် ပညာ၊ စာဂ၊ သီလတရား တို့ဖြင့် ပြည့်စုံသည့် မြန်မာအမျိုးသမီးများအကြောင်းကို ဦးစွာတင်ပြလိုကြောင်း၊ ပုဂံခေတ်က မိဘမျိုးနွယ်ကို သမိုင်းတွင်အောင် စောင့်ရှောက်ထိန်းသိမ်းခဲ့သည့် ကျန်စစ်သားမင်းကြီးနှင့် မိဖုရား အပယ်ရတနာတို့၏ သမီးတော် ရွှေအိမ်စည် မင်းသမီး၏ စောင့်လေမျိုးနွယ် သီလဂုဏ်၊ စာဂဂုဏ်သည် မြန်မာအမျိုးသမီး များ၏ ဂုဏ်ကိုဆောင်ခဲ့ကြောင်း၊ မိဖုရားဖွားစော၏ မင်းမှုရေးရာ ကျွမ်းကျင် လိမ္မာမှုကလည်း မင်းအဆက်ဆက် အားထားယုံကြည်ရာ ဖြစ်ခဲ့ရကြောင်း၊ ရတနာပုံခေတ်တွင်လည်း သုခမိန်ရှိ၊ သံပျင်မင်းသမီးတို့ကဲ့သို့ စာရေးရေးရာ ကျွမ်းကျင်လိမ္မာသူများ ပေါ်ပေါက်ခဲ့သည့်အပြင် အမျိုးသမီး စာဆိုတော် အကျော်အမော်များလည်း သမိုင်းတွင် အထင်အရှားရှိခဲ့ကြကြောင်း။

မြန်မာအမျိုးသမီးကောင်းများ ဖြစ်စေရန်နှင့် အမျိုးအနွယ်ကို စောင့်ရှောက်သော အမျိုးသမီးများ ဖြစ်စေရန်တို့ကို ပညာပေးရေးသားခဲ့ကြသည့် အမျိုးသမီး သတင်းစာဆရာကြီးများနှင့် အမျိုးသမီးစာရေးဆရာမကြီးများလည်း မြန်မာ့ စာပေနယ်ပယ်တွင် ထည်ထည်ဝါဝါ ရှိခဲ့ကြကြောင်း။

ယင်းကဲ့သို့ မြန်မာပြည်မှာမွေးပြီး မြန်မာ့သွေးစစ်စစ်ဖြင့် ကြီးပြင်းရှင်သန်လာခဲ့ကြသည့် နိုင်ငံ့အကျိုးကိုဆောင်၍ ဂုဏ်ရောင်ထွန်းပြောင်ခဲ့ကြသော မျိုးချစ်မြန်မာအမျိုးသမီးကောင်းများအားလုံးကို ဂုဏ်ပြုသည့်အနေဖြင့် "မြန်မာအမျိုးသမီးများနေ့"ဟူ၍ သမိုင်းတွင်မည့်နေ့တစ်နေ့ကို သတ်မှတ်ခဲ့ခြင်း ဖြစ်ကြောင်း။

မိမိတို့အတွက် မိမိနိုင်ငံ၊ မိမိလူမျိုးသည်သာ အရင်းအမြစ်အကျဆုံးသော ကျေးဇူးရှင်ဖြစ်နေ၍ မိမိနိုင်ငံ၊ မိမိလူမျိုး၏ ဂုဏ်ကျေးဇူးကို အရင်သိတတ်ရမည်၊ အရင်ဦးစားပေးကျေးဇူးဆပ်တတ်ရမည်ဖြစ်ကြောင်း၊ အလျဉ်းသင့်၍ မြန်မာ စစ်စစ် မိကောင်း၊ ဖခင် သမီးတစ်ဦးက ပင်ကိုစိတ်ဖြင့် အမိနိုင်ငံကိုမချစ်၍ နိုင်ငံခြားတွင်နှစ်ပေါင်း ၃၀နေခဲ့ပြီး အမျိုးအနွယ်ကိုမစောင့်စည်းဘဲ နိုင်ငံခြား သားကို လက်ထပ်ပေါင်းသင်းကာ မြန်မာနိုင်ငံကြီး ပျက်စီးပြိုကွဲရေးတော်တို့ လုပ်ဆောင်နေသည်ကို တင်ပြလိုပါကြောင်း။

၎င်းအမျိုးသမီး၏နောက်ကွယ်တွင် အလွန်အန္တရာယ်ကြီးမားသည့် အနောက်နိုင်ငံကြီး တချို့၏ စီမံဖက်မှုများရှိနေကြောင်း၊ နိုင်ငံခြားသားကို အထင်ကြီးပြီးဆရာတင်၊ ပြည်ပသြဇာကို ခံပြီးတော့ပြည်ပစွက်ဖက်မှုတော့ကို ဖိတ်ခေါ်၊ နိုင်ငံတကာကအကြောင်းအမျိုးမျိုးပြပြီး ထောက်ပံ့သည့်ငွေများကို လက်ခံ၊ ခေတ်သစ်ကိုလိုနီနယ်ချဲ့များစေခိုင်းသည်ကို လိုက်လုပ်နေကြောင်း၊ ၎င်း၏လုပ်ရပ်များသည် ပြည်ထောင်စုကြီးပြိုကွဲအောင်၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုပြိုကွဲအောင်၊ ဆူပူအုံကြွမှုတိဒုက္ခရောက်အောင် ဖန်တီးနေသည့် လုပ်ရပ်သာဖြစ်ကြောင်း၊ ၎င်းအနေဖြင့် ယခုကတည်းက တိုင်းတစ်ပါးကျွန် ဖြစ်နေပြီမို့ ၎င်း၏ကျွန်ဘဝသက်ဆိုးရှည်အောင် လုပ်နေခြင်းသာဖြစ်ကြောင်း။

ပြည်ပအားကိုးသည့် ပုဆိန်ရိုးတစ်စုသည် မြန်မာနိုင်ငံတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ မပြုလုပ်ရန်၊ ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်ရုပ်သိမ်းရန် ဖိအားပေးခဲ့ကြကြောင်း၊ ဖြတ်လမ်းမှ အာဏာရရှိရေးအတွက် တိုင်းပြည်နှင့် ပြည်သူလူထုအားလုံးဆင်းရဲဒုက္ခရောက်စေရန်၊ မြန်မာနိုင်ငံအပေါ် စီးပွားရေး ပိတ်ဆို့မှုလုပ်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုမပြုရန်၊ အကူအညီအထောက်အပံ့များ မပေးရန်၊ မြန်မာနိုင်ငံကို ကမ္ဘာလှည့်ခရီးသည်များမလာရောက်ရန် စသည် များကို ၎င်းတို့သခင်နိုင်ငံကြီးများကို စကားနှင့်တစ်မျိုး၊ စာနှင့်တစ်မျိုး ကြေညာချက်ထုတ်၍ တစ်ဖုံ ပိတ်ပင်တာတွေ တားဆီးတာတွေလုပ်ခဲ့ကြ ကြောင်း။

၎င်းကိုယ်တိုင်ကတော့ အနောက်အုပ်စုမှ အချို့နိုင်ငံကြီးများနှင့် နယ်ချဲ့ လက်သစ်တို့၏ ကျားကန်ပေးမှုဖြင့် ရပ်တည်နေပြီး ၎င်းတို့ပေးထားသည့် ဘဲ့ဆုတံဆိပ်၊ငွေကြေးများ လက်ခံရယူနေသည်ကို ပြည်သူများက သိထားပြီး ဖြစ်ကြောင်း၊ နိုင်ငံရေးလုပ်စားနေသည့်ကြေးစားနိုင်ငံရေးသမားဟုပြောလျှင် မမှားကြောင်း။

တပ်မတော်အစိုးရသည် နိုင်ငံတော်တာဝန်ကို ယူခဲ့ရစဉ်ကတည်းက စည်းကမ်းရှိသည့် ဒီမိုကရေစီနိုင်ငံတည်ဆောက်နိုင်ရန်အတွက် ကတိပေးခဲ့ ကြောင်း၊ ပေးခဲ့တဲ့ကတိအတိုင်း ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် ဒီမိုကရေစီနိုင်ငံ တော် တည်ဆောက်ရေးကို အဆင့်အလိုက် စနစ်တကျ စီမံဆောင်ရွက်လျက် ရှိကြောင်း၊ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည့် အခြေခံအုတ်မြစ်ကို တည်ဆောက်နေသည်မှာ အောင်မြင်မှုရနေပြီဖြစ်ကြောင်း၊ ဖွဲ့စည်းပုံ အခြေခံ ဥပဒေဖြစ်ပေါ်လာစေရန် အမျိုးသားညီလာခံကြီးကို ၁၉၉၃ခုနှစ်ကတည်းက စတင်ကျင်းပပေးခဲ့ကြောင်း။

၁၉၉၅ခုနှစ်မှာတော့ ညီလာခံတက်ရောက်နေသည့် ကိုယ်စားလှယ် ၈၆ဦးကို ၎င်းအမျိုးသမီး၏ အမိန့်ဖြင့် ပြန်ခေါ်ခဲ့ကြောင်း၊ ရည်ရွယ်ချက်ကတော့ အမျိုးသားညီလာခံ၏ ရရှိပြီးဖြစ်သည့် အောင်မြင်မှုနှင့် ညီလာခံပျက်ပြားရေးကို လုပ်ဆောင်လိုက်ခြင်းပင်ဖြစ်ကြောင်း၊ ညီလာခံ ပျက်ပြားသွားသည်နှင့် ၎င်းတို့ ပါတီက စိတ်ကြိုက်ခြယ်လှယ်လွှမ်းမိုးနိုင်သည့် အကြိုညီလာခံတစ်ရပ်ကို အစားထိုးကျင်းပနိုင်ရန်ဖြစ်ကြောင်း၊ ၎င်းတို့၏ညီလာခံ၌ ဖယ်ဒရယ် ပြည်ထောင်စုနှင့် လူမျိုးစုအသစ်၊ ပြည်နယ်အသစ်များတည်ထောင်ပြီး ကိုယ်ပိုင် အုပ်ချုပ်ရေးပေးရန်ကိစ္စများ ဆောင်ရွက်ရန် ရည်ရွယ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုရည်ရွယ်ချက်သည် ပြည်ထောင်စုကြီးပြိုကွဲရေးကို ဦးတည်နေတာ ထင်ရှား ကြောင်း၊ ၎င်းအမျိုးသမီးက မြန်မာနိုင်ငံကို ကုလသမဂ္ဂအဖွဲ့မှ ထုတ်ပယ်ပစ်ရန်၊ ကမ္ဘာ့ အလုပ်သမားအဖွဲ့မှ ထုတ်ပယ်ပစ်ရန်၊ အာဆီယံဝင်ခွင့်မပြုရန်ကိစ္စများ ကိုလည်း ပြည်ပကိုလိုနီ လက်သစ်နိုင်ငံများနှင့် ပူးပေါင်းပြီးတိုက်တွန်း ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံနှင့်လူမျိုး အလုံးစုံပျက်စီးရေးလမ်းစဉ်နှင့် မင်းမဲ့ စရိုက်လမ်းစဉ်ကို ပြောင်ပြောင်တင်းတင်းဆောင်ရွက်ခဲ့ခြင်းပင်ဖြစ်ကြောင်း။

၎င်းသည် မလုပ်ကောင်း မလုပ်သင့်သည်များကို လုပ်ခဲ့ကြောင်း၊ တပ်မတော်နှင့် ပြည်သူကို ရန်တိုက်ပေးခြင်း၊ လိမ်ညာစွပ်စွဲပုတ်ခတ်ခြင်းဖြင့် နိုင်ငံတော်ကို အန္တရာယ်ကျရောက်စေရန် ကြံဆောင်ဖန်တီးနေသူဖြစ်ကြောင်း၊ မီးဆိုသည်မှာမလောင်ခင်ကကြိုတင်ကာကွယ်တားဆီးရကြောင်း၊လောင်ကျွမ်းပြီ ဆိုမှ ငြိမ်းသတ်ပါက ဆုံးရှုံးမှုပေါင်းများစွာနှင့်ကြုံတွေ့ကြရမှာ မလွဲဧကန် ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ပအားကိုး ပုဆိန်ရိုးများကို လုပ်ချင်ရာလုပ်ဆိုပြီး လွှတ်မထားသင့်ကြောင်း၊ ထိုက်သင့်သည့် ကာကွယ်မှု၊ ကန့်သတ်မှု၊ ထိန်းချုပ်မှု များကို အများပြည်သူအကျိုးစီးပွားအတွက် မဖြစ်မနေ ဆောင်ရွက်ပေးသင့် ပါကြောင်း မြန်မာအမျိုးသမီးထု၏ကိုယ်စား တင်ပြလိုပါကြောင်း။

မိမိမြန်မာနိုင်ငံတွင် "မိန်းမဖျက်တော့ ပြည်ပျက်သည်" ဟူသော မိန်းမဆိုး များနှင့် ပတ်သက်သည့် စကားပုံတစ်ခုရှိကြောင်း၊ မိမိအစမ်းအစကို အလဲသွင်းစား လုပ်ကာ ထင်ပေါ်ကျော်ကြားအောင် လုပ်လေ့ရှိသည့် မိန်းမသားများ သတိထား စရာ ဖြစ်ကြောင်း၊ မိန်းမ/ယောကျ်ား မဟူနိုင်ငံတော်ကို တည်ဆောက်ရာတွင် လည်းကောင်း၊ ယဉ်ကျေးမှုကိုထိန်းသိမ်းရာတွင်လည်းကောင်း တာဝန်အတူ တူရှိကြကြောင်း၊ သို့သော် မိမိအစမ်းအစကို အားအကိုးလွန်ကာ ပြည်ဖျက်သည့် သူမကဲ့သို့ မိန်းမဆိုးစာရင်းသို့ ဝင်မသွားစေရန် မိမိတို့မြန်မာအမျိုးသမီးများ အနေဖြင့် သတိကြီးစွာထားသင့်ပါကြောင်း။

၎င်းနှင့် ၎င်းနောက်လိုက်များ၏ ရမ်းကားမှုနှင့် ထင်ရာစိုင်း မင်းမဲ့စရိုက် လကၡဏာများဖြင့် လုပ်ဆောင်နေသည်များကို ခွင့်ပြုထားမည်ဆိုပါက မိမိတို့ တိုင်းပြည်သည် ကျွန်အောက် သပေါက်ဘဝကို ရောက်ရှိသွားနိုင်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ ၅၄သန်းကျော်သော အများပြည်သူ အကျိုးစီးပွားနှင့် တိုင်းပြည်၏ အကျိုးစီးပွားကို ရှေးရှုလျက်တိုင်းပြည်တွင်းကံကြမ္မာဆိုး မဝင်ရောက်အောင် အန္တရာယ်ရှိသူများကို မျက်ခြည်မပြတ် စောင့်ကြည့်၍ အရေးယူဆောင်ရွက် သင့်ကြောင်း တင်ပြလိုပါကြောင်း။

... ကျ်ူးပြောင်းရေးတွင် တပ်မတော်အစိုးရ ...ဝင်မှု မရှိဘူးဆိုလျှင် ဒီမိုကရေစီ အသွင် ...မဲ့စရိုက်ဆိုးအောက်တွင် ကယ်ပျောက်

...မှ ဒီမိုကရေစီလိုလားသည့် အင်အားစုများ ...းရ ရှေ့ဆောင် ဆင်နွှဲနေသည့် ဒီမိုကရေစီ ...ဖြစ်မနေ ပူးပေါင်းပါဝင် ဆောင်ရွက်ရန်

...ကူးပြောင်းရေးသည် ချောချောမွေ့မွေ့ဖြင့် ... အောင်မြင်နိုင်မှာဖြစ်။

မြန်မာ အမျိုးသမီးများနေ့ အခမ်းအနားကို ရှမ်းပြည်နယ် (အရှေ့ပိုင်း)ကျိုင်းတုံမြို့ မြို့တော် ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် (အရှေ့ပိုင်း)အမျိုးသမီးရေးရာ အဖွဲ့မှ တာဝန်ရှိသူများက ထူးချွန် အမျိုးသမီးများအား ဂုဏ်ပြုဆုများ ပေးအပ်စဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံတော်ပြန်တမ်း

ရန်ကုန် ဇူလိုင် ၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပညာရေး ဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) မြင်းခြံဒီဂရီ ကောလိပ်ကျောင်းအုပ်ကြီးအဖြစ် ယင်းဒီဂရီကောလိပ်မှ ဒုတိယကျောင်းအုပ် ကြီး ဦးမောင်မောင်အား တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှ စ၍ အစမ်းခန့်ထားလိုက်သည်။

အနောက်နိုင်ငံကြီးအချို့၏ မြန်မာ နိုင်ငံအပေါ် သဘောထားအမြင်ကို တင်ပြရမည်ဆိုလျှင် အောက်ပါ အခြေခံအမြင်သုံးရပ် တိမ်းပါးနေတာ ကို တွေ့ရကြောင်း။

ယင်းအမြင် သုံးရပ်မှာ–

(၁) မြန်မာနိုင်ငံ၏ ဖြစ်ပေါ်ပြောင်းလဲမှုများကို အနောက်နိုင်ငံများနှင့် ပုံတူတောင်းဆိုနေခြင်း၊

(၂) ပြောင်းလဲလာသော လူမှုစနစ်ထက် လူပုဂ္ဂိုလ်အပေါ် အလေးပေးခြင်း၊

(၃) မြန်မာနိုင်ငံအပေါ် အဆိုးမြင်ရှုထောင့်ကသာ ကြည့်ခြင်းတို့ဖြစ်ကြောင်း။

မြန်မာ့ဒီမိုကရေစီ အသွင်ကူး ပြောင်းရေးတွင် တပ်မတော်အစိုးရ ကသာ ဝင်ရောက်ရှေ့ဆောင်မှု မရှိဘူး ဆိုလျှင် ဒီမိုကရေစီ အသွင်ကူးပြောင်း ရေးသည် မင်းမဲ့စရိုက်ဆိုးအောက်တွင် ကွယ်ပျောက်သွားစရာသာရှိကြောင်း၊ ထို့ကြောင့် ပြည်တွင်းပြည်ပမှ ဒီမို ကရေစီလိုလားသည့် အင်အားစုများ အနေဖြင့် တပ်မတော်အစိုးရ ရှေ့ဆောင် ဆင်နွှဲနေသည့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကို မဖြစ်မနေ ပူးပေါင်းပါဝင် ဆောင်ရွက်ရန် လိုအပ် လှကြောင်း၊ သို့မှသာ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးသည် ချောချော မွေ့မွေ့ဖြင့်နှောင့်နှေးကြန့်ကြာမှု မရှိဘဲ အောင်မြင်နိုင်မှာ ဖြစ်ကြောင်း။

အသွင်ကူးပြောင်းရေးဆိုသည်ကို မည်သည့် ပုဂ္ဂိုလ်တစ်ဦး တစ်ယောက် ကမျှ မဖန်တီးနိုင်ကြောင်း၊ လူ့အဖွဲ့ အစည်းကသာ ဖန်တီးနိုင်ကြောင်း၊ မိမိတို့နိုင်ငံသည် ဆိုရှယ်လစ် စီးပွား ရေး စနစ်ကို ဖျက်သိမ်းပြီး တံခါးဖွင့် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံး ခဲ့သည့်အတွက် မတူခြားနားစွာ ပြောင်းလဲတိုးတက်လာနေသော်လည်း အနောက်နိုင်ငံကြီးအချို့သည် မြန်မာ နိုင်ငံအပေါ် အတိုးနည်း ချေးငွေများ၊ လူသားချင်းစာနာသည့် အကူအညီ များ ဖြတ်တောက်ပစ်ခဲ့ကြောင်း၊ စီးပွားရေးပိတ်ဆို့အရေးယူခဲ့ကြောင်း၊ ဤသည်မှာ အနောက်နိုင်ငံကြီးများ အနေဖြင့် ပြောင်းလဲလာသည့် စနစ် ထက် လူပုဂ္ဂိုလ်အပေါ်အလေးထားနေ ခြင်းသာ ဖြစ်ကြောင်း၊ အများပြည်သူ အကျိုးထက် လူပုဂ္ဂိုလ်တစ်ဦး တစ်ယောက်အကျိုးကို အလေးပေး ခဲ့ခြင်းကြောင့် မိတ်ဖက်ကို ရန်ဘက် အသွင်ကျင့်သုံးနေခြင်း ဖြစ်သည်ဟု သုံးသပ်တွေ့ရှိရကြောင်း။

မိမိတို့နိုင်ငံသည် ယခုဆိုလျှင် တိုင်းရင်းသားများ နေထိုင်ရာ နယ်စွန် နယ်ဖျားပါမကျန် တည်ငြိမ်အေးချမ်း စွာဖွံ့ဖြိုးတိုးတက်လာမှု၊ ဆက်သွယ် ရေးလုပ်ငန်းကျယ်ပြန့်လာမှု၊ပြည်တွင်း ပြည်ပဈေးကွက် ကျယ်ပြန့်လာနေမှု များ၊ ခေတ်မီစိုက်ပျိုးရေးနှင့် ကုန်စည် ထုတ်လုပ်ရေးလုပ်ငန်းသစ်များ၊အိမ်နီး ချင်း နိုင်ငံများနှင့် ပူးပေါင်းဆောင် ရွက်မှု ပိုမိုကျယ်ပြန့်တိုးတက်လာမှု များနှင့် အာဆီယံအဖွဲ့ဝင်အဖွဲ့ဝင် နိုင်ငံအဖြစ် တက်ကြွစွာပါဝင်လာမှု များသည် ပကတိပြောင်းလဲတိုးတက် လာမှုတွေဖြစ်ကြောင်း၊ ယခင်အစိုးရ အဆက်ဆက်က ဆောင်ရွက်နိုင်စွမ်း မရှိသည့် အမျိုးသားပြန်လည် သင့်မြတ် စည်းလုံးရေးကို တိုင်းရင်း သား လက်နက်ကိုင် အဖွဲ့(၁၇) ဖွဲ့နှင့်

စာမျက်နှာ ၁၃ ကော်လံ ၃သို့

✧ **ကျောဖုံးမှ**

မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ထူးချွန်ဆုရရှိကြသူများ၊ ရပ်မိရပ်ဖများ၊ ဖိတ်ကြားထားသူများ စုစုပေါင်း အင်အား ၇၇၈ ဦး တက်ရောက်ကြသည်၊ အခမ်းအနားတွင် သဘာပတိအဖြစ် ရောဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးကျော်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ရောဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့စည်းရုံးရေးဌာနမှူး ဒေါ်သန်းသန်းလွင်၊ ရောဝတီတိုင်း အမျိုးသမီးများကာကွယ်စောင့်ရှောက်ရေးနှင့် ပြန်လည်နေရာချထားရေးအဖွဲ့ခေါင်းဆောင် ဒေါ်စန်းကြင်၊ ရောဝတီတိုင်း အမျိုးသမီးရေးရာ အဖွဲ့ဝင်များဖြစ်သည့် ပုသိမ်မြို့

ရောဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ရောဝတီတိုင်း ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ သဘာပတိ ရောဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးကျော် ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ပြည်သူ့ဆေးရုံကြီးမှ သားဖွားနှင့်မီးယပ် အထူးကု ဆရာဝန်ကြီး ဒေါက်တာ ဒေါ်သန်းသန်းအေးနှင့် ပုသိမ်တက္ကသိုလ် မြန်မာစာဌာနကထိက ဒေါ်ခင်မာမြင့်တို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် ပုသိမ်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်ဒေါ်မြတ်လေးငုံနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ပုသိမ်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်သန္တာအောင်တို့က ဆောင်ရွက်ကြသည်။

ဦးစွာ ရောဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင် မြန်မာအမျိုးသမီးငယ်လေးများက **“မြန်မာအမျိုးသမီးများစမ်းပကား”** ဂုဏ်ပြုတေးသီချင်းကို သံပြိုင်သီဆို၍ အခမ်းအနားကိုဖွင့်လှစ်သည်။ ယင်းနောက် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားသို့တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအားအလေးပြုကြသည်။

ထို့နောက် သဘာပတိ ရောဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးကျော်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယနေ့သည် မြန်မာအမျိုးသမီးများအားလုံး၏ စွမ်းဆောင်ရည်မြင့်မားမှုကို ဂုဏ်ပြုကျင်းပသည့် မြန်မာအမျိုးသမီးများနေ့ဖြစ်၍ အလွန်မင်္ဂလာရှိသည့်နေ့ဟု ဆိုရမှာဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေက မြန်မာနိုင်ငံ၏အမျိုးသမီးရေးရာနှင့်စပ်လျဉ်းပြီး လမ်းညွှန်မိန့်ကြားရာတွင် **“နိုင်ငံတော်အစိုးရကတည်ဆောက်နေသည့်နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများ အကောင်အထည်ပေါ်အောင်၊ ခိုင်မြဲလာအောင် အမျိုးသမီးထုကြီးက ကျရာကဏ္ဍမှပါဝင်ကြိုးပမ်းဆောင်ရွက်သွားရန်၊ အမျိုးသမီးအခွင့်အရေး၊ လူ့အခွင့်အရေးတို့ကို အသုံးချပြီး အမျိုးသမီးငယ်များကို လမ်းမှားသို့ တွန်းပို့နေသည့် နယ်ချဲ့အလိုတော်ရိတို့၏ လှုံ့ဆော်ဖန်တီးမှုကိုဆန့်ကျင်တိုက်ဖျက်သွားကြရန်၊ မြန်မာအမျိုးသမီးများ၏ နူးညံ့ယဉ်ကျေးသည့်ဓလေ့စရိုက်၊ နက်ရှိုင်းတည်ငြိမ်သည့် အမူအကျင့်၊ နက်နဲသိမ်မွေ့သည့် အတွေးအခေါ်အယူအဆ အထိန်းအကွပ်ဖြင့် ဖြစ်ထွန်းလျက်ရှိသည့် အခွင့်အလမ်းများ ပုံမှန်ရှင်သန်လာအောင် ဝိုင်းဝန်းကြိုးပမ်းကြရန်”** ဟူ၍ မိန့်ကြားခဲ့ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်အရ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် လူဦးရေ ၅၄ သန်းကျော်၏ ထက်ဝက်ကျော် ၅၀ ဒသမ ၃ ရာခိုင်နှုန်းဖြစ်သည့် မြန်မာအမျိုးသမီး အင်အား ၂၇ သန်းကျော်ကိုကိုယ်စားပြုပြီး နိုင်ငံနှင့်လူမျိုးအကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ရန် မန္တမြတ်မြင့်မားသည့် ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သည် မြန်မာအမျိုးသမီးထုကြီး၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးအတွက် ကျယ်ကျယ်ပြန့်ပြန့်ထိထိရောက်ရောက် လွှမ်းခြုံဖော်ဆောင်ပေးနိုင်ရန်နှင့် လုပ်ငန်းသဘာဝချင်း တူညီသည့် အပြည်ပြည်ဆိုင်ရာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း။

ယခုအခါ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးသည် မြန်မာအမျိုးသမီးများကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းဆောင်ရွက်မှုများသာမက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများတွင်မြန်မာအမျိုးသမီးထုတစ်ရပ်လုံး တစ်စိတ်တည်း၊ တစ်ဝမ်းတည်း၊ တစ်သွေးတစ်သားတည်း စုစည်းညီညွတ်စွာ ပါဝင်ပူးပေါင်းဆောင်ရွက်သွားနိုင်အောင် မြန်မာအမျိုးသမီးများဆိုင်ရာ လူမှုရေးအဖွဲ့အစည်းကြီးတစ်ရပ်အဖြစ် ဦးဆောင်ဦးရွက်ပြုပြီး တက်ညီလက်ညီဖော်ဆောင်ပေးလျက်ရှိနေကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဖွဲ့စည်းမှုကိုကြည့်လျှင် အဖွဲ့ချုပ်၏အောက်၌ လုပ်ငန်းအဖွဲ့များနှင့် ဌာနကြီးများ ပါဝင်ဖွဲ့စည်းထားပြီး အဆင့်ဆင့်သော အဖွဲ့များအဖြစ် ပြည်နယ်/တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအမျိုးသမီးရေးရာအဖွဲ့များဖြင့် အောက်ခြေအဆင့်အထိ တစ်နိုင်ငံလုံးကိုလွှမ်းခြုံပြီး ကျယ်ကျယ်ပြန့်ပြန့်ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း။

အတိတ်သမိုင်းကိုပြန်ကြည့်လျှင် နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှုဖြစ်သည့် ၁၃၀၀ ပြည့်နှစ် အရေးတော်ပုံ၌လည်း မြန်မာအမျိုးသမီးများသည် နယ်ချဲ့၏ခြိမ်းခြောက်မှုကို မကြောက်ရွံ့ဘဲ အမျိုးဘာသာသာသနာအတွက် သက်စွန့်ကြိုးပမ်းတိုက်ပွဲဝင်ခဲ့ကြကြောင်း၊ မြန်မာအမျိုးသမီးများ၏ နယ်ချဲ့ဆန့်ကျင်ရေးသမိုင်းတွင် ကုမာရီအသင်း၊ မြန်မာ့ဟိတကုမာရီအမျိုးသမီးတပ်ဖွဲ့၊ ပြည်သူ့ရဲမေများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးများ လွတ်လပ်ရေးအဖွဲ့၊ နေရှင်နယ်ကောင်စီ အမျိုးသမီးအဖွဲ့စသည့် အသင်းအဖွဲ့များဖွဲ့စည်းပြီး လွတ်လပ်ရေးတိုက်ပွဲ၌ ပြောင်မြောက်စွာ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း။

မျက်မှောက် မြန်မာနိုင်ငံ၏ သမိုင်းတွင်လည်း မြန်မာအမျိုးသမီး အသိပညာရှင်၊ အတတ်ပညာရှင်များသည် နိုင်ငံတာဝန်ကိုကျရာကဏ္ဍမှ ထမ်းဆောင်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဆရာဝန်အသင်း၏ အမျိုးသမီးဆရာဝန်များအဖွဲ့၊ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း စသည့် အသင်းအဖွဲ့အစည်းများတွင် တက်ကြွစွာ ထမ်းဆောင်နေသည့် မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်ရည်မြင့်မားမှုကို အထင်အရှား တွေ့မြင်နေပြီဖြစ်ကြောင်း။

မြန်မာအမျိုးသမီးများ၏ နိုင်ငံ့အကျိုး သယ်ပိုးရွက်ဆောင်မှုများသည် မြန်မာ့သမိုင်းတွင်ထင်ရှားခဲ့သလို မျက်မှောက်ကာလတွင်လည်း အမျိုးသားများနှင့် ရင်ပေါင်တန်းကာ နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် နေ့မအား၊ ညမနား ပါဝင်ဆောင်ရွက်လျက်ရှိနေကြောင်း။

ယနေ့မြင်ရလျှင် ရောဝတီတိုင်း ပုသိမ်-မြောင်းမြကားလမ်းပေါ်တွင်တည်ရှိသည့် ပမ္မဝတီ မြစ်ကူးတံတားကို မြန်မာအမျိုးသမီး အင်ဂျင်နီယာများက တည်ဆောက်နေခြင်းဖြစ်ပြီး မကြာခင်ပြီးစီးတော့မှာဖြစ်ကြောင်း။

မြန်မာတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်း အစဉ်အလာများကို မသိနားမလည်သူ တိုင်းတစ်ပါးသားများ ရှေ့မှောက်၌ အမေကျော် ဒေးဗစ်တော်လမ်းသူများက အကျည်းတန်ထောက် ခလောက်ဆန်နေခြင်းသည် မြန်မာတိုင်းရင်းသားတို့၏ ဘာသာရေးယုံကြည်ချက်နှင့် ယဉ်ကျေးမှု ဓလေ့ထုံးတမ်း အစဉ်အလာများကို ထိခိုက်ပျက်ပြားအောင် လုပ်ဆောင်နေခြင်းပင်ဖြစ်။

အမျိုးသားစည်းလုံးညီညွတ်မှုကို ပြိုကွဲအောင်မလုပ်ရန် မြန်မာအမျိုးသမီးများကိုယ်စား တိုက်တွန်း

အလားတူ မြန်မာအမျိုးသမီး ဆေးပညာရှင်ပါရဂူများနှင့် ဆရာဝန်များ၊ မြန်မာအမျိုးသမီးတရားဦးဒေ ပညာရှင်များ၊ ပညာရပ်ဆိုင်ရာဘာသာရပ်အလိုက် မြန်မာအမျိုးသမီးပါရဂူများနှင့် ပညာရှင်များ၊ စီးပွားရေးစွမ်းဆောင်ရှင် မြန်မာအမျိုးသမီးများသည် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင်ကျရာကဏ္ဍမှ စွမ်းဆောင်ရည်မြင့်မားစွာ ပါဝင်ဆောင်ရွက်လျက်ရှိနေကြောင်း။

တပ်မတော်အစိုးရသည် နိုင်ငံတော်အေးချမ်းတည်ငြိမ်မှုရှိအောင် ငြိမ်းချမ်းရေးရယူတည်ဆောက်ခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် လမ်း၊တံတား၊ စက်ရုံ၊ ဆက်သွယ်ရေး၊ ဆေးရုံ၊တာတမံ စသည့် အခြေခံအဆောက်အအုံများတည်ဆောက်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက္ကသိုလ်၊ နည်းပညာ ကောလိပ်၊ ကွန်ပျူတာကောလိပ်နှင့် အခြေခံကျောင်းများကို အဆင့်မြှင့်တင် တိုးချဲ့တည်ဆောက်ခြင်းစသည့် တိုင်းကျိုးပြည်ဆောင်လုပ်ငန်းများကို တစိုက်မတ်မတ် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မြန်မာတိုင်းရင်းသားများသည် အမိနိုင်ငံတော်၌ ရှေးပဝေသဏီကတည်းကပင် အေးအတူ ပူအမျှ ဦးမကွဲ ခြိုက်မပျက် နေထိုင်လာခဲ့ကြသူများဖြစ်ကြောင်း၊ ရပ်ကျိုးရွာကျိုးနှင့် တိုင်းကျိုးပြည်ကျိုးကို မည်သူ၏ တိုက်တွန်းနှိုးဆော်ချက်မှ မပါဘဲ ပင်ကိုဗီဇအသိစိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်လေ့ရှိကြကြောင်း၊ မိမိတို့၏ ရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အိမ်သစ်ဆောက်၊ ကျီသစ်ဆောက်ခြင်းကအစ လယ်ထွန်ပျိုးနုတ်၊ ကောက်စိုက်ရာအလယ်၊ လမ်းတံတား၊ ဆည်တမံတည်ဆောက်မှုအဆုံး တစ်ရွာလုံး၊ တစ်ရပ်လုံး၊ ရပ်ဓလေ့၊ ရွာဓလေ့အဖြစ် စုရုံးပါဝင်လုပ်ဆောင်လေ့ရှိကြကြောင်း။

ယခုကဲ့သို့ ရပ်ရေးရွာရေးကိစ္စများ၌လည်း မြန်မာအမျိုးသမီးများသည် ရိုးရာအစဉ်အလာမပျက် မောင်တစ်ထမ်း၊မယ်တစ်ရွက် ပါဝင်ဆောင်ရွက်နေကြခြင်းပင်ဖြစ်ကြောင်း၊ မြန်မာတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်း အစဉ်အလာများကို မသိနားမလည်သူ တိုင်းတစ်ပါးသားများရှေ့မှောက်၌ အမေကျော် ဒေးဗစ်တော်လမ်းသူများက အကျည်းတန်ထောက်ခလောက်ဆန်နေခြင်းသည် မြန်မာတိုင်းရင်းသားတို့၏ ဘာသာရေးယုံကြည်ချက်နှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်း အစဉ်အလာများကို ထိခိုက်ပျက်ပြားအောင် လုပ်ဆောင်နေခြင်းပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအကျိုးကို မလိုလားသည့် အနောက်အုပ်စု ဆရာကြီးများက သဘောတရား ကွဲပြားခြားနားမှုအရ တစ်ဖက်သတ် ဘောင်ခတ်သတ်မှတ်မှုများကို ဖိအားပေးလုပ်ဆောင်လာသဖြင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများတွင် အနုတ်လက္ခဏာဆောင်သည့် ပေးဆပ်ရခြင်းများရှိလာခဲ့သည်အထိ နိုင်ငံနှင့်လူမျိုးအတွက် ဆုံးရှုံးနစ်နာနေရကြောင်း မြန်မာအမျိုးသမီးတစ်ရပ်လုံး၏ကိုယ်စား ထုတ်ဖော်ပြောကြားလိုက်ပါကြောင်း။

ယနေ့ မြန်မာနိုင်ငံတွင် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာအမျိုးသမီးများအပါအဝင် ပြည်သူတစ်ရပ်လုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ပြည်တွင်း၊ ပြည်ပအဖျက်သမားများက မြန်မာနိုင်ငံ၌ စီးပွားရေးရင်းနှီးမြှုပ်နှံမှု မလုပ်ရန်၊ ကမ္ဘာ့လှည့်ခရီးသွားဧည့်သည် မြန်မာနိုင်ငံသို့မလာရန်၊ ပြည်ပအကူအညီ အထောက်အပံ့များမပေးရန် စသည်ဖြင့် အကြောင်းအမျိုးမျိုးပြကာ မြန်မာနိုင်ငံ မဖွံ့ဖြိုးမတိုးတက်အောင် ဘက်စုံထောင့်စုံမှ ဖိအားပေး နှောင့်ယှက်လျက်ရှိနေကြောင်း၊ မြန်မာအမျိုးသမီးများအပါအဝင် ပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်မှုကို ဖျက်လိုဖျက်ဆီး လုပ်နေသည့် ပြည်ပြေးအဖျက်သမားများကလည်း ၎င်းတို့၏ ပြည်ပဆရာကြီးများ၏ အားပေးအားမြှောက်မှုဖြင့် အကြမ်းဖက် အဖျက်အမှောင့်လုပ်ရပ်များကို တိုးလို့လာ ပြုလုပ်နေသည်ကို တွေ့ရှိကြရမှာဖြစ်ကြောင်း။

အနောက်အင်အားကြီးနိုင်ငံအချို့သည် မြန်မာနိုင်ငံ၌ ၎င်းတို့ကြိုက်နှစ်သက်သည့် ဆန္ဒရှိသည့် ရုပ်သေးအစိုးရတင်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရကို ဖိအားပေး အကျပ်ကိုင်နိုင်အောင် နည်းမျိုးစုံသုံးပြီး လုပ်ကြံဖန်တီးလျက်ရှိရုံမက ILOစင်မြင့်ကိုလည်း အလုပ်သမားကိစ္စများအတွက်သာမကဘဲ မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သည့် နိုင်ငံရေးစင်မြင့်တစ်ခုအဖြစ် အသုံးချနေသည်ကို သုံးသပ်တွေ့ရှိနိုင်ကြောင်း။

ထို့ကြောင့် အင်အားကြီးနိုင်ငံအချို့နှင့် အဆိုးမြင်ဝါဒီအချို့အား မြန်မာနိုင်ငံ၏ အဖြစ်မှန်အခြေအနေနှင့် ပကတိအခြေအနေတို့ကို သိမြင်ပြီး အပြုသဘောဖြင့်ချဉ်းကပ်ရန်၊ ရိုးသားမှုဖြင့် ရှုမြင်ရန်၊ အမျိုးသားစည်းလုံးညီညွတ်မှုကို ပြိုကွဲအောင်မလုပ်ရန် မြန်မာအမျိုးသမီးများကိုယ်စား တိုက်တွန်းလိုက်ပါကြောင်း။

ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ သည်ယုန်မြင်၍ သည်ချုံထွင်နေသည့် အဖျက်လုပ်ရပ်ကို သိမြင်သဘောပေါက်နေသည့် မြန်မာနိုင်ငံ အမျိုးသမီးထု တစ်ရပ်လုံးသည် မိတ်ဖက်လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းကာ-

- **နိုင်ငံတော်အစိုးရ၏ ဒေသအားလုံး၊ ကဏ္ဍအားလုံးဖွံ့ဖြိုးရေး၊ တည်ဆောက်ရေး လုပ်ငန်းများ၌ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးနှင့်အတူ ပါဝင်လက်တွဲဆောင်ရွက်သွားကြပါ။**
- **မြန်မာအမျိုးသမီးတို့၏ သမိုင်းအစဉ်အလာကြီးမားသော အမျိုးဂုဏ်၊ ဇာတိဂုဏ်ထိန်းသိမ်းမှု၊ ဂုဏ်သိက္ခာကြီးမားမှုတို့ကိုအစဉ်ထာဝရ ဂုဏ်ယူထိန်းသိမ်းပြီး မြန်မာအမျိုးသမီးတို့၏ လူနေမှုဘဝကို အစဉ်အမြဲကာကွယ်မြှင့်တင်နေကြပါ။**
- **အမျိုးသားအကျိုးစီးပွားကို လုံးဝလျစ်လျူရှုပြီး လူတစ်ယောက်၏ ပုဂ္ဂိုလ်ရေးအကျိုးစီးပွားကိုသာ ကိုယ်စားပြုနေသည့် ပြည်ပဖိအားပေး လှုပ်ရှားမှုမှန်သမျှကို ဆန့်ကျင်ရှုတ်ချသွားကြပါ။**
- **မြန်မာ့သမိုင်းတွင် ခါးသီးစွာခံစားခဲ့ရပြီးဖြစ်သည့် ပြည်ပသြဇာခံဘဝနှင့် ကိုလိုနီအပြုခံရမှုဘဝမှ ကင်းဝေးအောင် ကြိုးပမ်းအားထုတ်သွားကြပါ။**
- **မည်သည့်အခြေအနေမျိုးကို ရင်ဆိုင်ရစေကာမူ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွား၊ မြန်မာအမျိုးသမီးထုကြီး၏ အကျိုးစီးပွားကို နိုင်ငံအတွင်း ရှိသည့် လူမှုရေးအသင်းအဖွဲ့များနှင့်အတူ လက်တွဲပူးပေါင်းပြီး စည်းလုံးညီညွတ်သောအင်အားဖြင့် ကာကွယ်တည်ဆောက်သွားကြပါ**

ဟု တိုက်တွန်းရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

nternet(8) 10 7/8/05, 12:32 AM

ဒို့တာဝန်အရေး(၃)ပါးသည် မည်သည့်ခေတ်အခါတွင်မဆို ဦးထိပ်ပန်ဆင်ထားရသည့် အမျိုးသားရေးမူဝါဒပင်ဖြစ်

➪ စာမျက်နှာ ၁၀ မှ

ယင်းနောက် ရောဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်ဒေါ်ရီရီချိုက မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုစကားပြောကြားရာတွင် ယနေ့ ဇူလိုင်လ (၃)ရက်နေ့ မြန်မာအမျိုးသမီးများနေ့ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အမျိုးသမီးရေးရာအဖွဲ့အဆင့်ဆင့်က ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် မြန်မာအမျိုးသမီးများနေ့အခမ်းအနားကို ကျင်းပနေကြခြင်းဖြစ်သည့်အတွက် မြန်မာအမျိုးသမီးထုကြီးအနေဖြင့် အလွန်ဝမ်းသာဂုဏ်ယူရန် ကောင်းသည့် နေ့ထူးနေ့မြတ်တစ်ခုဖြစ်ကြောင်း။

မြန်မာ့လူ့ဘောင်၏ သမိုင်းအစကတည်းကပင် မြန်မာအမျိုးသမီးများသည် မြင့်မားသော စွမ်းဆောင်ရည်များဖြင့် သမိုင်းနိဒါန်းဖွင့်နိုင်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက်၌ မြန်မာအမျိုးသမီးများသည် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး နယ်ပယ်များ၌ သမိုင်းတွင်သည်အထိ စွမ်းဆောင်နိုင်အား မြင့်မြင့်မားမားရှိခဲ့ကြောင်း။

“ရွှေရောင်လျှမ်းလျှမ်း၊ ကြငှန်းလူလူ၊ ထီးဖြူလွင့်လွင့်၊ ပစ္စင်လျှပ်လျှပ်၊ ပြာသာဒ်လျှံလျှံ၊ ဘုံပုံလွှားလွှား၊ တံခါးလျှိုလျှို၊ ကျုံးညိုသာယာ”ရှိလာခဲ့သော ကိုယ့်မင်းကိုယ့်ချင်း ခေတ်အဆက်ဆက်တွင် နိုင်ငံတော်၏ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုနယ်ပယ်တို့တွင် မြန်မာအမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူ ခေါင်းဆောင်ကောင်းတို့၏ အရည်အချင်းနှင့် နောက်လိုက်ကောင်းတို့၏ အရည်အချင်းများ ပြည့်စုံစွာဖြင့် ကျရာကဏ္ဍမှ နိုင်ငံ့တာဝန်ကို ထမ်းဆောင်နိုင်ခဲ့ကြကြောင်း။

ကိုလိုနီနယ်ချဲ့ခေတ်၌လည်း နယ်ချဲ့တို့၏ ဖိနှိပ်ချုပ်ခြယ်မှုများကြားမှ နိုင်ငံနှင့် တစ်မျိုးသားလုံး၏ ဂုဏ်ကို သက်စွန့်ကြိုးပမ်း မြှင့်တင်ခဲ့ကြသည့် ထက်မြက်ထူးချွန်သော မြန်မာအမျိုးသမီးတို့၏ စွမ်းဆောင်ရည်သည် ကမ္ဘာက သိသည်အထိ ကမ္ပည်းမော်ကွန်းထိုးနိုင်ခဲ့ကြောင်း။

ဤသို့ဖြင့် ခေတ်အဆက်ဆက်မှ မြန်မာအမျိုးသမီးများသည် ၎င်းတို့၏ စွမ်းဆောင်ရည်နှင့် အမျိုးသမီးကောင်းဘဝ တည်ဆောက်ရေး၊ ပတ်ဝန်းကျင် အမွေကောင်းကို မျက်မှောက်ခေတ် မြန်မာအမျိုးသမီးများအား လက်ဆင့်ကမ်းပေးထားကြောင်း။

မျက်မှောက်ခေတ်တွင် မြန်မာအမျိုးသမီးများ၏ ဘဝမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ဦးဆောင်၍ အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ယခုကဲ့သို့ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အမျိုးသမီးများ၏ ပညာရည်မြင့်မားရေး၊ ကျန်းမာမှုမြှင့်တင်ရေး၊ စီးပွားရေးဖွံ့ဖြိုးရေး၊ မိသားစုသာယာရေး၊ မိမိယဉ်ကျေးမှုကို မြတ်နိုးစွာထိန်းသိမ်းရေးနှင့်အမျိုးသမီးငယ်များ၏ဘဝ လုံခြုံရေး ဆိုသည့် လုပ်ငန်းကြီးခြောက်ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း။

တစ်ဆက်တည်းမှာပင် ယင်းလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ကျယ်ပြန့်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်၊ မြန်မာအမျိုးသမီး စွမ်းဆောင်ရှင်များအသင်း၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း အမျိုးသမီးအဖွဲ့၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအဖွဲ့များစသည့်တို့ကို ဖွဲ့စည်းပြီး မြန်မာအမျိုးသမီးများ၏ လူနေမှုဘဝမြင့်မားရေး၊ ကျန်းမာရေးတို့ကို မြှင့်တင်ပေးလျက်ရှိကြောင်း။

မြန်မာနိုင်ငံလူဦးရေ၏ ထက်ဝက်ကျော်သည် အမျိုးသမီးများဖြစ်သည့်အတွက် အမျိုးသမီးထုအင်အားကို အခြေခံပြီး နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးတွင် မြန်မာအမျိုးသမီးများက စွမ်းဆောင်ရည်မြင့်မားစွာဖြင့် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့မြန်မာနိုင်ငံသည် ပြည်နယ်ခုနစ်ခု၊ တိုင်းခုနစ်တိုင်းဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုမြန်မာ နိုင်ငံတော်ဖြစ်ကြောင်း၊ တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ကျော် အတူတကွ စုစည်းနေထိုင်ကြသော နိုင်ငံဖြစ်သည့်အတွက် တိုင်းရင်းသားလူမျိုးအသီးသီးက မိမိတို့၏ယဉ်ကျေးမှုအစဉ်အလာကို ထိန်းသိမ်းလိုခြင်း၊ ပထဝီဝင် အနေအထားအရ စီမံခန့်ခွဲမှု လွယ်ကူလျင်မြန်စေလိုခြင်း စသည့် ကောင်းမွန်သည့် ရည်ရွယ်ချက်များဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း။

နိုင်ငံတော်၏ အမျိုးသားရေးမျှော်မှန်းချက်ပန်းတိုင်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးဖြစ်ကြောင်း၊ နိုင်ငံတော်၏ မူဝါဒများဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေး(၃)ပါးသည် မည်သည့်ခေတ်အခါတွင်မဆို ဦးထိပ်ပန်ဆင်ထားရသည့် အမျိုးသားရေး မူဝါဒများပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတည်ရှိနေသရွေ့ အမြဲတမ်းတည်ရှိနေမှာ ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်ရောက်အောင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် (၁၂)ရပ် ချမှတ်ကာ အကောင်အထည်ဖော် လျက်ရှိရာတွင် မိမိတို့အမျိုးသမီးထု တစ်ရပ်လုံးကလည်း ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နေချိန်တွင် မိမိတို့ ရောဝတီတိုင်း၌ နယ်မြေအေးချမ်းသာယာ ခဲ့သည်နှင့်အမျှ လမ်း၊ တံတားများကို ကွန်ရက်သဖွယ် တည်ဆောက်ပေးနိုင်ခဲ့ကြောင်း၊ ယခုကဲ့သို့ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင် ဆောင်ရွက်ပေး နေသဖြင့် တိုင်းအတွင်း၌ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍစုံ သိသိသာသာ ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း။

မိမိတို့ ရောဝတီတိုင်းအတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများကို ဒေသခံ ပြည်သူများ လက်တွေ့ကျကျ သိမြင်ခံစားနေကြရပြီဖြစ်ကြောင်း၊ ရောဝတီတိုင်း၌ မျက်မှောက်ခေတ်တွင် စိုက်ပျိုးမြေဧက နှစ်သိန်းနီးပါး တိုးတက်လာသည်နှင့်အမျှ မိုးစပါးဧက ၃၆ သိန်းကျော်နှင့် နွေစပါးဧက ၁၄ သိန်းကျော်ကို တစ်ဧကအထွက် နှုန်းတိုးအောင် တိုးမြှင့်စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ တစ်နိုင်ငံလုံး စပါးစိုက်ဧက၏

ရောဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ရီရီချို မြန်မာ အမျိုးသမီးများနေ့ ဂုဏ်ပြုစကားပြောကြားစဉ်။ (သတင်းစဉ်)

ရောဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ဆွေဆွေဝင်း မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုစကား ပြောကြားစဉ်။ (သတင်းစဉ်)

၂၉ ရာခိုင်နှုန်းဖြစ်၍ စပါးတင်း သန်း ၃၇၀ ကျော်အထိ ထုတ်လုပ်ပေးနိုင်ခဲ့ကြောင်း။

ကံခြင်းမြို့နယ်၌ ဧက ၂၁၀၀၀ အကျိုးပြုသည့်ကန်ချောင်း၊ မြန်အောင်မြို့နယ်၌ ဧက ၁၀၀၀၀ အကျိုးပြုသည့်မမြနှင့် အင်္ဂပူမြို့နယ်၌ ဧက ၂၅၀၀၀ အကျိုးပြုသည့် ကညင်ရေလှောင်တမံတို့ကို တည်ဆောက် ပေးနေဆဲဖြစ်ပြီး လာမည့်နှစ်များတွင် စပါးတင်းသန်း ၄၀၀ အထိ ထွက်ရှိနိုင်ရေး ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း။

ညောင်တုန်းမြို့နယ်၌ ဧက ၂၀၀၀၀ စီ အကျိုးပြုသည့် ပန်းလှိုင်ရေထိန်း တံခါးနှင့် မဲဇလီရေထိန်းတံခါး၊ အင်္ဂပူမြို့နယ်၌ ဧက ၁၄၀၀၀ အကျိုးပြုသည့်

မြန်မာအမျိုးသမီးများ၏ ရသင့်ရထိုက်သည့်အခွင့်အရေးများကို နိုင်ငံတော်က ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးလျက်ရှိ

နန်ကသူရေလှောင်တမံ၊ မအူပင်မြို့နယ်၌ ဧက ၁၅၀၀၀ အကျိုးပြုသည့် ဝါးတောရေထိန်းတံခါးနှင့် ထနီးရေထိန်းတံခါး စသည်များဖြင့် တည်ဆောက် ပေးထားပြီး မြစ်ရေတင်စီမံကိန်း ၂၃ ခု ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်ရေးတွင် ဗိုလ်မြတ်ထွန်းတံတား(ညောင်တုန်း)၊ မအူပင်တံတား၊ မြောင်းမြတံတား၊ ငဝန်မြစ်ကူးတံတား(ပုသိမ်)အပါအဝင် ပေ ၁၈၀ အထက်တံတားကြီးအစင်း ၄၀ ပေါ်ထွန်းလာပြီး မြင်းကဆိပ် တံတား၊ ဖျာပုံတံတား၊ မြို့ကွင်းတံတားများကို ဆက်လက်တည်ဆောက်ပေးလျက်ရှိကြောင်း။

ရောဝတီတိုင်းအတွင်း စက်မှုစီးပွားတိုးတက်လာအောင် ကြိုးပမ်းဖော်ဆောင် ပေးလျက်ရှိရာ ပုသိမ်စက်မှုဇုန်၊ ဟင်္သာတစက်မှုဇုန်၊ မြောင်းမြစက်မှုဇုန်တို့၏ ထုတ်လုပ်မှု အပါအဝင် တိုင်းအတွင်းထုတ်လုပ်မှု တန်ဖိုးငွေကျပ် သန်းပေါင်း သုံးသောင်းကျော် ထုတ်လုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ကံခြင်းဘိလပ်မြေစက်ရုံ၊ မြောင်းမြဂုန်နီစက်ရုံ၊ ပုသိမ်အထပ်သားစက်ရုံနှင့် သာပေါင်းမြို့နယ် တန် ၂၀၀ ပျော့ဖတ်စက်ရုံ စသည့်စက်ရုံများ တည်ဆောက်ပေးထားသဖြင့် နိုင်ငံတော်၏ စီးပွားရေးကို အထောက်အကူပြုလျက်ရှိကြောင်း။

ဆက်သွယ်ရေးကဏ္ဍအနေဖြင့် ပုသိမ်၊ ချောင်းသာ၊ ငွေဆောင်တို့၌ G.S.M Mobile တယ်လီဖုန်းများဖြင့် ဆက်သွယ်အသုံးပြုနိုင်ပြီဖြစ်ကြောင်း၊ ကျန်းမာရေးကဏ္ဍအနေဖြင့် ရောဝတီတိုင်းအတွင်း ဆေးရုံကိုးရုံ အသစ်ထပ်မံ တည်ဆောက်ပေးနိုင်ခဲ့၍ ယခုဆိုလျှင် တိုင်းအတွင်း ဆေးရုံ ၇၄ ရုံရှိနေပြီဖြစ်ကြောင်း၊ ပညာရေးကဏ္ဍအနေဖြင့် ရောဝတီတိုင်းအတွင်း အခြေခံပညာကျောင်းပေါင်း ၆၃၇၄ ကျောင်းအထိရှိပြီး ၁၉၈၈ ခုနှစ်ကာလကထက် ကျောင်းပေါင်း ၁၁၈၅ ကျောင်း တိုးတက်တည်ဆောက်ပေး နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့အပြင် အဆင့်မြင့် ပညာကဏ္ဍတွင်လည်း ၁၉၈၈ ခုနှစ်၌ တက္ကသိုလ်၊ ကောလိပ်နှစ်ခု သာရှိခဲ့ရာမှ ယခုဆိုလျှင် ပုသိမ်တက္ကသိုလ်၊ ဟင်္သာတတက္ကသိုလ်၊ မအူပင်တက္ကသိုလ်၊ နည်းပညာကောလိပ်၊ ကွန်ပျူတာကောလိပ်များအပါအဝင် တက္ကသိုလ်၊ ကောလိပ် ၁၂ ခုအထိ ရှိလာပြီဖြစ်ကြောင်း၊ မျက်မှောက်ခေတ်၌ ယခုကဲ့သို့ တိုးတက်ဖြစ်ပေါ် လာခြင်းကြောင့် မိမိတို့၏ ရောဝတီတိုင်းမှ လူငယ်များ အဆင့်မြင့်ပညာသင်ယူ နိုင်သည့် အခွင့်အလမ်းများ ပိုမိုရရှိလာသည့်အတွက် ရောဝတီတိုင်းမှ ပြည်သူများ ကိုယ်စား နိုင်ငံတော်က များစွာကျေးဇူးတင်ရှိပါကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်က ရည်မှန်းချက် မြင့်မြင့်မားမားဖြင့် ဖော်ဆောင်ပေး နေသည့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် မိမိတို့ အမျိုးသမီးထုကြီး စွမ်းအားဖြင့် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် မြန်မာအမျိုးသမီးများဘဝ ဖွံ့ဖြိုးရေးအတွက် ကူညီ ဆောင်ရွက်မြှင့်တင်ပေးလျက်ရှိသည့် လူမှုရေးအဖွဲ့အစည်း ဖြစ်သည့်အားလျော်စွာ မြန်မာအမျိုးသမီးများ၏ ရသင့်ရထိုက်သည့်အခွင့်အရေး များကို နိုင်ငံတော်ကပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ ကာကွယ်စောင့်ရှောက် ပေးလျက်ရှိကြောင်း။

နိုင်ငံတော်က မြန်မာအမျိုးသမီးထုတစ်ရပ်လုံးအား တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုဓလေ့ထုံးစံများကို မြတ်နိုးတန်ဖိုးထားသည့်စိတ်ဓာတ် ခိုင်မာမြင့်မား လာစေရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိရာ မြန်မာ အမျိုးသမီးထုတစ်ရပ် လုံးကလည်း **“ဓာတိပုည ဂုဏ်မာန”**ကို မျိုးချစ်စိတ်ဓာတ်ဖြင့် ဆက်လက်ထိန်းသိမ်း စောင့်ရှောက်သွားကြရန် လိုအပ်ကြောင်း။

မျိုးချစ်စိတ်ဓာတ်ဆိုသည်မှာ မိမိတိုင်းပြည်နှင့် မိမိလူမျိုးကို ချစ်သည့်စိတ်၊ မိမိတိုင်းပြည်၊ မိမိလူမျိုးကိုထိလျှင်မချည့်အောင်နာသည့်စိတ်ဓာတ်ပင်ဖြစ်ကြောင်း။

ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ တိုင်းရင်းသားအားလုံး တစ်မြေတည်းနေ တစ်ရေတည်းသောက် အေးအတူပူအမျှ ဥမကွဲသိုက်မပျက် နေထိုင်လိုသည့် စိတ်ဓာတ်၊ မရှိအတူ၊ ရှိအတူ ခံစားစံစားကြမည်ဆိုသည့် စိတ်ဓာတ်ဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့အမျိုးသမီးထုတစ်ရပ်လုံးသည် ပြည်ထောင်စုမျိုးချစ် စိတ်ဓာတ် ရှင်သန်ထက်မြက်စွာဖြင့် အမိနိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရင်း တည်ဆောက်မြှင့်တင်သွားကြရမည်ဖြစ်ကြောင်း။

အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ထိရောက်စွာ ကူညီပံ့ပိုးပေးလျက် ရှိသည့်နည်းတူ မြန်မာအမျိုးသမီးထုကြီး တစ်ရပ်လုံးကလည်း တစ်မျိုးသားလုံး ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ထွန်းရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၁၂)ရပ် ဖော်ဆောင်ရာတွင်လည်းကောင်း၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ဖော်ဆောင်ရာတွင်လည်းကောင်း ကျရာအခန်းကဏ္ဍမှ နိုးနိုးကြားကြား တက်တက်ကြွကြွ ဝိုင်းဝန်းကြိုးပမ်း ဖော်ဆောင်သွားကြမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ရောဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ဆွေဆွေဝင်းက မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုစကားပြောကြားရာတွင် မိမိတို့မြန်မာအမျိုးသမီး များသည် ပုခက်လွှဲသောမိခင်လက်ဖြင့် နိုင်ငံ့သားကောင်း၊ သမီးမွန်များကို မွေးထုတ်ပေးရုံမက အမိနိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ကျရာအခန်းကဏ္ဍမှ ပါဝင်ထမ်းရွက်လျက်ရှိကြကြောင်း၊ မြန်မာအမျိုးသမီးများသည် အမျိုးသားများ နှင့် တန်းတူအခွင့်အရေးရရှိကြသကဲ့သို့ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း များ၌လည်း အမျိုးသားများနည်းတူ ပါဝင်ဆောင်ရွက်နေကြကြောင်း။

နိုင်ငံတကာနယ်ပယ်၌ လူမျိုး၊ အသားအရောင်နှင့် အဆင့်အတန်း ခွဲခြားမှုများ ကြောင့် အမျိုးသမီးများက ထိမ်းမြားခြင်း၊ ကွာရှင်းခြင်း၊ အမွေဆက်ခံခြင်းဆိုသည့် လူမှုအခွင့်အရေးများကို အမျိုးသားများနှင့် တန်းတူရပိုင်ခွင့်ရှိရန် တောင်းဆို တိုက်ပွဲဝင်နေကြသော်လည်း မြန်မာအမျိုးသမီးများအတွက် ၎င်းရပိုင်ခွင့်များ သည် တောင်းဆိုရန်မလိုသည့် မွေးရာပါ မူလအခွင့်အရေးအဖြစ် အစဉ်တည်ရှိ နေကြောင်း။

ထို့ကြောင့် မြန်မာပြည်၌ မွေးဖွား မြန်မာသွေးအစစ်နှင့် ကြီးပြင်းရှင်သန်လာ ခဲ့ကြသည့် နိုင်ငံ့ဂုဏ်ရောင် ထွန်းပြောင်စေခဲ့ကြသော မျိုးချစ်မြန်မာအမျိုးသမီး ကောင်းများအားလုံးကို ဂုဏ်ပြုသည့်အနေဖြင့် **“မြန်မာ အမျိုးသမီးများနေ့”**ဆိုသည့် သမိုင်းတွင်သည့်နေ့ထူးနေ့မြတ်ကို ရွေးချယ်သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံတော်သည် တည်ငြိမ်အေးချမ်းသာယာသည့်နိုင်ငံ၊ ဗြဟ္မစိုရ်တရား ထွန်းကားသည့်နိုင်ငံ၊ လောကပါလတရားများ ဖြစ်ထွန်းရာနိုင်ငံ ဖြစ်သည့်အပြင် ချစ်စကိုရှည်စေပြီး မုန်းစကို တိုစေသည့်နိုင်ငံဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ရင်းနှီးချစ်ကြည်စွာ အစဉ်တစိုက် နေထိုင်လျက်ရှိသည့် နိုင်ငံဖြစ်သကဲ့သို့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူ(၅)ချက်ကိုလည်း လိုက်နာဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့နိုင်ငံသည် ရှည်လျားသည့် သမိုင်းစဉ်များကို ဖြတ်သန်းခဲ့ရကြောင်း၊ ကိုယ့်မင်းကိုယ့်ချင်း ကိုယ့်ထီးကိုယ့်နန်းဖြင့်လည်း နေထိုင်ခဲ့ဖူးကြောင်း၊ ကျွန်ဘဝ၏ ခါးသီးသည့် အတွေ့အကြုံများကိုလည်း ခံစားခဲ့ကြရကြောင်း၊ မိမိတို့တိုင်းရင်းသား အချင်းချင်း ပြည်ပပယောဂကြောင့် တိုက်ခိုက်ခဲ့ရသည့် ပြည်တွင်းစစ်ဘေးဒဏ်ကို လည်း ကြုံခဲ့ကြဖူးကြောင်း၊ ထို့ကြောင့် မိမိတို့ဖြတ်သန်းခဲ့ရသည့် သမိုင်းအတွေ့ အကြုံများသည် အခြားနိုင်ငံများ၏ သမိုင်းအတွေ့အကြုံတို့နှင့် မတူကြောင်း၊ မိမိတို့နိုင်ငံ၏ သဘာဝအခြေအနေနှင့် တိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးစံများ အပေါ် များစွာတည်မှီနေသည်ဖြစ်၍ အခြားနိုင်ငံများ၏ ဖြစ်စဉ်များကို ပုံတူကူးချ၍ မရကြောင်း။

ယခုအချိန်သည် ပြည်သူအများမျှော်လင့်တောင့်တသော စည်းကမ်းပြည့်ဝ သည့် ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရန်အတွက် အခြေခံအုတ်မြစ်များ တည်ဆောက်နေသည့် အချိန်ဖြစ်ကြောင်း၊ ဤကဲ့သို့သောအချိန်တွင် နိုင်ငံတော် ပျက်စီးရာ ပျက်စီးကြောင်း လုပ်ဆောင်မှုမှန်သမျှကို မိမိတို့အမျိုးသမီးထုကြီး တစ်ရပ်လုံးက လက်ပိုက်ကြည့် မနေနိုင်ကြောင်း၊ ပြည်သူတို့နှင့်အတူလက်တွဲ တွန်းလှန်ကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်၏ အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးတော့မည့် အခြေအနေ သို့တိုင် ဆိုက်ရောက်လာသည့်အတွက် ၁၉၈၈ခုနှစ် စက်တင်ဘာလ ၁၈ရက်နေ့တွင် နိုင်ငံတော် တာဝန်ကို ယူခဲ့ရကြောင်း။

ထိုကာလများတွင် နိုင်ငံတော်အာဏာကို ဖြတ်လမ်းကရယူလိုသူများက ပြည်တွင်းပြည်ပအဖျက်သမားများနှင့်ပူးပေါင်းပြီး အဖျက်အမှောင့်လုပ်ရပ်များ ဖန်တီးလုပ်ဆောင်လာသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ နိုင်ငံနှင့်ပြည်သူ အပေါ် အမှန်တကယ်ချစ်မြတ်နိုးပြီး အမှန်တကယ်ဖွံ့ဖြိုးတိုးတက်စေချင်သည် ဆိုလျှင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြ ရမှာဖြစ်ကြောင်း၊ သို့သော် မိမိအာဏာရမှုထောက်ပံ့ကြပါ၊ ကူညီကြပါ၊ မိမိအာဏာ မရသေးသမျှ စီးပွားရေးပိတ်ဆို့ကြပါ၊ ကမ္ဘာလှည့်ခရီးသည်တွေမလာကြပါနှင့်၊ ရင်းနှီးမြှုပ်နှံမှုတွေမလုပ်ကြပါနှင့်၊ အာဆီယံဝင်ခွင့်မပြုပါနှင့် စသည်ဖြင့် မလျော် တမ်းတောင်းဆိုနေခြင်းများသည် နိုင်ငံမတိုးတက်စေလို၍၊ ပြည်သူကိုမချစ်၍ ဆိုသည်မှာ ကွက်ကွက်ကွင်းကွင်း ပေါ်လွင်နေကြောင်း။

အင်အားကြီးနိုင်ငံအချို့က ၎င်းတို့၏ ဩဇာခံရုပ်သေးအစိုးရဖြစ်ရေးအတွက် ချီးမြှင့်သည့်ဆုပေါင်း ၇၇ခုအထိရှိခဲ့ကြောင်း၊ ၇၇ခုသော ဘွဲ့တံဆိပ်များအတွက် ရရှိသည့်ဆုကြေး ဒေါ်လာများကို နိုင်ငံအကျိုး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူ့ ဘဝမြင့်မားရေး၊ ပညာရေး၊ ကျန်းမာရေးတို့၌ ဘယ်လိုအသုံးပြုခဲ့သလဲ၊ အဲဒီထောက်ပံ့ ငွေတွေ ဘယ်ရောက်ကုန်ပြီလဲ၊ ကိုယ်ကျိုးအတွက်သာသုံးစွဲနေသည်ကို မိမိတို့ အမျိုးသမီးများအပါအဝင်

စာမျက်နှာ ၁၂ ကော်လံ ၁ သို့

လူ့အခွင့်အရေး၊ ဒီမိုကရေစီရေး စကားလုံးများကို အသုံးပြုလျက် ပြည်သူအများစု၏ အကျိုးစီးပွားထက် လူပုဂ္ဂိုလ်တစ်ဦး၏မျက်နှာကိုကြည့်ပြီး ပြုမူနေ

❍ စာမျက်နှာ ၁၁ မှ

ပြည်သူအားလုံးကမျက်ဝါးထင်ထင် တွေ့မြင်နေကြကြောင်း၊ ပါးစပ်ကနိုင်ငံချစ်လို့ ပြည်သူတွေကိုချစ်လို့ ဒီမိုကရေစီရဖို့ လူ့အခွင့်အရေးရဖို့ ဟစ်အော်နေသော်လည်း လက်တွေ့တွင်မူ ပြည်သူ့အကျိုးပြု ဘာတစ်ခုမျှလုပ်သည်ကို မတွေ့ရဘဲ အဖျက်အမှောင့် လုပ်ငန်းများကိုသာ ဆောင်ရွက်နေသည်ကို တွေ့မြင်နေရကြောင်း၊ မိန်းမဆိုးများနှင့် ပတ်သက်၍ မိန်းမဖျက်တော့ ပြည်ပျက်ဆိုသည့် မြန်မာစကားပုံကို သတိချပ်ကြရမှာဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာအမျိုးသမီးများအနေဖြင့် တိုင်းတစ်ပါးအပေါ် မှီခိုပြီး ပြည်ဖျက်သည့် မိန်းမဆိုးစာရင်းဝင်မသွားအောင် အမြဲဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရက အေးချမ်းသာယာသော အနာဂတ်ကို ဖန်တီးဖော်ဆောင်ပေးနေချိန်တွင် မူးယစ်ဆေးဝါးထုတ်လုပ်နေသည်၊ လူ့အခွင့်အရေးချိုးဖောက်နေသည်၊ လူကုန်ကူးနေသည်၊ ကလေးသူငယ်များကို စစ်မှုထမ်းခိုင်းနေသည်၊ အမျိုးသားညီလာခံကြီးကို အချိန်ဆွဲနေသည်စသည့် မဟုတ်မမှန်သော လုပ်ကြံသောစွပ်စွဲချက်အမျိုးမျိုးဖြင့် အင်အားကြီးနိုင်ငံတချို့က မလိုမုန်းထားဖြင့် ဝေဖန်ပုတ်ခတ်နေသည်ကို တွေ့ရှိနေရကြောင်း။

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်အဖြစ် ဆောင်ရွက်လျက်ရှိကြောင်း၊ ကာကွယ်နှိမ်နင်းရေးကိုလည်း အိမ်နီးချင်း နိုင်ငံများနှင့် ပူးပေါင်းကြိုးပမ်းလျက်ရှိကြောင်း၊ အာဆီယံနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများနှင့်လက်တွဲပူးပေါင်းဆောင်ရွက်နေကြောင်း၊ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးခဲ့သည့် အကြိမ်ပေါင်းများစွာ ရှိနေပြီဖြစ်ကြောင်း။

လူကုန်ကူးမှုနှင့် ပတ်သက်ပြီးပြောရလျှင် မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများ ပြုလုပ်နေခြင်းကြောင့် အလုပ်လက်မဲ့ဖြစ်ခဲ့ရသူများသည် စားဝတ်နေရေးပြေလည်မှုမရှိသည့်အတွက် လူကုန်ကူးသူပွဲစားများ၏ သားကောင်ဘဝကို ကျရောက်နိုင်ပါကလားဟု ကိုယ်ချင်းစာကြည့်ဖို့လည်း ပြောကြားလိုကြောင်း၊ မည်သို့ပင်ဖြစ်စေကာမူ လူကုန်ကူးမှုပပျောက်ရေးအတွက် ကြိုတင်ကာကွယ်တားဆီးမှုများ၊ အရေးယူဆောင်ရွက်မှုများ၊ ပံ့ပိုးကူညီမှုများကို တစ်နိုင်ငံလုံး လွှမ်းခြုံဆောင်ရွက်ပေးလျက်ရှိကြောင်း။

အမေရိကန်နှင့်အပေါင်းပါ အနောက်နိုင်ငံအချို့က မြန်မာနိုင်ငံ အာဆီယံ အလှည့်ကျ ဥက္ကဋ္ဌနေရာယူရေးနှင့်စပ်လျဉ်းပြီး ဒေါ်စုကြည်ကိုပြန်မလွှတ်ပေးပါက အလှည့်ကျ ဥက္ကဋ္ဌနေရာမပေးရန်၊ လူ့အခွင့်အရေးချိုးဖောက်မှုကြောင့် အလှည့်ကျ ဥက္ကဋ္ဌနေရာမပေးရန် စသည်ဖြင့် ၎င်းတို့နှင့်မဆိုင်ဘဲ ဝင်ရောက်ဖိအားပေးလျက်ရှိကြောင်း။

အမေရိကန်နှင့်အပေါင်းပါများ၏ လုပ်ရပ်ကိုကြည့်လျှင်လူ့အခွင့်အရေး၊ ဒီမိုကရေစီရေး စကားလုံးများကို အသုံးပြုလျက် ပြည်သူအများစု၏အကျိုးစီးပွားထက် လူပုဂ္ဂိုလ်တစ်ဦး၏ မျက်နှာကိုကြည့်ပြီး ပြုမူနေခြင်းဖြစ်သည်ကို တွေ့ရှိနိုင်ကြောင်း။

ယနေ့အခါလတွင် နိုင်ငံနှင့်လူမျိုးအကျိုးစီးပွားဖြစ်ထွန်းအောင် မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးက တာဝန်သိသိ သစ္စာရှိရှိဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်နေချိန်၌ သံခဲ့နှင့်စီးသည့် ABSDFအကြမ်းဖက်အဖျက်သမားအုပ်စုက နိုင်ငံတော် အေးချမ်းတည်ငြိမ်မှု ပျက်ပြားအောင်နှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးအောင် အကြမ်းဖက်အဖျက်လုပ်ရပ်များကို အဆက်မပြတ်လုပ်ဆောင်လျက်ရှိနေကြောင်း။

မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရေစီတပ်ဦးဟူ၍ အမည်ခံထားသည့် ABSDFကို ၁၉၈၈ခုနှစ် နိုဝင်ဘာလ၌ နယ်စပ်ဒေသရှိ သောင်းကျန်းသူများ၏ နယ်မြေ၌ဖွဲ့စည်းခဲ့ပြီး နိုင်ငံတော်ကိုလက်နက်ကိုင်လမ်းစဉ်ဖြင့် နှောင့်ယှက်တိုက်ခိုက်နေသည့်အဖွဲ့ဖြစ်ကြောင်း၊ ၎င်းအဖွဲ့သည် စစ်ရေးအရတပ်မတော်ကို ရင်ဆိုင်တိုက်ခိုက်နိုင်စွမ်းမရှိ၍ ပြည်သူလူထုအပေါ် အကြမ်းဖက်အဖျက်လုပ်ရပ်များ ဆက်တိုက်ကျူးလွန်လာခဲ့ကြောင်း။

ABSDF ၏ အဆိုးရွားဆုံးလုပ်ရပ်မှာ ၁၉၉၆ခုနှစ် ဒီဇင်ဘာလတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော် ကိန်းဝပ်စံပယ်အပူဇော်ခံရာ ကမ္ဘာအေးမဟာပါသာဏလိုဏ်ဂူအတွင်း၌ ချိန်ကိုက်ဗုံးထောင်ပြီး ရဟန်းရှင်လူပြည်သူများ သေကျေပျက်စီး ထိခိုက်ဒဏ်ရာရရှိအောင် လုပ်ဆောင်ခဲ့ခြင်းပင်ဖြစ်ကြောင်း။

ABSDFနှင့် အပေါင်းပါ အကြမ်းဖက် အဖျက်သမားများ၏ မိစ္ဆာဒိဋ္ဌိ လုပ်ရပ်ကြောင့် ဘုရားဖူးများ စိတ်အေးချမ်းသာစွာဖူးမြော်ပူဇော်နိုင်ရန်အတွက် ကူညီဆောင်ရွက်ပေးနေသည့် လုံခြုံရေးအဖွဲ့ဝင်များနှင့် ဘုရားဖူးပြည်သူငါးဦး သေဆုံးပြီး ၁၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း။

၎င်းအကြမ်းဖက် အဖျက်လုပ်ရပ်အပြင် ABSDFအဖွဲ့ဆက်တိုက် ကျူးလွန်ခဲ့သည့် အကြမ်းဖက်အဖျက်လုပ်ရပ်များ အတောမသတ်နိုင်အောင်ရှိခဲ့ကြောင်း သတင်းမှတ်တမ်းအထောက်အထား ခိုင်ခိုင်လုံလုံရှိနေသည်ကို မိမိတို့ပြည်သူတစ်ရပ်လုံးကြားသိခဲ့ရပြီးဖြစ်ကြောင်း၊ ထို့အတူ ABSDF အကြမ်းဖက်အဖျက်သမားအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်ကြောင့် သေကျေပျက်စီးပြီး ဆုံးရှုံးခဲ့ရသည့် မိသားစုများ၏ ဝမ်းနည်းပူဆွေးသောခံစားရမှုများကို မည်သို့မျှ မေ့ပျောက်၍ ရနိုင်ကြမှာမဟုတ်ကြောင်း။

သို့သော် ABSDF အကြမ်းဖက် အဖျက်သမားများကမူ ၎င်းတို့၏ လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လုပ်ရပ်များကို တရားသေဆုပ်ကိုင်ထားပြီး နိုင်ငံတော်နှင့် ပြည်သူလူထု ပျက်စီးရာပျက်စီးကြောင်းကို လက်ရဲဇက်ရဲ ဆက်လက်လုပ်ဆောင်နေဆဲဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံနှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်ရေးနှင့် အေးချမ်းတည်ငြိမ်ရေးကို နှောင့်ယှက်ဖျက်ဆီးနေသည့် သံခဲ့နှင့်စီးသည့် ABSDF အကြမ်းဖက် အဖျက်သမားအဖွဲ့ကို မတရားအသင်းအဖြစ် ကြေညာပေးပါရန် အမျိုးသမီးထုကြီး တစ်ရပ်လုံး၏ကိုယ်စား နိုင်ငံတော်အစိုးရအား တင်ပြလိုက်ရပါကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် ၂၇ သန်းကျော်သော မြန်မာတိုင်းရင်းသူ အမျိုးသမီးအားလုံးကို ကိုယ်စားပြု ဖွဲ့စည်းဆောင်ရွက်နေခြင်းဖြစ်ပြီး မြန်မာအမျိုးသမီးထုကြီး၏ ပင်မကျောရိုးအဖွဲ့ကြီးလည်းဖြစ်ကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် တည်ဆောက်ရေးတာဝန်ကို ဖော်ညွှန်းထားပြီး တိုင်းရင်းသားပြည်သူ ၅၄ သန်းကျော်၏ အကျိုးစီးပွားကို တစ်တပ်တစ်အား ပါဝင်ဖော်ဆောင်လျက်ရှိသည့် ပြည်သူ့မဏ္ဍိုင်အဖွဲ့အစည်းဟုလည်းဆိုနိုင်ကြောင်း။

မြန်မာအမျိုးသမီးများသည် မိမိတို့နိုင်ငံနက်နယ်မြေကို တစ်လက်မမျှ အထိမခံ၊ အချုပ်အခြာအာဏာကို လုံးဝအထိအပါးမခံသည့် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ကာကွယ်စောင့်ရှောက်သွားကြရမည်သာဖြစ်ကြောင်း။

လတ်တလောရေးကို ချစ်မြတ်နိုးသည့်၊ ပြည်ထောင်စုကို ချစ်မြတ်နိုးသည့် မြန်မာအမျိုးသမီးထုတစ်ရပ်လုံးသည်အမျိုးသားနိုင်ငံရေး နိုးကြားမှုအသိစိတ်ဓာတ်ဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ကြီးက ယနေ့ချမှတ်လိုက်သည့် ထုတ်ပြန်ကြေညာချက်များကို လုပ်ငန်းလမ်းညွှန်အဖြစ်ခံယူပြီး တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်ကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် ရောဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်အေးအေးအောင်က မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ သမိုင်းစဉ်တစ်လျှောက်ကိုကြည့်လျှင် အမျိုးသားရေးကြိုးပမ်းဆောင်ရွက်မှုတိုင်းတွင် မြန်မာအမျိုးသမီးထုကြီးကလည်း ထိုက်တန်သည့်နေရာမှ အမြဲထာဝရ ရဲရဲရင့်ရင့်ချွံချွံ ပါဝင်ဆောင်ရွက်ခဲ့ကြသည်ဆိုသည်ကို ကုမာရီအသင်း၊ မြန်မာ့ဟိတကုမာရီ အမျိုးသမီးအသင်း၊ ဗြဟ္မစိုရိယ ကုမာရီအမျိုးသမီးအသင်း၊ သစ္စာဝါဒီအမျိုးသမီး အသင်း၊အမျိုးသမီးတပ်ဖွဲ့ပြည်သူ့ရဲမေများအဖွဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီး လွတ်လပ်ရေးအဖွဲ့ နေရှင်နယ်ကောင်စီအမျိုးသမီးအဖွဲ့ စသည့် အဖွဲ့များ၏ ဆောင်ရွက်မှုများက သက်သေပြလျက်ရှိကြောင်း၊ ထို့အတူ နိုင်ငံတော်၏



ရောဝတီတိုင်း အမျိုးသမီးရေးရာ အဖွဲ့ဝင် ဒေါ်အေးအေးအောင် မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုစကား ပြောကြားစဉ်။

(သတင်းစဉ်)

တည်ငြိမ်အေးချမ်းမှု၊ စည်းလုံးညီညွတ်မှုနှင့် အချုပ်အခြာအာဏာတို့အား ကျူးကျော်ထိပါးမှုများဖြစ်ပေါ်လာတိုင်း မိမိတို့အမျိုးသမီးထုကြီးက အစဉ်အလာမပျက် ပြည်သူလူထုကြီးနှင့်လက်တွဲလျက် တိုက်ပွဲဝင်သွားကြမှာဖြစ်ကြောင်း။

ယခုအချိန်သည် မိမိတို့နိုင်ငံ၌ တည်ငြိမ်အေးချမ်းမှုရရှိနေပြီဖြစ်သည့်အတွက် ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်မြှင့်တင်ဆောင်ရွက်နေသည့်အချိန်ဖြစ်ကြောင်း၊ နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ မိမိတို့ အမျိုးသမီးများအပါအဝင် အဖွဲ့အစည်းအသီးသီးက ဆောင်ရွက်လျက်ရှိနေကြောင်း၊ ဤကဲ့သို့ ပူးပေါင်းပါဝင်ဆောင်ရွက်နေသည့်အတွက် မည်သည့်ခေတ်၊ မည်သည့်အစိုးရလက်ထက်ကမျှ မရရှိခဲ့ဖူးသည့် ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို အားလုံးခံစားနေကြရပြီဖြစ်ကြောင်း။

ယခုကဲ့သို့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေချိန်၌ နိုင်ငံချစ်စိတ်၊ အမျိုးချစ်စိတ်ကင်းမဲ့သူများ၊ နိုင်ငံတော်အာဏာကို ဖြတ်လမ်းကရယူလိုသူများ၊ ပြည်ပကိုအထင်ကြီးအားကိုးသူများက နည်းမျိုးစုံဖြင့် ဟန့်တားနှောင့်ယှက်နေကြသည်ကို အားလုံးတွေ့မြင်ကြရမှာဖြစ်ကြောင်း၊ ပြည်ပအသံလွှင့်ဌာနများမှတစ်ဆင့် နိုင်ငံတော်အား ထိပါးပုတ်ခတ်ပြောဆိုမှုများ ကြားသိရသူ အထင်အမြင်လွဲမှားအောင် လုပ်ကြံသတင်းထုတ်လွှင့်မှုများလုပ်ဆောင်နေကြကြောင်း၊ ထို့အပြင် ပုဂ္ဂိုလ်ရေးဘက်လိုက်ပြီး စီးပွားရေးပိတ်ဆို့မှုများ၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပြိုကွဲရေးအတွက် သွေးထိုးလှုံ့ဆော်ဖန်တီးမှုများကို အင်အားကြီးအနောက်နိုင်ငံတချို့နှင့် ၎င်းတို့နောက်ခံများက ဆောင်ရွက်လျက်ရှိနေကြောင်း။

အသားထဲကလောက်ထွက်ဆိုသကဲ့သို့ ပြည်ပြေးအဖျက်သမား ပြည်သစ်ညွန့်ပေါင်း(ခေါ်)မောင်မောင် ဦးစီးသည့် အလုပ်သမားသမဂ္ဂအမည်ခံ FTUB ကလည်း မြန်မာနိုင်ငံအကျိုး မလိုလားသည့် အင်အားကြီးနိုင်ငံတချို့နှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းအချို့၏ အားပေးအားမြှောက်မှုဖြင့် မြန်မာနိုင်ငံအပေါ် အကြမ်းဖက်အဖျက်အမှောင့်လုပ်ရပ်များကိုပြုလုပ်နေသည်ကို တွေ့ရှိကြရမှာဖြစ်ကြောင်း၊ အင်အားကြီးနိုင်ငံတချို့သည် ၎င်းတို့ကြိုးဆွဲရာက ရုပ်သေးအစိုးရတင်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရကို ဖိအားပေးအကျပ်ကိုင်လာခြင်းဖြစ်ကြောင်း၊ ပြည်သစ်ညွန့်ပေါင်း(ခေါ်)မောင်မောင်သည် NLD ၏ ညွန့်ပေါင်း၏သားဖြစ်ပြီး မြန်မာ့ကျောက်မျက်ရတနာကော်ပိုရေးရှင်း၊ သံတမန်ကုန်တိုက်၊ ရတနာအရောင်းဆိုင် မန်နေဂျာလုပ်နေစဉ် ၁၉၈၈ခုနှစ် ဩဂုတ်လ၌ ရတနာများပျောက်ဆုံးမှုဖြင့် အရေးယူခံရသည့် အကျင့်ပျက်ဝန်ထမ်းတစ်ဦးဖြစ်ကြောင်း၊ ၁၉၈၉ခုနှစ်တွင် ဝရမ်းပြေးအဖြစ် တစ်ဖက်နိုင်ငံကို ထွက်ပြေးတိမ်းရှောင်ခဲ့ကာ ပြည်ပြေးများ ဖွဲ့ထားသည့် ဒီမိုကရေစီညီညွတ်ရေး တပ်ပေါင်းစု(ဒညတ)ကို ဝင်ရောက်ပြီး အကြမ်းဖက်အဖျက်လုပ်ရပ်များကို ဆက်တိုက်ကျူးလွန်နေသူဖြစ်ကြောင်း၊ ၎င်း၏ အကျင့်စာရိတ္တပျက်ယွင်းမှုကို ဖုံးကွယ်ရန်နှင့် နိုင်ငံတော်အစိုးရကို ပြည်တွင်းပြည်ပနှစ်ဖက်ညှပ်တိုက်ရန်၊ အလုပ်သမားမျက်နှာစာမှ ထိုးနှက်တိုက်ခိုက်ရန်အတွက် မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂအဖွဲ့အမည်ခံ (FTUB) ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း။

ပြည်ပြေးမောင်မောင်သည် ၁၉၉၇ခုနှစ် ဇန်နဝါရီလတွင် နိုင်ငံခေါင်းဆောင်များကို လုပ်ကြံရန်နှင့် ရန်ကုန်မြို့ နိုင်ငံခြားသံရုံးများ၊ အချက်အချာကျသည့်နေရာများကို ဖောက်ခွဲဖျက်ဆီးရန် မျိုးအောင်သန်းနှင့် ခင်ကျော်ကို ဖောက်ခွဲရေးပစ္စည်းများနှင့်အတူ မြန်မာနိုင်ငံအတွင်းကို စေလွှတ်ခဲ့ကြောင်း ပြစ်မှုထင်ရှားခဲ့သည့်အတွက် ၁၅-၈-၉၇ရက်နေ့တွင် တရားခံပြေးအဖြစ် အတည်ပြုကြေညာထားခဲ့ခြင်းကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ၂၀၀၃ခုနှစ် ဇူလိုင်လတွင် ဖောက်ခွဲရေးပစ္စည်းတွေနှင့်အတူ ဖမ်းမိခဲ့သည့်အကြမ်းဖက်ဖောက်ခွဲရေးသမား နိုင်ယကအပါအဝင် တရားခံကိုးဦးအနက် ရွှေမန်း(ခ)ဇေယျာဦးနှင့် နိုင်ကြည်ဇော်(ခ)ဇော်ကြည်တို့အား ပြည်ပြေးညွန့်ပေါင်း(ခေါ်)မောင်မောင်ကပင် ငွေကြေးထောက်ပံ့စေခိုင်းခဲ့ခြင်းဖြစ်သည်ကို သက်သေအထောက်အထားများနှင့်အတူ တွေ့ရှိခဲ့ရကြောင်း၊ ဤကဲ့သို့ အကြမ်းဖက်မှုများအတွက် ငွေကြေးထောက်ပံ့ခြင်း၊ ဖောက်ခွဲရေးပစ္စည်းများ ထောက်ပံ့ခိုင်းစေခြင်းများဆောင်ရွက်ခဲ့ကြောင်း သက်သေအထောက်အထားများဖြင့် တင်ပြခဲ့သော်လည်း ၂၀၀၅ခုနှစ် ILOညီလာခံ၌ အကြမ်းဖက်သမား မောင်မောင်ကို ICFTU ကိုယ်စားလှယ်အဖြစ် တက်ရောက်ခွင့်ပြုခဲ့ပြီးစကားပြောခွင့်ပါပြုခဲ့သည်ကို တွေ့ရှိရကြောင်း။

မိမိတို့အနေဖြင့် လေ့လာသိရှိရသည်မှာ ILO၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း အပိုဒ်(၃)၌ ILO အအထွေထွေညီလာခံကို အစိုးရကိုယ်စားလှယ်များ၊ အလုပ်ရှင် အလုပ်သမားကိုယ်စားလှယ်များသာ တက်ရောက်ခွင့်ရှိသည်ဟူ၍ဖြစ်ကြောင်း၊ ယခုကဲ့သို့ အကြမ်းဖက်အဖျက်သမားပြည်ပြေးမောင်မောင်ကို တက်ရောက်စေခဲ့ခြင်းသည် ILO အနေဖြင့် မိမိချမှတ်ထားသော အမိန့်ဥပဒေစည်းမျဉ်းကို မိမိကိုယ်တိုင် ချိုးဖောက်နေခြင်းဖြစ်သည်ကို ထင်ရှားစွာတွေ့မြင်နိုင်ကြောင်း။

မြန်မာနိုင်ငံသည် ၁၉၄၈ခုနှစ်လွတ်လပ်ရေးရပြီး လေးလအကြာ ၁၉၄၈ခုနှစ် မေလ ၁၈ရက်နေ့တွင် ILO အဖွဲ့ကို ဝင်ခဲ့ခြင်းဖြစ်ကြောင်း၊ စတင်ဝင်ရောက်ကတည်းက မြန်မာနိုင်ငံနှင့် ILOအကြား၌ မည်သည့်ပြဿနာမှမရှိခဲ့သော်လည်း တပ်မတော်အစိုးရ နိုင်ငံတော်တာဝန်ယူခဲ့သည့် နောက်ပိုင်း ၁၉၉၁ခုနှစ်မှ စတင်ကာ ICFTU က မြန်မာနိုင်ငံ၌ အဓမ္မခိုင်းစေမှုများရှိကြောင်း ICFTU ကိုယ်စားလှယ်များ၏ စွပ်စွဲပြောကြားမှုအပေါ် တစ်ဖက်သတ် စုံစမ်းရေးကော်မရှင်ဖွဲ့ကာ မြန်မာနိုင်ငံအတွင်းမှ သတင်းမှန်အချက်အလက်များကို အခြေမပြုဘဲနယ်စပ်တစ်လျှောက် စစ်ဆေးမေးမြန်းပြီး ကိုလိုနီခေတ်ကပင်ပြဋ္ဌာန်းထားသည့် ကျေးရွာဥပဒေနှင့် မြို့ပြဥပဒေတို့အား ပြဋ္ဌာန်းချက် အမှတ်(၂၉)ပါ သတ်မှတ်ချက်များနှင့် အညီအညွတ်ဖြစ်အောင် တောင်းဆိုခဲ့သည့်အတွက် အမိန့်အမှတ်(၁/၉၉)ကို ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ဆောင်ရွက်ခဲ့ကြောင်း၊ သို့သော် ၁၉၉၉ ခုနှစ်(၈၇)ကြိမ်မြောက် ILOညီလာခံက စုံစမ်းရေးကော်မရှင်၏ တိုက်တွန်းချက်ကို အကောင်အထည်ဖော်ခြင်း မရှိဟူသော အရေးပေါ်ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ကြောင်း၊ ၂၀၀၀ပြည့်နှစ်(၈၉)ကြိမ်မြောက်ILO ညီလာခံတွင်လည်းအမိန့်အမှတ်(၁/၉၉) သည် ပြဋ္ဌာန်းချက်နှင့် လိုက်လျောညီထွေမှုရှိကြောင်း မှတ်ချက်ပြုခဲ့ပြန်ကြောင်း။

ILO ၏ ၂၀၀၀ ပြည့်နှစ် ဆုံးဖြတ်ချက်နှင့် ပြည်သစ်ညွန့်ပေါင်း (ခေါ်) မောင်မောင်၏ ခလောက်ဆန်မှုကို အကြောင်းပြုပြီး မြန်မာနိုင်ငံမှ အဝတ်အထည်များကို အမေရိကန်နိုင်ငံက ၂၀၀၃ခုနှစ်မှ စပြီး တင်သွင်းခွင့်မပြုရန် တားမြစ်ခဲ့သည့်အတွက် အထည်ချုပ်စက်ရုံပေါင်း ၁၆၀ခန့် ပိတ်သိမ်းခဲ့ရပြီး စက်ရုံ၄၀မှ အလုပ်သမားများ လျှော့ချခဲ့ရသည့်အတွက် အလုပ်သမား ၈၀၀၀၀ကျော် အလုပ်လက်မဲ့ဖြစ်ခဲ့ရကြောင်း၊ ၎င်းအထဲတွင် မိမိတို့အမျိုးသမီးအလုပ်သမား ၇၀၀၀၀ကျော် ပါဝင်ခဲ့သဖြင့် အမျိုးသမီးများ၏ သမ္မာဇီဝ အသက်မွေးဝမ်းကျောင်းမှုများ ထိခိုက်ပျက်စီးခဲ့ရကြောင်း၊ ၎င်းတို့အား မှီခိုနေရသည့် မိသားစုပေါင်း လေးသိန်းကျော်လည်း အတိဒုက္ခရောက်ခဲ့ကြရကြောင်း။

အလုပ်လက်မဲ့ဖြစ်ခဲ့ရသည့် အမျိုးသမီးငယ်တချို့သည် မိသားစုစားဝတ်နေမှု ပြေလည်ရေးအတွက် ကြုံရာကျပန်းလုပ်ငန်းများဖြင့် ဖြေရှင်းရပ်တည်ခဲ့ရ၍ ဤအခက်အခဲကို အမြတ်ထုတ်လိုသူများ၏ ဖြားယောင်းသိမ်းသွင်းမှုကြောင့် လူကုန်ကူးမှု၏ သားကောင်ဘဝထိကျရောက်ခဲ့ရကြောင်း၊ ကလေးသူငယ်အချို့ဆိုလျှင် မိဘအလုပ်လက်မဲ့ဖြစ်ခဲ့ရ၍ ကျောင်းစရိတ်မတတ်နိုင်တော့သည့်အတွက် ကျောင်းထွက်ခဲ့ရသည်အထိ လူ့အခွင့်အရေးများ ဆုံးရှုံးနစ်နာခဲ့ရကြောင်း။

အဆိုပါ အလုပ်ရုံ စက်ရုံများနှင့် ဆက်စပ်နေသည့် ဝန်ဆောင်မှုလုပ်ငန်းများ၊ အိမ်ခန်းငှားရမ်းမှုလုပ်ငန်းများ၊ ဘော်ဒါဆောင်ငှားရမ်းမှုလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ စားသောက်ဆိုင်နှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင် လုပ်ငန်းများလည်း ထိခိုက်နစ်နစ်ခဲ့ရကြောင်း၊ အလုပ်ရှင်များကလည်း အလုပ်ထုတ်နစ်နာကြေးငွေကျပ်သိန်းပေါင်း ၁၂၀၀၀ကျော်နှင့် FEC ရှစ်သောင်းကျော်ပေးခဲ့ရသည့်အတွက် ရင်းနှီးမြှုပ်နှံမှုပမာဏများပါ လျော့ကျသွားခဲ့ရကြောင်း။

ဤကဲ့သို့ မိမိတို့အမျိုးသမီးများ၏ လူမှုစီးပွားရေးဘဝ နိမ့်ပါးအောင်နှင့် ပြည်သူအများ အတိဒုက္ခရောက်အောင် ပြည်ပဆရာကြီးများနှင့်ပူးပေါင်းလုပ်ဆောင်သူ ပြည်သစ်ညွန့်ပေါင်း (ခေါ်) မောင်မောင်ဦးစီးသည့် မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂ (FTUB) နှင့် အခြားဆက်စပ်နေသည့် အကြမ်းဖက် အဖျက်သမားအဖွဲ့များကို မတရားအသင်းအဖြစ် ကြေညာပေးပါရန် ယနေ့ကျင်းပသည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနား၌ မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးကိုယ်စား နိုင်ငံတော်အစိုးရအား တင်ပြလိုက်ရပါကြောင်း။

ယခုကဲ့သို့ မြန်မာနိုင်ငံမှ အလုပ်သမားများ ထိခိုက်နစ်နာနေမှုကို ILO က မျက်ကွယ်ပြုပြီး ၎င်းတို့လိုလားသော နိုင်ငံရေးနှင့်ဆက်စပ်ကာ ဆုံးဖြတ်ချက်များ တစ်ခုပြီးတစ်ခု ချမှတ်လုပ်ဆောင်နေခြင်းသည် အလုပ်သမားများ၏အကျိုးကို လုံးဝအလေးထားခြင်းမရှိကြောင်း ထင်ရှားနေပါကြောင်း၊ မြန်မာနိုင်ငံ သည် ILO နှင့် စဉ်ဆက်မပျက် ပူးပေါင်းဆောင်ရွက်လျက်ရှိသော်လည်း အလုပ်သမားရေးရာသက်သက်မဟုတ်ဘဲ နိုင်ငံရေးအရဖိအားပေးပြီး ၂၀၀၀ပြည့်နှစ်၌ မြန်မာနိုင်ငံအပေါ် ချမှတ်ခဲ့သည့်ဆုံးဖြတ်ချက်ကို ၂၀၀၅ခုနှစ် (၉၃)ကြိမ်မြောက် ILOညီလာခံက ပြန်လည်အသက်သွင်းခဲ့ခြင်းကို မြန်မာအမျိုးသမီးထုတစ်ရပ်လုံးအနေဖြင့် လုံးဝ ဥသုံအသိအမှတ်မပြုနိုင်ကြောင်းနှင့် ပယ်ချလိုက်သည်ဟု ပြောကြားလိုကြောင်း။

ILOသည် အလုပ်သမားရေးရာသက်သက် ဆောင်ရွက်နေခြင်းမဟုတ်ဘဲ အနောက်အင်အားကြီး နိုင်ငံတချို့၏ ဖိအားပေးမှုနှင့် မြန်မာနိုင်ငံအတွင်းမှ ဥပဒေကျူးလွန်ထွက်ပြေးသူ ပြည်ပြေးများ၏ တောင်းဆိုချက်များအတိုင်း တစ်ဖက်သတ်ဘက်လိုက်မှုများ စာမျက်နှာ ၁၃ ကော်လံ ၁ သို့

ရောဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများက ထူးချွန်အမျိုးသမီးများအား ဂုဏ်ပြုဆုများ ပေးအပ်စဉ်။ (သတင်းစဉ်)

* စာမျက်နှာ ၁၂ မှ
ပြုလုပ်နေသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ILO အဖွဲ့မှ နုတ်ထွက်သင့်ပါကြောင်း၊ မြန်မာအမျိုးသမီးထု၏ကိုယ်စား နိုင်ငံတော် အစိုးရအား တင်ပြလိုက်ရပါကြောင်း။

အလားတူ မြန်မာနိုင်ငံကို အကြမ်းဖက် အဖျက်အမှောင့်လုပ်ရပ်များဖြင့် နှောင့်ယှက်ဖျက်ဆီးနေသည့် အဖွဲ့တစ်ဖွဲ့မှာ ပြည်ပြေးစိန်ဝင်း ဦးစီးသည့် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ အမည်ခံ NCGUB ဖြစ်ကြောင်း၊ ပြည်ပြေးစိန်ဝင်း အပါအဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဆိုသူ ရှစ်ဦးသည် နိုင်ငံတော်ကို သစ္စာဖောက်ဖျက်ပြီး ထွက်ပြေးတိမ်းရှောင်သွားသည့်အတွက် ၃-၁၂-၁၉၉၀ရက်နေ့၌ တရားခံပြေးများအဖြစ် ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကော်မရှင်ကလည်း ၆-၁၂-၁၉၉၀ ရက်စွဲပါ ကြေညာချက်အမှတ်(၉၁၃)ဖြင့် ပြည်ပြေး စိန်ဝင်းပါ ရှစ်ဦးကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူများအဖြစ်မှ ပယ်ဖျက်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ ၎င်းအဖွဲ့သည် ၁၈-၁၂-၁၉၉၀ရက်နေ့တွင် သောင်းကျန်းသူအဖျက်သမားများနှင့် ပူးပေါင်းပြီး မြန်မာနိုင်ငံ ဒီမိုကရက်တစ်တပ်ပေါင်းစု DFB ကို တရားမဝင်ဖွဲ့စည်းခဲ့ကြောင်း၊ ပြည်ပြေးစိန်ဝင်းသည် အနောက်နိုင်ငံများအကြိုက် ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးဗန်းပြပြီး တစ်ဖက်က အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ၎င်းအကြမ်းဖက်အဖွဲ့သည် အနောက်နိုင်ငံအချို့၌ လွတ်လွတ်လပ်လပ် သွားလာခွင့်ရနေပြီး NGO အမည်ခံ အဖွဲ့များ၏ ကူညီပံ့ပိုးမှုဖြင့် ကျောထောက်နောက်ခံကောင်းများ ရရှိနေခြင်းဖြစ်ကြောင်း၊ ပြည်ပြေးစိန်ဝင်းသည် ၁၉၉၇ခုနှစ်၊ မတ်လ ၁၃ရက်နေ့တွင် နိုင်ငံတစ်နိုင်ငံ ရောက်နေသည့် ပြည်ပြေးအဖျက်သမား အဖွဲ့များနှင့်တွေ့ဆုံပြီး မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ပင်ရေးတောင်းဆိုရန် ဆွေးနွေးပွဲပြုလုပ်ခဲ့ခြင်း၊ မြန်မာနိုင်ငံအတွင်းသို့ ပါဆယ်ဗုံးပို့ပြီး ဖောက်ခွဲခြင်းတို့ကို အကြံကျကျဆောင်ရွက်ခဲ့သည်ကို တွေ့ရှိကြရမှာဖြစ်ကြောင်း၊ ၎င်းတို့အဖွဲ့၏ အဓိကလက်ရုံးများမှာ ပြည်သစ်ညွန့်ပေါင်း(ခေါ်) မောင်မောင်နှင့် လူ့ဘောင်သစ်အဖွဲ့မှ အောင်မိုးဇော်တို့ ဖြစ်ကြောင်း။

ယင်းကဲ့သို့ အကြမ်းဖက်လုပ်ရပ်များဖြင့် မြန်မာပြည်သူများ အတိဒုက္ခ ရောက်အောင် လုပ်ဆောင်နေခြင်းကို မိမိတို့မြန်မာအမျိုးသမီးများအားလုံးက လုံးဝလက်မခံနိုင်ကြောင်း၊ ပြည်ပြေးစိန်ဝင်းအုပ်စုသည် လူ့အခွင့်အရေးချိုးဖောက်သူများ၊ ပြည်သူ့အကျိုးစီးပွားဖျက်စီးပြီး ဆူပူအုံကြွမှုဖြစ်အောင်ဖန်တီးသူများ၊ ပြည်သူများချောက်ချားပြီး ကြီးလန့်တကြား မတည်မငြိမ်ဖြစ်အောင် ဖောက်ခွဲဖျက်ဆီးမှု ပြုလုပ်နေသူများ၊ ပြည်ပထောက်ပံ့ငွေများဖြင့် ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေး ဗန်းပြပြီး နိုင်ငံရေးအရောင်းအဝယ် လုပ်စားနေသူများ၊ အနောက်အုပ်စုနိုင်ငံကြီးများခိုင်းသည့်အတိုင်း လိုက်လုပ်နေသည့် ရုပ်သေးရုပ်များဖြစ်နေသည်မှာ ပေါ်လွင်ထင်ရှားနေကြောင်း၊ ထို့ကြောင့် မြန်မာအမျိုးသမီးထုကြီး အပါအဝင် ပြည်သူတို့၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများကို ဟန့်တား နှောင့်ယှက်ဖျက်ဆီးနေသည့် ပြည်ပြေးစိန်ဝင်း၏ NCGUBအဖွဲ့နှင့် အခြားဆက်စပ်နေသည့် အဖွဲ့အားလုံးကို မတရားအသင်းအဖြစ် ကြေညာပေးပါရန် မြန်မာအမျိုးသမီးများကိုယ်စား နိုင်ငံတော်အစိုးရအား တင်ပြလိုက်ပါကြောင်း။

မိမိတို့ပြည်သူတစ်ရပ်လုံး၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော် ဖြစ်ပေါ်လာရေးအတွက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ပြည်တွင်း၊ ပြည်ပမှ ဖျက်လိုဖျက်ဆီး ဆောင်ရွက်လာသူမှန်သမျှအား မိမိတို့မြန်မာအမျိုးသမီးထုတစ်ရပ်လုံးက ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းချေမှုန်းရှင်းလင်းဖယ်ရှား သွားမှာဖြစ်ကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ယင်းနောက် ထူးချွန်ဆုချီးမြှင့်ခြင်း အစီအစဉ်ကို ဆက်လက်ကျင်းပရာ ၂၀၀၄-၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုအဆင့်ဆု၊ ၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထက်တန်းအဆင့် ကဗျာဆုနှင့် အလယ်တန်းအဆင့် စာစီစာကုံး၊ အလယ်တန်းအဆင့် ကဗျာဆု၊ ၂၀၀၅ခုနှစ် (၁၅)ကြိမ်မြောက် တပ်မတော်ဆိုင်ရာ အထွေထွေဗဟုသုတ ဉာဏ်စမ်းပြိုင်ပွဲ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်ဆု၊ ၂၀၀၅ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ကနွဲ့ပျူတာပန်းချီပြိုင်ပွဲ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲဆု၊ ၂၀၀၅ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထက်တန်းအဆင့် ကဗျာနှင့် အလယ်တန်းအဆင့် စာစီစာကုံးဆု၊ ၂၀၀၅ခုနှစ် ထူးချွန် ကြက်ခြေနီတပ်ဖွဲ့ဆုံပွဲသို့ တက်ရောက်သူများနှင့် ထူးချွန်အရန်မီးသတ်တပ်ဖွဲ့ဝင် ထူးချွန်ဆု၊ ၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ကျပန်းစကားပြောဆု၊ ၂၀၀၅ခုနှစ် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲဆု၊ အာရှအမျိုးသမီးဘောလုံးပြိုင်ပွဲ ခြေစစ်ပြိုင်ပွဲ၌ ခြေစစ်အောင်မြင်ခဲ့သည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းတွင် ပါဝင်ခဲ့ကြသည့် ရောဝတီတိုင်းမှ အမျိုးသမီးဘောလုံးလက်ရွေးစင်ကစားသမားများ၊ အာရှလူငယ် ပြေးခုန်ပစ်အားကစားသမားများနှင့် အရှေ့တောင်အာရှ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရောဝတီတိုင်းမှ မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်း အားကစားသမားများ အပါအဝင် ထူးချွန်ဆု ရရှိသူများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာအမျိုးသမီးများနေ့အခမ်းအနားသို့ တက်ရောက်လာကြသူများက ကြေးမုံကြော်သံများ တစ်ခဲနက် ကြွေးကြော်ကြပြီး နံနက် ၁၁ နာရီတွင် အခမ်းအနား အောင်မြင်စွာကျင်းပပြီးစီးသည်။ (သတင်းစဉ်)

လူမျိုးမှ လူမျိုးပျောက်သည်ဆိုသည့် စကားကို သတိမူ မျိုးနွယ်ကို စောင့်ထိန်းသော အမျိုးကောင်းသမီးဘဝခံယူ

❐ စာမျက်နှာ ၉ မှ
ပူးပေါင်းလက်တွဲမြန်လည်ရရှိလာခဲ့ခြင်း၊ နိုင်ငံရေးပါတီစုံ တရားဝင်ရပ်တည်ခွင့် ပြုရုံသာမက ငြိမ်းချမ်းရေးအဖွဲ့များကိုပါ တရားဝင်ရပ်တည်ခွင့်ပြုခြင်း၊ ဦးတည်ချက် (၁၂)ရပ်ဖြင့် ထူထောင်လာသည့် ဒီမိုကရေစီ နိုင်ငံတော်ကို မူဝါဒလမ်းစဉ် (၇)ရပ်ဖြင့် လက်တွေ့အကောင်အထည်ဖော်နေခြင်း၊ မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်ဖြစ်သော အမျိုးသားညီလာခံကြီးကို တစ်မျိုးသားလုံးကိုယ်စားပြုသည့် ကိုယ်စားလှယ်စုံညီစွာဖြင့် အောင်မြင်စွာကျင်းပနိုင်ခြင်း၊ ဥပဒေဘောင်အတွင်းဝင်ရောက်ပြီး ငြိမ်းချမ်းရေးအဖွဲ့အချို့ အပြီးအပိုင် လက်နက်စွန့်လွှတ်အပ်နှံလာခြင်းစသည့် ပြောင်းလဲတိုးတက်လာမှုများစွာရှိနေကြောင်း။

ဤသည်မှာ ပြည်ပမှ ပိတ်ဆို့အရေးယူမှုများ၊ အခက်အခဲများကြားက မိမိတို့နိုင်ငံကို ကိုယ့်အားကိုယ်ကိုးပြီး ကြိုးပမ်းထူထောင်နိုင်မှုပဲဖြစ်ကြောင်း၊ ယခုကဲ့သို့ ဘယ်ခေတ်ဘယ်အခါနှင့်မျှ မတူအောင် ပြောင်းလဲတိုးတက်လာမှုများကို အနောက်နိုင်ငံကြီးအချို့က လျစ်လျူရှုမျက်ကွယ်ပြုပြီး ဖြစ်လေ့ဖြစ်ထရှိသည့် သာမန်အားနည်းချက်အချို့ကို မီးမောင်းထိုးပြီး မြန်မာနိုင်ငံနှင့် မြန်မာအစိုးရကို အခြေအမြစ်မဲ့၊ သိက္ခာမဲ့လုပ်ကြံပုတ်ခတ်ခြင်းသည် တစ်ဖက်သတ် ဆန့်ကျင်နေခြင်း၊ မြန်မာနိုင်ငံအပေါ် အဆိုးမြင်ရှုထောင့် သက်သက်ကသာ ကြည့်နေခြင်းပင်ဖြစ်ကြောင်း။

ယနေ့ကာလတွင် ပြည်ပဆရာကြီးများနှင့် အပေါင်းပါ အကြမ်းဖက် အဖျက်သမားအုပ်စုများက မြေပေါ်တိုက်ခိုက်ရေးအစီအမံ၊ မြေအောက်တိုက်ခိုက်ရေးအစီအမံ၊ ပြည်ပြေးတိုက်ခိုက်ရေးအစီအမံတို့ဖြင့် မိမိတို့နိုင်ငံတော်အား သုံးဖက်သုံးတန် ညှပ်တိုက်ရန် ပူးပေါင်းကြံစည်လျက်ရှိနေကြောင်း၊ ဤအဖျက်အမှောင့် လုပ်ရပ်များကို တားဆီးကာကွယ်တိုက်ဖျက်ရာတွင် မိမိတို့အမျိုးသမီးအင်အားစုကြီးက တိုင်းရင်းသားပြည်သူများနှင့် လက်တွဲပြီး အမျိုးသားလုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲက မိမိတို့နိုင်ငံ၏ အမျိုးသမီးရေးရာနှင့်စပ်လျဉ်းပြီး လမ်းညွှန်ခဲ့ရာတွင် **"နိုင်ငံတော်အစိုးရက ကြိုးပမ်းတည်ဆောက်နေတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများ အကောင်အထည်ပေါ်အောင်၊ ခိုင်မြဲလာအောင် အမျိုးသမီးထုကြီးက ကျရာကဏ္ဍမှ ပါဝင်ကြိုးပမ်းဆောင်ရွက်သွားရန်၊ အမျိုးသမီးအခွင့်အရေး၊ လူမှုရေးအခွင့်အရေးတို့ကို အသုံးချပြီး အမျိုးသမီးငယ်များကို လမ်းမှားသို့ တွန်းပို့နေတဲ့ နယ်ချဲ့အလိုရိုတို့ရဲ့ လှုံ့ဆော်ဖန်တီးမှုကို ဆန့်ကျင်တိုက်ဖျက်သွားကြရန်၊ မြန်မာအမျိုးသမီးများရဲ့ နူးညံ့ယဉ်ကျေးတဲ့ ဓလေ့စရိုက်၊ နက်ရှိုင်းတည်ငြိမ်တဲ့ အမူအကျင့်၊ နက်နဲသိမ်မွေ့တဲ့ အတွေးအခေါ်၊ အယူအဆ အထိန်းအကပ်ဖြင့် ဖြစ်ထွန်းလျက်ရှိသည့် အခွင့်အလမ်းများ ပုံမှန်ရှင်သန်လာအောင် ဝိုင်းဝန်းကြိုးပမ်းကြရန်"** ဟူ၍ မိန့်ကြားထားပါကြောင်း။

မိမိတို့နိုင်ငံ လူဦးရေ၏ ထက်ဝက်ကျော်မျှရှိသော မြန်မာအမျိုးသမီးထုအင်အားကို အခြေခံလျက် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် ထူးချွန်ထက်မြက်သည့် မိမိတို့မြန်မာအမျိုးသမီးများက စွမ်းဆောင်ရည်မြင့်မားစွာဖြင့် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

"မြေမျို၍ လူမျိုးမပျောက်၊ လူမျိုးမှ လူမျိုးပျောက်သည်" ဆိုသည့် စကားကို သတိမူပြီး မိမိတို့မြန်မာအမျိုးသမီးများသည် မျိုးချစ်စိတ်ဓာတ် အပြည့်အဝထားရှိကာ ခေတ်အဆက်ဆက်တွင် မျိုးနွယ်ကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသကဲ့သို့ စွမ်းဆောင်ရည် ထက်မြက်ထူးချွန်မြင့်မားစွာဖြင့် နိုင်ငံတော်နှင့် လူမျိုး၏အကျိုးစီးပွားကို ဖော်ဆောင်လာသကဲ့သို့ ယနေ့မျက်မှောက်ခေတ်တွင်လည်း မျိုးနွယ်ကိုစောင့်ထိန်းသော အမျိုးကောင်းသမီးဘဝကို ခံယူပြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် မိမိတို့အမျိုးသမီးအင်အားထုကြီးတစ်ရပ်လုံးက စွမ်းဆောင်ရည် မြင့်မားစွာ ပါဝင်ကြိုးပမ်းဆောင်သွားကြပါစို့ဟု အလေးအနက် တိုက်တွန်းအပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်နန်းဝိုးခမ်းက မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုစကားပြောကြားရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို နိုင်ငံတော်အစိုးရက ဦးဆောင်လျက် ပြည်သူတစ်ရပ်လုံး လိုလားတောင့်တမျှော်လင့်နေသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေး ကြိုးပမ်းတည်ဆောက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ တည်ဆောက်နေခြင်းသည် ပြည်သူများ၏ အကျိုးနှင့်အမျိုးသားအကျိုးစီးပွားဖြစ်ထွန်းရှင်သန်ရေးအတွက် ဦးတည်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသားအကျိုးစီးပွားကို ထိခိုက်စေသည့် ပြည်ပဖိအားပေးမှုမှန်သမျှကို ဆန့်ကျင်ရှုတ်ချ၍ ချမှတ်ထားပြီးဖြစ်သည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ပြည်သူများနှင့်အတူ အမျိုးသမီးထုကြီး တစ်ရပ်လုံးက တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရန် နှိုးဆော်တိုက်တွန်းလိုက်ပါကြောင်း။

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ဆန်းစစ်ကြည့်မည်ဆိုပါက နိုင်ငံတော်ကို အနာဂတ်လမ်းကြောင်းမှန်ပေါ်၌ ခိုင်မာဝင့်ထည်စွာ ရပ်တည်နိုင်ရေးအတွက် လမ်းညွှန်ပြနေသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ထူထောင်ရေး မီးရှူးတန်ဆောင်ကြီးများပမာဖြစ်ကြောင်း၊ မဖြစ်မနေ ခိုင်မာစွာတည်ဆောက်ကြရမည့် အခြေခံအချက်အလက်ကြီးများဖြစ်နေပြီး အမြော်အမြင်ကြီးမားလှသည့် အကြီးအကဲများ၏ စိတ်ရင်းစေတနာမှန်များ ပေါ်လွင်ထင်ဟပ်နေသည်ကို တွေ့ရှိကြရမှာဖြစ်ကြောင်း။

ဂုဏ်ပြုစကား ပြောကြား

ရှမ်းပြည်နယ်(အရှေ့ပိုင်း) အမျိုးသမီးရေးရာ အဖွဲ့ဝင် ဒေါ်နန်းဝိုးခမ်း အမျိုးသမီးများနေ့ ဂုဏ်ပြုစကား ပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အနေဖြင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ပထမအဆင့်အဖြစ် ၁၉၉၆ခုနှစ်မှ စတင်၍ ယာယီအားဖြင့် ဆိုင်းငံ့ထားလျက်ရှိသည့် အမျိုးသားညီလာခံကြီးကို ယခုအခါ ပြန်လည်ကျင်းပလျက်ရှိရာ ညီလာခံကြီးအောင်မြင်ရေးအတွက် အမျိုးသမီးထု တစ်ရပ်လုံးက ပြည်တွင်း၊ ပြည်ပမှ အဖျက်အမှောင့်များ ဝင်ရောက်နှောင့်ယှက် မလာနိုင်အောင် နိုးကြားတက်ကြွစွာ ပါဝင်ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် ဒီမိုကရေစီနိုင်ငံတော် ဖြစ်ထွန်းရေးမျှော်မှန်းချက်ကို မျက်ခြည်ပြတ်မခံဘဲ တိုင်းရင်းသားပြည်သူများ၏ လိုလားချက်နှင့် အကျိုးစီးပွားများကို ရှေးရှု၍ အမျိုးသားညီလာခံကြီးကို ၂၀၀၄ ခုနှစ်၊ မေလ ၁၇ ရက်နေ့မှ ဇူလိုင်လ ၉ရက်နေ့အထိ ကျင်းပပေးခဲ့ကြောင်း၊ ၁၉၉၃-၁၉၉၆ အမျိုးသားညီလာခံက ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအတွက် အခြေခံရမည့် အခြေခံမူ (၁၀၄)ချက်နှင့် အသေးစိတ်အခြေခံရမည့်မူတချို့ကို တညီတညွတ်တည်း ချမှတ်အတည်ပြုနိုင်ခဲ့ပြီးဖြစ်သကဲ့သို့ ၂၀၀၄ခုနှစ်၊ မေလ ၁၇ ရက်မှ ဇူလိုင်လ ၉ ရက်နေ့အထိ ကျင်းပခဲ့သည့် အမျိုးသားညီလာခံတွင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအတွက် အသေးစိတ်အခြေခံရမည့်မူတချို့ကို ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း။

ဆက်လက်၍ ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် အမျိုးသားညီလာခံကို ပြန်လည်ကျင်းပခဲ့ရာတွင်လည်း ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများကို အတည်ပြုခြင်းများနှင့်အတူ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အသေးစိတ်အခြေခံရမည့်မူများ ရရှိအောင်လည်း ဆွေးနွေးညှိနှိုင်းခြင်းများ ပြုလုပ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ယင်းညီလာခံကြီးတွင် တက်ရောက်ဆွေးနွေးသူ ကိုယ်စားလှယ်ပေါင်း ၁၀၈၆ ဦး ရှိသည့်အနက် တိုင်းရင်းသားကိုယ်စားလှယ် ၆၃၃ ဦးအထိ ပါဝင်ဆွေးနွေးလျက်ရှိသည်ကို တွေ့ရှိရမှာဖြစ်ပြီး မိမိတို့ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ တိုင်းရင်းသားကိုယ်စားလှယ် ၂၉ ဦး ပါဝင်တက်ရောက်ဆွေးနွေးလျက်ရှိတာကို တွေ့ကြရမှာဖြစ်ကြောင်း၊ ဤကိုယ်စားလှယ်ကြီးများထဲတွင် အမျိုးသမီးကိုယ်စားလှယ်များလည်း တက်ရောက်လျက်ရှိသည့်အတွက် မိမိတို့ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အမျိုးသား၊ အမျိုးသမီးအဆင့်အတန်းခွဲခြားမှုမရှိဘဲ တန်းတူရည်တူ အခွင့်အရေးများ ရရှိနေတာအထင်အရှားပဲဖြစ်ကြောင်း။

ညီလာခံတက်ရောက်သည့် ကိုယ်စားလှယ်အစုအဖွဲ့ ရှစ်ဖွဲ့ရှိသည့်အနက် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ အသိပညာရှင်အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့စသည့် ကိုယ်စားလှယ်အစုအဖွဲ့ငါးဖွဲ့တို့တွင် အမျိုးသမီးကိုယ်စားလှယ်ပေါင်း ၆၅ဦးပါဝင် တက်ရောက်လျက်ရှိပြီး တက်တက်ကြွကြွ ညှိနှိုင်းဆွေးနွေးနေသည်ကို တွေ့ရှိရမှာဖြစ်ကြောင်း၊ ယင်းအချက်ကို ကြည့်ခြင်းအားဖြင့် မိမိတို့နိုင်ငံတော်၏ အနာဂတ်နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍသည် မေးမှိန်မနေဘဲ အမျိုးသားများနှင့်တန်းတူ နိုင်ငံတော်တည်ဆောက်ရေး၏ ရှေ့တန်းမျက်နှာစာတွင် အင်အားပြည့် ပါဝင်လှုပ်ရှားခွင့်ကို နိုင်ငံတော်က အပြည့်အဝနေရာပေးထားကြောင်း အထင်အရှား တွေ့ရှိနိုင်ပါကြောင်း၊ ထို့ကြောင့် အမျိုးသားညီလာခံကြီးအောင်မြင်စွာကျင်းပရေးမှသည် ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရေးအတွက် နိုင်ငံတော်က ချမှတ်ပြီးဖြစ်သည့် မူဝါဒလမ်းစဉ်(၇) ရပ်အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးတွင် အမျိုးသမီးထုကြီး တစ်ရပ်လုံးအနေဖြင့် အမျိုးသားများနှင့်အတူ တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရန် အလေးအနက် တိုက်တွန်းလိုက်ပါကြောင်း။

တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသော ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းရေးအတွက် ယခုကဲ့သို့ ကြိုးပမ်းဆောင်ရွက်နေခြင်းများကို မျက်ကွယ်ပြုပြီး အနောက်အုပ်စုနိုင်ငံများက မြန်မာနိုင်ငံ၌ ၎င်းတို့သြဇာခံအစိုးရ တင်နိုင်ရေးအတွက် ဖိအားပေးမှုများ ပြုလုပ်လျက်ရှိကြောင်း၊ လူ့အခွင့်အရေး၊ အမျိုးသမီးများ အခွင့်အရေးနှင့်စပ်လျဉ်း၍ တရားမဝင်အဖွဲ့အစည်း နှစ်ခုဖြစ်သည့် SHRF နှင့် SWANတို့က တပ်မတော်သားများက ရှမ်းတိုင်းရင်းသူ အမျိုးသမီးများအား အဓမ္မပြုကျင့်ခဲ့ကြောင်း မဟုတ်မမှန် စွပ်စွဲသွားသည့် ကြေညာချက်များထုတ်ပြန်၍ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပျက်ပြားစေရေးနှင့် သိက္ခာကျဆင်းစေရေးအတွက် လုပ်ကြံဖန်တီးမှုများ ပြုလုပ်လျက်ရှိသည်ကို တွေ့ရှိရမှာဖြစ်ကြောင်း၊ အဆိုပါ ကြေညာချက်တွင် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရှမ်းတိုင်းရင်းသူများအား တပ်မတော်သားများက အဓမ္မပြုကျင့်မှု ၁၇၅ မှု ရှိသည်ဟု လုပ်ကြံဖော်ပြထားကြောင်း။

အဆိုပါ စွပ်စွဲချက်များနှင့်ပတ်သက်၍ ကွင်းဆင်းစစ်ဆေးရန် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ အရာရှိများနှင့် ဖွဲ့စည်းထားသည့် အဖွဲ့ ၁၀ ဖွဲ့သည် ၃-၉-၂၀၀၂ ရက်နေ့မှ ၂၅-၉-၂၀၀၂ ရက်နေ့အထိ ဒေသခံအမျိုးသမီးရေးရာ လုပ်ငန်းကော်မတီ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ **စာမျက်နှာ ၁၄ ကော်လံ ၁ သို့** ●

တစ်ဖက်စောင်းနင်း ဖိအားပေးမှုများကို အမြဲပယ်ချခဲ့သော်လည်း မြန်မာနိုင်ငံသည် ကုလသမဂ္ဂ၊ အခြားနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နေဆဲဖြစ်

● စာမျက်နှာ ၁၃ မှ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့အရန်မီးသတ်တပ်ဖွဲ့ကြက်ခြေနီတပ်ဖွဲ့သော NGO အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့ကြောင်း၊ စုံစမ်းစစ်ဆေးရာသို့ အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့ (ICRC)မှ ကိုယ်စားလှယ်များလည်းလိုက်ပါ၍ လေ့လာကြောင်း။

စုံစမ်းစစ်ဆေးချက်အရ စွပ်စွဲချက်များသည် အခြေအမြစ်မရှိဘဲ၊ စွပ်စွဲချက်ပါဒေသများမှာလည်း သက်ဆိုင်ရာမြို့နယ် နယ်မြေများတွင် အမှန်တကယ်မရှိခြင်း၊ စွပ်စွဲချက်ပါ ကာယကံရှင် အမျိုးသမီးများနှင့် စွပ်စွဲခံရသူ တပ်မတော်သားများမှာလည်း ၎င်းတို့စွပ်စွဲသည့် ဒေသများတွင် အမှန်တကယ် နေထိုင်မှုမရှိခြင်း၊ တာဝန်ထမ်းဆောင်မှုမရှိခြင်းများကို စစ်ဆေးတွေ့ရှိရကြောင်း၊ ထိုသို့ စစ်ဆေးတွေ့ရှိချက်များကိုလည်း ICRCမှ သတင်းထုတ်ပြန်ကြေညာခဲ့ကြောင်းကိုလည်း တွေ့ရှိကြရမှာဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါ မတော်မတရားစွပ်စွဲချက်များသည် မိမိတို့နိုင်ငံ၏ တိုင်းရင်းသူများအား နိုင်ငံတကာအလယ်တွင်အရှက်ရစေသော၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးကို ပြိုကွဲအောင်လုပ်သော လုပ်ကြံဖန်တီးထားသည့် စွပ်စွဲချက်များသာဖြစ်ကြောင်း အတိအလင်းပြောကြားလိုက်ပါကြောင်း။

အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ် (ILO)၌လည်း မြန်မာနိုင်ငံက ၁၉၄၈ခုနှစ်မှစ၍ အဖွဲ့ဝင်ဖြစ်ခဲ့ပြီး ILO အဖွဲ့ချုပ်၏ ပြဋ္ဌာန်းချက်များကို အစဉ်တစိုက် လက်ခံအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော်လည်း ၁၉၈၈ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရလက်ထက်မှစ၍ မြန်မာနိုင်ငံအပေါ် ဖိအားပေးအကျပ်ကိုင်မှုများ ပြုလုပ်လာလျက်ရှိကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အဓမ္မခိုင်းစေမှုများမပြုလုပ်ရန် တားမြစ်သည့် အမိန့်အမှတ် (၁/၉၉)ကို နိုင်ငံရေးသန္နိဋ္ဌာန်ဖြင့်ထုတ်ပြန်ခဲ့ပြီး ထိရောက်သော ဆောင်ရွက်မှုများ ပြုလုပ်ခဲ့သော်လည်း ILO ညီလာခံက လက်ခံအတည်ပြုခြင်းမရှိဘဲ မြန်မာနိုင်ငံအပေါ် တရားမျှတမှုကင်းပြီး ကျိုးကြောင်းဆီလျော်မှုမရှိသော အရေးပေါ်ဆုံးဖြတ်ချက်တစ်ရပ်ကို ၁၉၉၉ခုနှစ်တွင် ချမှတ်ခဲ့ကြောင်း၊ ယင်းဆုံးဖြတ်ချက်များသည် မိမိတို့မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရာ ရောက်ပြီး ယင်းဆုံးဖြတ်ချက်ကိုအခြေခံလျက် အမေရိကန်နိုင်ငံက မိမိတို့မြန်မာနိုင်ငံ အထည်ချုပ်စက်ရုံများမှ ထုတ်လုပ်သော အဝတ်အထည်များ တင်သွင်းခွင့်ကို ၂၀၀၃ ခုနှစ်ကစပြီး တားမြစ်ပိတ်ပင်ခဲ့ကြောင်း။

ယင်းသို့သော တစ်ဖက်သတ်လုပ်ရပ်ကြောင့် မြန်မာအလုပ်သမားထုအား အတိဒုက္ခရောက်စေခဲ့ပြီး၊ အထူးသဖြင့်အမျိုးသမီးအလုပ်သမ ၇၀၀၀၀ ကျော်တို့၏ အကျိုးစီးပွားကို ထိခိုက်စေခဲ့ကြောင်း၊ ထို့ကြောင့် နိုင်ငံတကာအလုပ်သမားအဖွဲ့ချုပ် အနေဖြင့် အလုပ်သမားများ၏ အကျိုးစီးပွားကိုဖော်ဆောင်နေသည့် အဖွဲ့အစည်းကြီး အမှန်ပင်ဖြစ်ပါသလားဆိုသည့် မေးခွန်းကို မိမိအနေဖြင့် မေးလိုက်ချင်ပါကြောင်း၊ ထို့ပြင် ၂၀၀၅ခုနှစ် (၉၃)ကြိမ်မြောက် ILO ညီလာခံ၌ တရားမဝင်အဖွဲ့အစည်းတစ်ခုဖြစ်သော FTUB မှတရားခံပြေး အကြမ်းဖက်သမား ပြည်သစ်ညွန့်ဦး(ခ)မောင်မောင်၏ မဟုတ်မမှန် သတင်းပေးပို့တိုင်ကြားချက်များကို အခြေခံ၍ မြန်မာနိုင်ငံအပေါ် အပြုသဘောမဆောင်သော ဝေဖန်ချက်များပြောကြားခဲ့ရုံသာမက ပြည်သစ်ညွန့်ဦး(ခ)မောင်မောင်အား ILOညီလာခံတွင်စကားပြောကြားခွင့်ပြုခြင်းသည် ဝရမ်းပြေးအကြမ်းဖက်သမားကို ILOက စင်ပေါ်တင်၍ သူကောင်းပြုနေတာလားဟုလည်း မေးလိုက်ချင်ပါကြောင်း။

အဆိုပါညီလာခံတွင်ပြည်သစ်ညွန့်ဦး(ခ)မောင်မောင်က မြန်မာတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာများကို မသိနားမလည်သူများရှေ့မှောက်တွင် မဟုတ်မမှန် လီဆယ်ပြောကြားမှုများကြောင့် မြန်မာတိုင်းရင်းသားတို့၏ ဘာသာရေးယုံကြည်ချက်နှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများအရ မိမိဆန္ဒအလျောက် လိုလိုလားလားပါဝင်လုပ်အားပေးခြင်း အစဉ်အလာ များကိုပင် ထိခိုက်ခဲ့ကြောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများတွင် အနုတ်လက္ခဏာဆောင်သော ပေးဆပ်ရခြင်းများရှိလာခဲ့သည်အထိ နိုင်ငံနှင့် လူမျိုးအတွက် ဆုံးရှုံးနေရကြောင်း၊ မြန်မာနိုင်ငံအလုပ်သမားထုတစ်ရပ်လုံးကို ကိုယ်စားမပြုသော လက်တစ်ဆုပ်စာလူတစ်စုကို လက်ကိုင်တုတ်အဖြစ် အသုံးပြုပြီး လက်ရှိတရားဝင်အစိုးရအား ယှဉ်ပြိုင်စေသည့်လုပ်ရပ်ကိုပင် ILO က ဆောင်ရွက်နေသဖြင့် အလုပ်သမားရေးရာ သက်သက်မဟုတ်ဘဲ၊ နိုင်ငံရေးအရ ဖိအားပေးလိုသော ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်နေသည်မှာ ထင်ရှားသောကြောင့် မြန်မာနိုင်ငံအနေဖြင့် ILO မှနုတ်ထွက်သင့်သည်ဟုတင်ပြလိုက်ပါကြောင်း။

မိမိတို့မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုသည် မြန်မာလူမျိုးတို့၏ အမျိုးအနွယ် စောင့်ရှောက်မှုအစဉ်အလာကို ထိခိုက်စေသဖြင့် အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် သတ်မှတ်ကာ ၁၉၉၆ ခုနှစ်မှစပြီး လူကုန်ကူးမှုတိုက်ဖျက်ရေး အမျိုးသားအဆင့်ကော်မတီကို ဖွဲ့စည်းလျက် ကုလသမဂ္ဂ အဖွဲ့အစည်းများ NGO, INGO များနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၀၃ခုနှစ်တွင် သြစတြေးလျနိုင်ငံအစိုးရနှင့် နှစ်နိုင်ငံ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပြီး အာရှဒေသအတွင်း လူကုန်ကူးမှု တားဆီးကာကွယ်ရေးစီမံကိန်းကို ထူထောင်၍ စီမံကိန်းဝင်နိုင်ငံများဖြစ်သည့်လာအို၊ ကမ္ဘောဒီးယား၊ ထိုင်းနိုင်ငံတို့နှင့် ပူးပေါင်း၍ ဒေသအတွင်း လူကုန်ကူးမှုတိုက်ဖျက်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ ၎င်းအပြင် ၂၀၀၄ ခုနှစ်တွင်လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် လူမှောင်ခိုမှုတိုက်ဖျက်ရေးဆိုင်ရာ နောက်ဆက်တွဲစာချုပ်များတွင်လည်း အဖွဲ့ဝင်အဖြစ် ဝင်ရောက်ဆောင်ရွက်ခဲ့ကြောင်း။

ကမ္ဘာပေါ်တွင်လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် စပ်လျဉ်းသည့် ပထမဦးဆုံးသော Regional MoU အဖြစ်နိုင်ငံတကာက အသိအမှတ်ပြုသည့် နိုင်ငံခြောက်နိုင်ငံပါဝင်သော လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ Commit MoU) လက်မှတ်ရေးထိုးသည့် ဝန်ကြီးအဆင့်အစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ခဲ့ပါကြောင်း၊ ၎င်းအပြင် မြန်မာနိုင်ငံအတွင်း လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပြဋ္ဌာန်းနိုင်ရေး အတွက် ၂၀၀၄ခုနှစ်မှစတင်ပြီး ဥပဒေအကြမ်း စတင်ရေးဆွဲဆောင်ရွက်ခဲ့ကြောင်း၊ ဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် နိုင်ငံတကာမှ ဥပဒေကျွမ်းကျင်သူများကိုပါ ဖိတ်ကြား၍ လေ့လာသုံးသပ်သည့် အလုပ်ရုံဆွေးနွေးပွဲကျင်းပပြုလုပ်နိုင်ခဲ့ပြီး နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် လိုက်လျောညီထွေရှိသော ဥပဒေအဖြစ် မကြာမီ ပြဋ္ဌာန်းနိုင်မည်ဖြစ်ပါကြောင်း။

လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းကို အင်တိုက်အားတိုက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာတွင် ၂၀၀၂ခုနှစ်မှ ၂၀၀၃ခုနှစ်အထိ လူကုန်ကူးမှု တရားခံပေါင်း ၃၇၇ ဦးဖမ်းဆီးအရေးယူခဲ့ပြီး လူကုန်ကူးခြင်းခံရသူ ၉၃၂ ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း၊ ၂၀၀၄ခုနှစ်တွင် လူကုန်ကူးမှုတရားခံပေါင်း ၄၄၀ ဖမ်းဆီးအရေးယူခဲ့ပြီး လူကုန်ကူးခြင်းခံရသူ ၁၁၅၄ ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း။

ထိုကဲ့သို့ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်သတ်မှတ်ပြီး အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသော်လည်း မိမိတို့၏ ဆောင်ရွက်ချက်များကို မျက်ကွယ်ပြု၍ လူကုန်ကူးမှု တိုက်ဖျက်ရေးနှင့် ပတ်သက်သည့် အနိမ့်ဆုံးအဆင့်နှင့် အနိမ့်ဆုံးစံညွှန်းများ အကောင်အထည်မဖော်နိုင်သည့် နိုင်ငံများစာရင်းတွင်မြန်မာနိုင်ငံကိုထည့်သွင်း၍ တစ်ဖက်သတ်စွပ်စွဲကြောင်း၊ ယင်းသို့တစ်ဖက်သတ်လုပ်ဆောင်နေခြင်း သည် မြန်မာနိုင်ငံအား ကမ္ဘာ့အလယ်တွင် သိက္ခာချ၍ အကျပ်အတည်း အမျိုးမျိုးပေါ်ပေါက်စေကာ ၎င်းတို့အလိုကျ သြဇာခံအစိုးရ တင်နိုင်ရေးအတွက် စီမံဆောင်ရွက်နေခြင်းဖြစ်သည်မှာ ထင်ရှားနေကြောင်း။

အနောက်နိုင်ငံကြီးအချို့က မြန်မာနိုင်ငံအား လူ့အခွင့်အရေး၊ ဒီမိုကရေစီ ရေးကို အကြောင်းပြ၍ ဖိအားအမျိုးမျိုးပေးနေသည့်အပြင် နိုင်ငံရေး၊ စီးပွားရေး အရလည်း အရေးယူပိတ်ဆို့မှုများ ပြုလုပ်လျက်ရှိကြောင်း၊ အရေးယူပိတ်ဆို့မှု များအနက် အမေရိကန်ပြည်ထောင်စု၏ ၂၈–၇–၂၀၀၃ ရက်နေ့ထုတ်ပြန်ခဲ့သော Burmese Freedom and Democracy Act of 2003 အရ ကန့်သတ်ပိတ်ပင်မှုများ ပြုလုပ်ခဲ့ကြောင်း၊ အဆိုပါဥပဒေအရ ကန့်သတ်ပိတ်ပင်မှုများတွင် သွင်းကုန်နှင့်ပတ်သက်သော ပိတ်ပင်ကန့်သတ်ချက်များလည်း ပါဝင်ကြောင်း။

ဥရောပသမဂ္ဂကလည်း ပြည်ဝင်ခွင့်ဗီဇာထုတ်ပေးမှုအား ကန့်သတ်ခြင်းနှင့် စီးပွားရေးဆိုင်ရာ ကန့်သတ်ပိတ်ပင်မှုကို ပြုလုပ်ခဲ့ကြောင်း၊ ၎င်းအပြင် အမေရိကန် နှင့် အပေါင်းအပါ အနောက်အုပ်စုနိုင်ငံများသည် မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်မလာအောင်နှင့် ရှိပြီးသား ရင်းနှီးမြှုပ်နှံနေသူများ ကိုပင် ပြန်ထွက်သွားအောင် ဖိအားပေးခြင်း၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများအတွက် နိုင်ငံတကာ အထောက်အပံ့များမပေးအောင် တားဆီး ပိတ်ပင်ခြင်း၊ နိုင်ငံတကာက မြန်မာနှင့် ကုန်သွယ်မှုမပြုအောင် တားဆီးပိတ်ပင် ခြင်း၊ မြန်မာနိုင်ငံအတွင်းသို့ ကမ္ဘာလှည့်ခရီးသွားများ မလာရောက်အောင် ဟန့်တားခြင်း စသည့် စီးပွားရေးအရ ပိတ်ဆို့မှုများကိုလည်း ပြုလုပ်ခဲ့ကြောင်း။

ထိုကဲ့သို့ လူ့အခွင့်အရေး၊ နိုင်ငံရေး၊ စီးပွားရေး တစ်ဖက်စောင်းနင်း ဖိအားပေးမှုများသည် မှန်ကန်မျှတမှု မရှိသောကြောင့် မြန်မာနိုင်ငံအနေဖြင့် အမြဲတမ်းပယ်ချကန့်ကွက်ခဲ့သော်လည်း မိမိတို့နိုင်ငံသည် ကုလသမဂ္ဂနှင့်သော် လည်းကောင်း၊ အခြားနိုင်ငံများနှင့်သော်လည်းကောင်း ပူးပေါင်း၍ ဆောင်ရွက်ခဲ့၊ ဆောင်ရွက်နေဆဲ ဖြစ်ကြောင်း၊ ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ စာချုပ်များအနက် အရေးပါသည့် စာချုပ်များ ဖြစ်သည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကန်ဗင်းရှင်း၊ အမျိုးသမီးများအား ခွဲခြားဆက်ဆံမှု ပုံစံအားလုံးအား ဖယ်ရှားရေးဆိုင်ရာ ကန်ဗင်းရှင်း၊ အစုလိုက် အပြုံလိုက်သတ်ဖြတ်သည့် မှုခင်းများကာကွယ်တားဆီးရေးနှင့် ပြစ်ဒဏ်ပေးရေး ဆိုင်ရာ ကန်ဗင်းရှင်း၊ နိုင်ငံဖြတ်ကျော်မှုခင်းများ ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ ကန်ဗင်းရှင်း၊ အမျိုးသမီးများနှင့် ကလေးများအား လူကုန်ကူးမှုကိစ္စတားဆီး နှိမ်နင်း ပြစ်ဒဏ်ပေးရေးဆိုင်ရာ အခြေပြစာချုပ်၊ ကုန်းကြောင်း၊ ရေကြောင်းနှင့် လေကြောင်းတို့မှတစ်ဆင့် လူမှောင်ခိုကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ အခြေပြစာချုပ်များတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ချုပ်ဆိုခဲ့ကြောင်း။

ထိုကဲ့သို့အနောက်နိုင်ငံကြီးအချို့က မြန်မာနိုင်ငံကို ဖိအားအမျိုးမျိုးပေး နေသည့်နည်းတူ ပြည်ပြေး အကြမ်းဖက်သမားများ ဦးစီးသည့် ABSDF, FTUB စသည့် ပြည်ဖျက် အဖွဲ့အစည်းများကလည်း ၎င်းတို့အာဏာရရှိရေး အတွက် အဖျက်လုပ်ရပ်များကို နည်းအမျိုးမျိုးဖြင့် လုပ်ဆောင်နေသည်ကို တွေ့ရှိရမှာဖြစ်ပါကြောင်း။

ပြည်ဖျက်အဖွဲ့အစည်းတစ်ခုဖြစ်သည့် သံခဲဦးစီးသော ABSDF အဖွဲ့သည် ၁၉၈၈ခုနှစ် နိုဝင်ဘာလတွင်နယ်စပ်ဒေသရှိ သောင်းကျန်းသူများ၏ နယ်မြေ၌ ဖွဲ့စည်းခဲ့ပြီး၊ နိုင်ငံတော်ကို လက်နက်ကိုင်လမ်းစဉ်ဖြင့် နှောင့်ယှက်နေသည့် အဖွဲ့တစ်ဖွဲ့ဖြစ်ကြောင်း၊ ၎င်းအဖွဲ့သည် စစ်ရေးအရတပ်မတော်ကို ရင်ဆိုင် တိုက်ခိုက်နိုင်စွမ်းမရှိသည့်အတွက် ပြည်သူလူထုအပေါ် အကြမ်းဖက်လုပ်ရပ်များ ကို ဆက်တိုက်ကျူးလွန်နေသည့်အဖွဲ့တစ်ဖွဲ့သည်း ဖြစ်ကြောင်း၊ ၁၉၉၆ခုနှစ် ဒီဇင်ဘာလအတွင်းတွင် တရုတ်ပြည်မှပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော် ကိန်းဝပ်စံပယ်အပူဇော်ခံရာ ကမ္ဘာအေးမဟာပါသာဏလိုဏ်ဂူအတွင်း ချိန်ကိုက် ဗုံးထောင်ပြီး ရဟန်းရှင်လူပြည်သူများ သေကျေပျက်စီး ထိခိုက်ဒဏ်ရာရရှိ အောင် လုပ်ဆောင်ခြင်းသည် ABSDF ၏အဆိုးရွားဆုံးလုပ်ရပ်ဖြစ်ကြောင်း၊ ABSDFနှင့် အပေါင်းပါအကြမ်းဖက်အဖျက်သမား၊ မိစ္ဆာဒိဋ္ဌိတွေ၏လုပ်ရပ်ကြောင့် လုံခြုံရေးအဖွဲ့ဝင်များနှင့် ဘုရားဖူးပြည်သူငါးဦး သေဆုံးခဲ့ပြီး၊ ၁၇ ဦးဒဏ်ရာ ရရှိခဲ့ကြောင်း၊ ယင်းအကြမ်းဖက်အဖျက်လုပ်ရပ်အပြင် ABSDF အဖွဲ့ဆက်တိုက် ကျူးလွန်ခဲ့သည့် အကြမ်းဖက်အဖျက်လုပ်ရပ်များသည် အတောမသတ်နိုင်အောင် ရှိနေကြောင်း၊ ABSDF အကြမ်းဖက်အဖျက်သမားအဖွဲ့သည် ၎င်းတို့၏ လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လုပ်ရပ်ကို တရားသေဆုပ်ကိုင်ထားပြီး နိုင်ငံတော်နှင့် ပြည်သူလူထု ပျက်စီးရာပျက်စီးကြောင်းကို လက်ရဲဇက်ရဲဆက်လက် လုပ်ဆောင်လျက်ရှိကြောင်း၊ ထို့ကြောင့် အဆိုပါ သံခဲဦးစီးသော ABSDF အကြမ်းဖက်အဖွဲ့ကို မတရားအသင်းအဖြစ် ကြေညာပေးပါရန် မြန်မာအမျိုးသမီး များကိုယ်စား တင်ပြလိုက်ရပါကြောင်း။

ထို့အတူ ပြည်သစ်ညွန့်ဦး(ခ)မောင်မောင် ဦးစီးသည့် မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂအဖွဲ့အမည်ခံ FTUB သည်လည်း အကြမ်းဖက်အဖွဲ့တစ်ဖွဲ့ဖြစ်ကြောင်း၊ ပြည်သစ်ညွန့်ဦး(ခ) မောင်မောင်သည် NLD ဦးညွန့်ဦး၏သားဖြစ်ပြီး ၁၉၈၈ခုနှစ် သြဂုတ်လတွင် မြန်မာ့ကျောက်မျက်ရတနာကော်ပိုရေးရှင်း သံတမန်ကုန်တိုက် ရတနာအရောင်းဆိုင် မန်နေဂျာလုပ်နေစဉ် ရတနာများ ပျောက်ဆုံးမှုနှင့် အရေးယူခံရသည့် အကျင့်ပျက်ဝန်ထမ်းဖြစ်ကြောင်း၊ ၁၉၈၉ခုနှစ်၌ ဝရမ်းပြေးအဖြစ် တစ်ဖက်နိုင်ငံသို့ထွက်ပြေးတိမ်းရှောင်ပြီး နိုင်ငံရေးအရေခြုံရန်အတွက် ပြည်ပြေးများ ဖွဲ့ထားသည့် ဒီမိုကရေစီညီညွတ်ရေး တပ်ပေါင်းစု (ဒညတ)ကို ဝင်ရောက်ခဲ့ပြီး အကြမ်းဖက်အဖျက်လုပ်ရပ်များကို ဆက်တိုက် ကျူးလွန်ခဲ့သည့် အကြမ်းဖက်သမား (Torrorist) တစ်ဦးသာဖြစ်ကြောင်း။

ပြည်သစ်ညွန့်ဦး(ခ)မောင်မောင်သည် ၎င်း၏အကျင့်စာရိတ္တပျက်ယွင်းမှု ကို ဖုံးကွယ်ရန်၊ နိုင်ငံတော်အစိုးရကို ပြည်တွင်းပြည်ပ နှစ်ဖက်ညှပ်တိုက်ခိုက် နိုင်ရန်ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂအဖွဲ့(FTUB) ဆို သည်ကို ဖွဲ့စည်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

မြန်မာအမျိုးသမီးများ၏ လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်မှုကို အကြမ်း ဖက်လုပ်ရပ်များဖြင့် နှောင့်ယှက်ဖျက်ဆီးနေသည့် ပြည်ပြေးအဖျက်သမား ပြည်သစ် ညွန့်ဦး(ခ)မောင်မောင် ဦးစီးသည့် FTUB သည် အနောက်အင်အားကြီးနိုင်ငံ အချို့နှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းအချို့၏ အားပေးအားမြှောက်မှုဖြင့် အကြမ်းဖက်အဖျက် အမှောင့်လုပ်ရပ်များကို တိုးလို့သာပြုလုပ်နေသည်ကို တွေ့ ရှိရမှာဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံနှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်ရေးနှင့် အေးချမ်း တည်ငြိမ်ရေးကို နှောင့်ယှက်ဖျက်ဆီးနေသော ဝရမ်းပြေးအကြမ်းဖက်သမား ပြည်သစ်ညွန့်ဦး(ခ) မောင်မောင်ဦးစီးသည့် FTUB အဖွဲ့ကိုလည်း မတရား အသင်းအဖြစ် ကြေညာပေးပါရန် တင်ပြလိုက်ရပါကြောင်း။

နိဂုံးချုပ်အနေဖြင့် အနောက်နိုင်ငံကြီးအချို့နှင့် ပြည်ပရှိ အကြမ်းဖက်အဖွဲ့ များက ဖိအားအမျိုးမျိုးပေးပြီး မြန်မာနိုင်ငံ ပျက်စီးရာပျက်စီးကြောင်း လုပ်ဆောင် နေမှုများကို မိမိတို့အမျိုးသမီးထုကြီးက နိုင်ငံတော်အစိုးရနှင့် လက်တွဲ၍ တွန်းလှန်ချေဖျက်ရင်း နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် နှင့်အညီ အမျိုးသားညီလာခံကြီးအောင်မြင်ရေး၊ စည်းကမ်းပြည့်ဝသော ဒီမို ကရေစီ နိုင်ငံတော်သစ်ဖြစ်ပေါ်လာရေးတို့အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက် ကြရန် အဓိဋ္ဌာန်ပြုရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့်ပြောကြားသွားသည်။

ယင်းနောက် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ များတွင်ဆုရရှိကြသူများအားလည်းကောင်း၊ ထူးချွန်ဆုရရှိကြသော ရှမ်းပြည်နယ် (အရှေ့ပိုင်း)အတွင်းရှိ ထူးချွန်အမျိုးသမီးများအားလည်းကောင်း တာဝန်ရှိသူ များက ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို နံနက် ၁၀နာရီခွဲတွင် ကြွေးကြော်သံများဖြင့်ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ထားဝယ်အသင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၇

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မဟာဗန္ဓုလလမ်း အမှတ်(၈၂၈)ရှိ ထားဝယ်အသင်းတွင်ရန်ကုန်မြို့ရှိ ထားဝယ်ဘုန်းတော်ကြီးကျောင်း ၃၈ကျောင်း မှ ပဓာနနာယကဆရာတော် ၃၈ပါးအား ဇူလိုင် ၂၃ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ဝါဆိုသင်္ကန်းကပ်လှူပူဇော်မည်ဖြစ်၍ ကြွရောက်ကြည်ညို ကုသိုလ် ယူကြရန်နှင့် လှူဒါန်းလိုသူများ အသင်းတိုက် ဖုန်း–၂၂၂၂၁၉ သို့ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရသည်။ (က–ပ)

ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်နှင့် ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော် ကချင်ပြည်နယ်တွင်လုပ်ငန်းများစစ်ဆေး

ရန်ကုန် ဇူလိုင် ၇

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်သည် ဇူလိုင် ၄ရက်တွင် မြစ်ကြီးနားမြို့ရှိ ကချင်ပြည်နယ် သစ်တောဦးစီးဌာနရုံးသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောဦးစီး ဌာနတို့မှ အရာထမ်း၊ အမှုထမ်းများ အား တွေ့ဆုံ၍ သတ်မှတ်ပေးထား သောလုပ်ငန်းစဉ်များ အောင်မြင်မှု ရရှိအောင် ဆောင်ရွက်သွားရေး၊ မိုး ရာသီကာလအတွင်း ဆောင်ရွက်ရမည့် လုပ်ငန်းများ ဆက်လက်ဆောင်ရွက် သွားရေး၊ တရားမဝင်သစ်ထုတ်လုပ်မှု များ ပပျောက်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားသည်။

ဝန်ကြီးသည် ဇူလိုင် ၆ ရက်တွင် ရွှေကူမြို့နယ် သစ်တောဦးစီးဌာနသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံ ကာ လုပ်ငန်းဆိုင်ရာများကို ရှင်းလင်း မှာကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ် သိန်း အောင်နှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်တို့သည် မန္တလေး– ဗန်းမော်– မြစ်ကြီးနားလမ်း မိုင်တိုင်အမှတ်(၇၇) ရှိ ထီးချိုင့်မြို့နယ် သစ်တောဦးစီးဌာန ၂၀၀၅ခုနှစ် အထူးကျွန်းစိုက်ခင်းဧက ၅၀၀ တွင်ကျွန်းပျိုးပင်များကို စိုက်ပျိုး ပေးကြပြီး စိုက်ခင်းအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးကြကာစိုက်ခင်းလုပ်ငန်း စဉ်များ စနစ်တကျဆောင်ရွက်ရေး မှာကြားပြီး လိုအပ်သည်များကို ဆောင် ရွက်ပေးကြသည်။

ယင်းနောက် ဝန်ကြီးများသည် သပိတ်ကျင်းမြို့နယ် ရေယာဉ်ပျိုး ဥယျာဉ်ရှိ ရှင်းလင်းဆောင်သို့ ရောက် ရှိကြရာ မြို့နယ်ဦးစီးအရာရှိ ဦးမြင့် လွင်က မြို့နယ်အတွင်းလုပ်ငန်းဆောင် ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ထိုမှတစ်ဆင့် ဝန်ကြီးများသည် မတ္တရာမြို့နယ် ဥက္ကံကျေးရွာရှိ ပျိုး ဥယျာဉ်သို့ရောက်ရှိကြပြီး ပျိုးဥယျာဉ် အတွင်း ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဝန်ကြီးများသည် မတ္တရာမြို့ရှိ ဆက်သွယ်ရေးစခန်းသို့ ရောက်ရှိကြပြီး စက်ခလုတ်ခုံသစ် တပ်ဆင်မှုအခြေအနေများကို ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးကြသည်။

(သတင်းစဉ်)

တိုင်းဥပဒေအရာရှိ ဝေါမြို့တွင် ဆွေးနွေးညှိနှိုင်း

ရန်ကုန် ဇူလိုင် ၇

ပဲခူးတိုင်းဥပဒေအရာရှိ ဦးဟန်ညွန့်သည် ပဲခူးခရိုင်ဥပဒေအရာရှိ ဦးထွန်း ရွှေ လိုက်ပါလျက် ယမန်နေ့နေ့လယ် ပိုင်းက ဝေါမြို့နယ် ဥပဒေရုံးသို့ရောက်ရှိ လာပြီး မြို့နယ်ဥပဒေအရာရှိ ဦးကျော် တင့်နှင့် ဒု–မြို့နယ်ဥပဒေအရာရှိများ၊ ရုံးဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဥပဒေ ရေးရာ၊ စီမံရေးရာကိစ္စရပ်များအား ဆွေးနွေးညှိနှိုင်းခဲ့သည်။

(တိုင်းဥပဒေ)

အဖျက်အမှောင့်သမားများက နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် နည်းမျိုးစုံသုံးပြီး ကောလာဟလသတင်းများ လုပ်ကြံဖန်တီးထုတ်လွှင့်နေ ပြည်သူများ ထင်ယောင်ထင်မှား မဖြစ်ရအောင် သတင်းမှန်များ မပြတ်ထုတ်ပြန်လျက်ရှိ

ကျင်းပ

ရှမ်းပြည်နယ် (အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး ကျင်းပသော မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ ကျင်းပစဉ်။

(သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၈ နာရီခွဲတွင် ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ ချုပ်အဖွဲ့ဝင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဒေသစည်းရုံးရေးမှူး ဒေါ်ခင်မြချစ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ နာယကအဖွဲ့ဝင် ဒေါ်နုနုရီ၊ ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်အုန်းနှင့် အဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အသိပညာရှင်၊ အတတ်ပညာရှင်များအဖွဲ့ အဖွဲ့ဝင် ဒေါ်တင်မေထွန်း၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ရပ်ကွက် ကျေးရွာများမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျိုင်းတုံမြို့ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရကွန်ပျူတာကောလိပ်တို့မှ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူအမျိုးသမီးများ၊ ဂုဏ်ပြုဆုရရှိသူများ စုစုပေါင်းအင်အား ၁၀၀၀ခန့် တက်ရောက်ကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆

အနောက်အင်အားကြီးနိုင်ငံအချို့ မြန်မာနိုင်ငံ၌ ၎င်းတို့ဩဇာနာခံမည့် ရုပ်သေးအစိုးရတင်နိုင်ရေး နိုင်ငံတော်အစိုးရကို ဖိအားပေး အကျပ်ကိုင်နိုင်အောင် နည်းမျိုးစုံသုံးပြီး လုပ်ကြံဖန်တီးလျက်ရှိ ILO ကို မြန်မာ့ပြည်တွင်းရေး စွက်ဖက်နှောင့်ယှက်သည့် နိုင်ငံရေးစင်မြင့်အဖြစ် အသုံးချနေ

မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဧရာဝတီတိုင်း ပုသိမ်မြို့ မြို့တော်ခန်းမတွင် ကျင်းပရာ အခမ်းအနားကို ကြေးမုံကြော်ငြာသံများဖြင့် ရုပ်သိမ်းစဉ်။

(သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၇

ဧရာဝတီတိုင်းအမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၉နာရီတွင် ဧရာဝတီတိုင်း ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒေသစည်းရုံးရေးမှူးနှင့် တာဝန်ရှိသူများ၊ ဧရာဝတီတိုင်းအမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ အောက်ရှိဌာနမှူးများ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ အတွင်းရေးမှူးနှင့် တိုင်း၊ခရိုင်၊မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင်များနှင့်အဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✧